www.burmeseclassic.com

ရွှေထီးမိုး စာပေတိုက်

# မြယ်နှင်းချို

ဆေးတက္ကသိုလ်

## ထင်ချန်းမိုးချိ

2004 design
modern electronic Art co. three

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၁၆၆၇/၂၀၀၃ (၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၅၃/၂၀၀၄ (၂)

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၄၊ ဖေဖော်ဝါရီ

ထုတ်ဝေသူ - ဒေါ်ဖြူနှင်းဝေ (မြလွန်းချိုစာပေ)

အမှတ် (၄၄)၊ ပထပ် (ဝဲ)၊ ၉၁ လမ်း၊

ကန်တော်ကလေး၊ ရန်ကုန်။

အဖုံးနှင့်အတွင်းပုံနှိပ်တိုက် - ဦးမောင်မောင်လွင် (ကဝိရတနာပုံနှိပ်တိုက်)

အမှတ် ၂၀၄၊ လမ်း ၃၀၊ ပန်းဘဲတန်းမြို့နယ်၊

ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း - ကိုယ်သီး (Modern Electronic Art)

အုပ်ရေ - ၅၀၀

တန်ဖိုး - ၅၃ ကျပ်

စီစဉ်သူ - မောင်မောင်ပြေသိကၡာ (ရွှေထီးမိုးစာပေ)


ဗုဒ္ဓံ ဓမ္မံ သံဃံ


**ရွှေထီးမိုး စာပေ**

အမှတ် ၁၇၇၊ (ဒုတိယထပ်)၊ ၁၇ လမ်း။

ဖုန်း-၆၄၁၃၀၄

ဖုန်း-၂၁၂၈၆ လိုင်းခွဲ - ၂၄၀


www.burmeseclassic.com

www.burmeseclassic.com





မြလွန်းချို (ဆေးတက္ကသိုလ်)

# ထစ် ချုန်း မိုး ချို

www.burmeseclassic.com

www.burmeseclassic.com



## အထူးကျေးဇူးတင်ရှိခြင်း

ဤဝတ္ထုကျော့ရှိုးအား ဆယ့်ငါးမိနစ်စာ ပြောပြပေးသော ကိုကြီးကို ကျေးဇူးတင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရှေ့ရှိ စာရွက်ကလေးတွေသည် အားပုံး အစိမ်းရောင်ချည်းဖြစ်သည်။ အားလုံးပေါင်း ဆယ့်ငါးစောင်တိတိ။ စာရွက်တွေပေါ်မှာ ရေးထားသော နေ့စွဲတွေ၊ ပစ္စည်းတွေနဲ့ တန်ဖိုးငွေတွေသည် ကျွန်တော့်ရဲ့ယောက်ျားဂုဏ်သိက္ခာကို တစ်စစီ တစ်စစီ ဆွဲခြေမွလျက်…ဟားတိုက်လှောင်ရယ်နေသကဲ့သို့ ရှိသည်။

မိုးချို…မင်းကို ငါချစ်တယ်လို့ ဘာကြောင့် ပြောခဲ့မိပါလိမ့်။

♦♦♦

ရွှေထီးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၁]

နေရောင်သည် ရန်ကုန်မြို့ပေါ်သို့ ရှူးရှူးရှရှ ဖြာကျနေလေသည်။ လူများစွာသည် နေအပူရှိန်ကို ထီးနဲ့တစ်မျိုး၊ ဦးထုပ်နဲ့တစ်မျိုး ဆောင်းကာ ကာကွယ်လျက် သွားလာနေကြသည်။ ရန်ကုန်မြို့လယ်ရှိ ရှရီလာဟိုတယ်ကြီးအတွင်းမှာတော့ အဲယားကွန်းကြောင့် အေးဆေးနေလေသည်။

နိုင်ငံခြားခရီးသည်တင်ကားတွေ တစ်စီးဆိုက်ရောက်လာတိုင်း ညှိုကြိုဝန်ထမ်းများမှာ ပဋိသန္ထာရစကားများဖြင့် ကြိုဆိုကာ နေရာချထားပေးကြသည်။

ညှိုကြိုကောင်တာရှိ အမျိုးသမီးလေးများအနက် မိုးချိုသည် တခြားသူများနှင့် လုံးဝမတူဘဲ အရုပ်မြင့်မားကာ ကျယ်ပြန့်ပါးလျား



www.burmeseclassic.com

www.burmeseclassic.com



သော နူတ်ခမ်းများနှင့် ထူထဲသောမျက်ခုံးမွေးများကြောင့် ပိုထင်ရှားလေသည်။ မိုးချိုမှာ အလှဆုံးကမျက်လုံးဖြစ်သည်။ ထိုမျက်လုံးများသည် မျက်တောင်စင်းစင်းရှည်ရှည်များ ဝန်းရံကာ မျက်လုံးအိမ်ကပြာသည်။ ထိုမျက်လုံးနှင့် ဖြူသောအသားအရေကြောင့်ပင် မိုးချိုသည် နိုင်ငံခြားသူတစ်ယောက်နှင့် ပိုတူလေသည်။

တရုတ်၊ ပြင်သစ်၊ အင်္ဂလိပ်နှင့် ဂျပန် ဘာသာစကားလေးမျိုးကို ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်သော မိုးချိုသည် ဟိုတယ်ဝန်ထမ်းများအားလုံး၏ စံပြဝန်ထမ်းဖြစ်သည်။

ညှို့ဝတ်ကျေပွန်မှု၊ သွက်လက်ချက်ချာမှုနှင့် ဘာသာစကားတတ်ကျွမ်းမှုတို့သည် မိုးချို၏ ရုပ်ဆင်းအင်္ဂါနှင့်အတူ အရည်အချင်းများဟု တစ်ပါတည်း သတ်မှတ်၍ရနိုင်သည်။

နိုင်ငံခြားသားများနှင့် သွက်သွက်လက်လက် ပြောဆိုနေသော မိုးချိုကို ကျွန်တော် အလုပ်စဝင်ကတည်းက အထင်ကြီးခဲ့သည်။

အသက်နှစ်ဆယ့်ခြောက်နှစ်အရွယ်မှာ ကိုယ့်ဝင်ငွေနဲ့ကိုယ် ကိုယ်ပိုင်ကားစီး၍ ဆဲလ်လူလာကိုင်နိုင်သော မိန်းမမျိုးမှာ ခံစားချက်မဲ့သောမျက်လုံးပြာများရှိနေခြင်းသည် ကျွန်တော့်စိတ်ကို အနှောင့်အယှက်များစွာပေးပါသည်။

မိုးချိုမှာရှိသော အရာအားလုံးကို အမိကလွှမ်းမိုးနေသောအချက်မှာ သူမမျက်နှာပေါ်ရှိ ကိုယ့်ကိုကိုယ် ယုံကြည်မှုပင်ဖြစ်သည်။





ထိုမိန်းကလေးကို ကျွန်တော့်ချစ်သူ ဖြစ်လာလိမ့်မည်ဟု ကျွန်တော် မထင်ခဲ့သော်လည်း သူမရဲ့ချစ်သူဖြစ်ခွင့်ရသောသူသည် ကံအကောင်းဆုံးယောကျ်ားတစ်ယောက်ဖြစ်လိမ့်မည်ဟူ၍ ခန့်မှန်းထားခဲ့မိသည်။

ဒီလိုထက်မြက်မှုရှိတဲ့ မိန်းကလေးမျိုးဟာ အိမ်ထောင်တစ်ခုမှာလည်း ရဲရင့်တဲ့မိန်းမတစ်ယောက် ဖြစ်နိုင်တာပဲ။

သို့ရာတွင် ကျွန်တော် မတွေးခဲ့မိတာလည်းရှိသေးသည်။ ကိုယ့်ဘာသာကိုယ် ဘဝကို ပြုပြင်ဖန်တီးနိုင်သော မိန်းမတစ်ယောက်သည် သူ့ချစ်သူ ယောကျ်ားရဲ့ဘဝကိုလည်း ထိုယောကျ်ားအလိုတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ သူမစိတ်တိုင်းကျဖြစ်ရန် ကတ်ကြေးဖြင့်သော်လည်းကောင်း၊ ဓားဖြင့်သော်လည်းကောင်း ထိုယောကျ်ားလွတ်လပ်ခွင့်ကို သုတ်သင်လိမ့်မည်ဆိုသော အတွေးမျိုးဖြစ်သည်။

သူမဟာ ကျွန်တော့်ဘဝမှာ တစ်ကြိမ်တစ်ခါ ရွာဖူးတဲ့မိုးလည်းဟုတ်ပါရဲ့။ ကျွန်တော်ကိုယ်တိုင် အဲဒီမိုးကို လိုလားတောင့်တခဲ့တာလည်းဖြစ်ပါရဲ့။ ဒါပေမဲ့ အဲဒီမိုးဟာ ထစ်ချုန်းမိုးဖြစ်ခဲ့တယ်။

ကျွန်တော့်ကောင်းကင်တစ်ခုလုံးကို လျှပ်စီးလက်လက်တွေနဲ့ ခြိမ်းခြောက်ပြီး အနိုင်ယူခဲ့တဲ့မိုးလည်းဖြစ်ခဲ့တယ်။

ဒါကြောင့် ငါ ထွက်ပြေးပါရစေတော့ မိုးချို။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဧည့်ကြိုဝန်ထမ်းတစ်ယောက်မို့ မိုးချိုနဲ့ တစ်ဌာနတည်းမှာ တာဝန်ကျသည့်အခါ ကျွန်တော့်အားနည်းချက်များကို မိုးချိုက ဖြင့်ပေးတတ်သည်။ ဟိုတယ်ဧည့်ကြိုဝန်ထမ်းဖြစ်ရန် ကျွန်တော်တို့ သင်တန်းတက်ကြရသေးသည်။ ထိုသင်တန်းအောင်မြင်မှ လုပ်ငန်းခွင်တွင် အမှန်တကယ်ဝင်ရောက်လုပ်ကိုင်ရခြင်းဖြစ်သည်။ သို့ရာတွင် သင်တန်းနှင့်လုပ်ငန်းခွင် ကွာဟမှုအများကြီးရှိပါသည်။ နိုင်ငံခြားသားများနှင့် ပြောဆိုဆက်ဆံရာတွင် အတွေ့အကြုံသည် နံပါတ်တစ်၊ စကားပြောကျွမ်းကျင်မှုသည် နံပါတ်နှစ်ဖြစ်သည်။ ကျွန်တော့်အခက်အခဲကို မိုးချိုက ကောင်းကောင်းနားလည်သည်။

"စိတ်ကိုလျှော့ထား… နိုင်ငံခြားသားတစ်ယောက်နဲ့စကားပြောရတာ စာမေးပွဲဖြေနေရတာမှမဟုတ်တာ…စိတ်တင်းထားပြီး





ကြောက်နေရင် ကိုယ့်ကိုကိုယ် သိမ်ငယ်စိတ်ဝင်လာရော မင်းခရဲ့… ငါဆို အဲဒီကြောက်စိတ်ကို ဖျောက်ထားတယ်…ကြောက်စိတ်က ကောင်းကျိုးမပေးဘူး"

"ကျေးဇူးတင်ပါတယ် မိုးချို"

သူမမျက်လုံးပြာပုံမျိုးက တောက်တောက်ကြီးမဟုတ်ဘဲ ပြာသည်ဆိုရုံလေးဖြစ်သည်။ သူမရင်ထဲမှာရှိနေသောခံစားချက်ကို ထိုမျက်လုံးများက မဖော်ပြနိုင်ပါ။ သူမ စိတ်လှုပ်ရှားမှုကို သူမမျက်နှာပြင်တွင် ဖော်ပြနိုင်သည့်အရာမှာ လေးကိုင်းပုံနှုတ်ခမ်းဖြစ်သည်။ ထိုနှုတ်ခမ်းများ တင်းစေ့နေလျှင် သူမသည် ဒေါသကို ခက်ခဲထိန်းချုပ်ထားပြီး ထိုနှုတ်ခမ်းများ ရယ်နေရင်တော့ သူမ စိတ်ချမ်းသာနေသည်။

"ငါ့ကို မ တပ်မခေါ်နဲ့"

"ဘာဖြစ်လို့လဲ…ခင်ဗျားက ကျွန်တော့်ထက် အသက်ကြီးတာပဲ…ဒါမှမဟုတ် မစ်စ်လို့ ခေါ်ရမလား"

"မင်းခ အသက်ဘယ်လောက်လဲ"

"နှစ်ဆယ့်နှစ်နှစ်"

"ငါ့အသက်က နှစ်ဆယ့်ခြောက်…ဒါပေမဲ့ ငါ့ကို မ,တပ် ခေါ်နဲ့…ငါမကြိုက်ဘူး…ငါ့နာမည် မိုးချိုပဲ…မိုးချိုပဲခေါ်ပေါ့"

"ခင်ဗျားနာမည်က သုံးလုံးမဟုတ်ဘူးလား"

"ဟုတ်တယ်…မိုးချိုလွင်၊ ဒါပေမဲ့ လွင်ဆိုတာ ငါ့အစ်ကို နာမည်ပဲ…ငါ သူ့ကိုမုန်းတယ်၊ ဒါကြောင့် ငါ့နာမည်မှာ သူ့နာမည်



www.burmeseclassic.com

www.burmeseclassic.com



မပါစေချင်ဘူး…ငါ့ကို မိုးချိုလို့ခေါ်တာအကြိုက်ဆုံးပဲ"

"ခင်ဗျားအစ်ကိုက ဆရာဝန်ကြီးဆို…ခင်ဗျားက ဘာလို့ မုန်းတာလဲ"

"နင် သိပ်စပ်စုတာပဲ"

"ဆောရီး"

"ရပါတယ်…ငါနဲ့နင်က တစ်လမ်းတည်းပြန်ရမှာ…နေ့တိုင်း ငါ့ကားနဲ့လိုက်ပြန်လေ…တစ်ယောက်အကြောင်း တစ်ယောက်သိထားတော့ ကောင်းပါတယ်၊ ငါတို့မိသားစုမှာ မာမီနဲ့ ဒယ်ဒီက ဒီမှာမရှိဘူး…ထိုင်ဝမ်မှာနေကြတယ်၊ ငါက တစ်ယောက်တည်းနေတာ…ငါ့အစ်ကိုက ခွဲစိတ်အထူးကုလေ…ယောင်းမက မီးယပ်သားဖွားအထူးကု ယောင်းမနဲ့ငါက တည့်တယ်…အစ်ကိုက မာန်တက်တယ်၊ ငယ်ငယ်ကတည်းက ငါတို့နှစ်ယောက် မတည့်ကြဘူး…ငါ့အစ်ကိုက Type A လူတန်းစားကို အရမ်းကိုးကွယ်တဲ့လူမျိုး…အင်း…ငါ့သူငယ်ချင်းတစ်ယောက်နဲ့ပတ်သက်ပြီးမှ ငါ့အစ်ကိုကို ငါမုန်းသွားတာ…အခု အဲဒီသူငယ်ချင်းက အမေရိကားရောက်နေပြီ…ကွန်ဖူတာတက်ခနီရှန်လေ…သိပ်တော်တယ်…မင်းခ…နင့်အိမ်နားရောက်ရင်ပြောဦး…ငါကျော်သွားရင် ကားပြန်ကွေ့ဖို့ခက်တယ်…လှည်းတန်းက ဒီအချိန်ကားသိပ်ရှုပ်တာ"

"လှည်းတန်းဈေးထဲသာဝင်ချလိုက်…ကျွန်တော့်အိမ်က ဈေးနောက်မှာ"





"နင်ရော မောင်နှမဘယ်နှယောက်လဲ"

"တစ်ယောက်ထဲ"

"တစ်ဦးတည်းသောသားလား"

"ဟုတ်ကဲ့"

"မိဘတွေက ဘာလုပ်လဲ"

"အဖေက ရုံးမှာလုပ်တာ အမေက မှီခိုပဲ"

"သြော်…တကယ့် nuclear type ပဲ၊ ငါတို့မိသားစုလည်း သုံးယောက်ပဲရှိတာ…ငါ ဆယ်တန်းအောင်တော့ မာမီနဲ့ ဒယ်ဒီက ထိုင်ဝမ်မှာပဲ အနေများပြီး ဒီပြန်မလာကြတာ…အစ်ကိုနဲ့ပဲ အတူနေတာဆိုပါတော့၊ အစ်ကိုနဲ့ အဆင်မပြေမှ ငါ့ဟာငါ တိုက်ခန်းဝယ်လိုက်တာ…ငါ ပန်းတန်းရှေ့မှာပဲ ရပ်လိုက်မယ်နော်…အစဉ်ပြေမယ်မို့လား"

"ဟုတ်ကဲ့…ကျေးဇူးပဲနော် မိုးချို"

"You're Welcome ဒါနဲ့ နင့်အိမ်ဖုန်းနံပါတ်ပေးထားဦး ခင်းခ…ရော့…ငါ့လိပ်စာကတ်ဒ် see you နော်"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေ့ခွင်တွင် သူမအကူအညီကြောင့် ကျွန်တော် အများကြီးတိုးတက်ခဲ့သည်။ ကျွန်တော့်ကို သူမက အနာဂါတ်နှင့်ပတ်သက်၍လည်းစပ်စုသည်။

"နင် ဒီလိုဈေးကြီးပဲ လုပ်မှာလား"

"ဗျာ"

"ဩော်…တစ်သက်လုံး ဒါပဲလုပ်မှာလားမေးတာ…ဥပမာကွာ…ဆရာဝန်တစ်ယောက်ဟာ မသေမချင်း ဆေးကုစားနေရသလိုပေါ့…နင်လည်း ဟိုတယ်ဈေးကြီးပဲ အမြဲလုပ်တော့မှာလား"

"ကျွန်တော် ဟိုတယ်လုပ်ငန်းကို စိတ်ဝင်စားပါတယ်၊ ဒါပေမဲ့ Job Creations အပိုင်းကို ပိုစိတ်ဝင်စားတယ်…အမြဲမလုပ်ဖြစ်လောက်ပါဘူး မိုးချိုရာ"





"ငါလား…ငါက ဟိုတယ်မှာ အလုပ်လုပ်ရတာကို သိပ်သဘောကျတာ…ဒါ Communication (လူထုဆက်သွယ်ရေး) ရဲ့ အခြေခံပဲ…လူမှုပတ်ဝန်းကျင်ထဲမှာ အမြဲပြုံးပြီး လုပ်နေရတဲ့အလုပ်မို့ ငါရွေးချယ်ခဲ့တာ…ငါ ဟိုတယ်မန်နေဂျာဖြစ်ချင်သေးတယ်…ဒီလောက်ကြီးတဲ့ဟိုတယ်ကြီးတစ်ခုလုံးကို စီမံခန့်ခွဲနိုင်ဖို့ ငါအောက်ခြေကစပြီး အလုပ်ဝင်လုပ်တာ…ကိုယ့်နိုင်ငံကို လာလည်တဲ့လူတွေကို စိတ်ကျေနပ်မှုပေးနိုင်တဲ့ ကြယ်ငါးပွင့်အဆင့်လောက် ဟိုတယ်ကြီးတစ်ခုလည်း ပိုင်ချင်သေးတယ်"

"ဟား…ကျွန်တော်တောင် လိုက်မမှီတော့ဘူး"

"ငါက ပြောပြီးလုပ်တဲ့လူမျိုးဟ…ချိန်းပြီးတကယ်ရွာတဲ့မိုးလိုပေါ့…ငါ့အမေဆီက အဲဒီစိတ်ဓာတ်အမွေရတာပဲ…မာမီက အရမ်းပိုက်ဆံရှာတယ်…စက္ကန့်တိုင်းဟာ ငွေဖြစ်နေရမယ်…ဒီလိုရိုက်သွင်းပေးခဲ့တာ"

"ခင်ဗျားအနေအထားနဲ့ ငွေတွေဖုံးပေါလအောရတော့ရော ဘာလုပ်မှာလဲ မိုးချို"

"ပိုင်ဆိုင်မှုဆိုတာ လုပ်ငန်းနဲ့တွက်ရတယ် မင်းခရဲ့"

သူမပြောတာ ကျွန်တော် သိပ်နားမရှင်းပါ။

"မင်းစီးပွားရေးလုပ်တယ်ဆိုပါစို့…ဥပမာ အစမှာ မင်းကွန်ပျူတာတစ်လုံးပိုင်မယ်…နောက်ထပ် အလုပ်ဝယ်နိုင်မယ်၊ အဲဒီအတွက် လူငှားမယ်…အဲသလိုမျိုးကခေတ်ရဲ့လုပ်ငန်းကျယ်ပြန့်တာအောင်

ဘပေ



www.burmeseclassic.com

www.burmeseclassic.com



တခြားအပိုင်းတွေပါ ခွဲဆန့်ရမှာပေါ့…ဒါ စီးပွားရေးသဘောတရားပဲ…တစ်ကျပ်ကနေ တစ်သောင်းမြတ်ဖို့မလိုဘူး…တစ်ကျပ်ကနေ တစ်ရာရမယ်…အိုကေ…အဲဒီတစ်ရာကို ဖြန့်ပြီး ထပ်ရင်းရမယ်…ထပ်တလဲလဲ ရင်းနှီးမြှုပ်နှံတာ…ဒါမှ မင်းဟာ ကျယ်ပြန့်တဲ့လုပ်ငန်းရှင် ဖြစ်လာမှာပေါ့…နို့မို့ အလုပ်လုပ်တယ်…ရတာနဲ့ အိမ်ဝယ် ကားဝယ် ပြီးတော့ အလုပ်က မကျယ်ပြန့်ဘူး…ဘယ်လိုလုပ် ပိုင်ဆိုင်မှု ကြီးကြီးမားမားရှိမလဲ…အဲဒါ စီးပွားရေးရဲ့ အခြေခံသဘောတရားပဲ"

"ကျွန်တော်တို့နဲ့ကွာတာတော့အမှန်ပဲ…ကျွန်တော်ဆိုရင် လူချမ်းသာချင်တာပဲရှိတယ်…အဲသလောက်ထိ မတွေးဘူး…ရမယ်လည်းမထင်ဘူး"

"မင်း ငယ်ပါသေးတယ်"

သူမက ကျွန်တော့်ဆီ ညဘက် ရံဖန်ရံခါ ဖုန်းဆက်တတ်သည်။ ပြီးတော့ ကျွန်တော်တို့နှစ်ယောက် သူမကားနဲ့ မြေနီကုန်း ဒဂုံစင်တာမှာ အင်တာနက်ကဖေးသွားထိုင်ကြသည်။

ရှေ့ပြေးလွန်းတဲ့ သူမနားမှာနေရတာ လွန်းပျံတစ်စင်းနဲ့ လိုက်တမ်းပြေးတမ်းကစားနေရသလိုပါပဲ။ ကော်ဖီတစ်ခွက်ဘေးမှာထားကာ အင်တာနက်ထဲဝင်ပြီး စီးပွားရေးသတင်းတွေ ဖတ်တတ်သောသူမသည် ကျွန်တော့်ကို ထိုအချိန်မျိုးမှာ သတိတောင်မရ။ ကျွန်တော်ကတော့ Site တွေ လျှောက်ကြည့်ကာ သူမကို မသိမသာငေးကြည့်မိသည်။ ည ၁၁ နာရီထိုးမှ ပိတ်သောကြောင့် သူမနဲ့ ကျွန်တော်သည် ည ၁၁ နာရီကျော်ခန့်ထိ ညတိုင်း အတူတူရှိနေတတ်လေသည်။

ရွှေထီးမိုးစာပေ



Surf N Surf ကအပြန်မှာ သူမကို မေးကြည့်မိသည်။

"မိုးချို…တစ်ညကို တစ်သောင်းလောက် အကုန်ခံတာ ဘာတွေရလဲ"

"Cybercafe မှာ အင်တာနက် ဝင်ကြည့်တာတန်တယ် မင်းခရဲ့၊ အိမ်မှာဆို ဒီမှာလောက်အဆင်မပြေဘူး…ဒီမှာ တစ်နာရီ တစ်ထောင်ဝန်းကျင်ပဲ…ဘာတွေရလဲဆိုတော့ နည်းပညာပေါ့…ကိုယ်လိုချင်တဲ့ Information (သတင်းအချက်အလက်) ကို လာယူတဲ့ သဘောပါပဲ…မင်းအိမ်မှာ ကွန်ပျူတာရှိလား"

"မရှိဘူး"

"ဒါဆို…မင်း လူဖြစ်ရှုံးတာပဲ…အိမ်တစ်အိမ်မှာ တီဗွီ၊ ရေခဲသေတ္တာရှိတာဟာ လူစဉ်မှီတယ်မခေါ်နိုင်ဘူး…ကွန်ပျူတာတစ်လုံးတော့ ရှိသင့်တယ်၊ နိုင်ငံတကာမှာ ဘာတွေဖြစ်နေလဲ…ဘယ်လိုတိုးတက်နေလဲ…ခေတ်နဲ့လိုက်ပြီး လူဆိုတာ Advanced ဖြစ်ရမယ်"

"ကျွန်တော့်ကို စာသင်နေတာလား"

"ငါ ဆရာလုပ်တာမဟုတ်ဘူး…အင်း…နင်လည်း ငါ့အစ်ကိုလိုပါပဲ…တူတူပါပဲ…နင်တို့ယောကျ်ားတွေ…"

တစ်ခါတလေ သူမ ပြောတာတွေ ကျွန်တော် နားမလည်။ ဘာတွေပြောချင်မှန်းမသိ ပြောနေတတ်သည်။ အဲဒီအခါ ကျွန်တော် စိတ်မဝင်စားတတ်ပါ။

◆ ◆ ◆

ရွှေထီးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ဟိုတယ်မှာ ကုမ္ပဏီအကြီးကြီးတွေ မကြာခဏ အစည်းအဝေးလုပ်တတ်ကြသည်။ မိုးချိုနဲ့ ကုမ္ပဏီတော်တော်များများက လူကြီးတွေ ခင်မင်ကြတာတွေ့တော့ ကျွန်တော် သိပ်တော့ မအံ့ဩတော့ပါ။ မိုးချိုအကြောင်း ကျွန်တော် ကောင်းကောင်းသဘော ပေါက်နေပြီ။ အလုပ်နဲ့ပတ်သက်ရင် လောဘကြီးတဲ့မိန်းမပဲ။

"မင်းခ…ဒါ စင်ကာပူနဲ့ မြန်မာ သိုးမွေးထည်ကိုယ်စား လှယ်ကုမ္ပဏီပိုင်ရှင် မစ္စတာ ရာစင်ဂါတဲ့…အိန္ဒိယလူမျိုးလေ…ဒါက တော့…ကျွန်မ သူငယ်ချင်းပါ မင်းခတဲ့၊ သူက Job Creation တွေ စိတ်ဝင်စားတဲ့လူငယ်တစ်ယောက်ပါ"

"တွေ့ရတာဝမ်းသာပါတယ် မစ္စတာမင်းခ…ဒါ ကျွန်တော့် လိပ်စာကဒ်ပါ…အကူအညီလိုတာရှိရင် ပြောပါ"





နောက်မှ ကျွန်တော် သိရသည်မှာ မိုးချိုမိခင်သည် ထိုင်ဝမ် နိုင်ငံရဲ့ အကြီးကျယ်ဆုံး စီးပွားရေးအုပ်စုထဲမှ အဖွဲ့ဝင်တစ်ယောက် ဖြစ်၍ မိုးချိုကို စီးပွားရေးလုပ်ငန်းရှင်များ သိကျွမ်းနေကြခြင်းဖြစ်သည်။ မိုးချိုကြောင့် ကျွန်တော် လူကြီးလူကောင်းများစွာနှင့် ခင်မင်ခွင့်ရခဲ့ သည်။

ဘာပဲဖြစ်ဖြစ် ဘဝသည် အပြောင်းအလဲဖြစ်စပြုလာတာကို သတိထားမိသည်။

ကျွန်တော်တို့နှစ်ယောက်ကြားမှာ အဲဒီအချိန်ထိ အချစ်ဆိုတာ ရှိမလာဘဲ အရင်းနှီးဆုံး မိတ်ဆွေအဆင့်သာရှိသေးသည်။ ကျွန်တော့် မိဘများကတော့ သတိထားစရာ ပြောလာခဲ့သည်။

"ဖေကြီးကတော့ သားသဘောပါပဲ…ဒါပေမဲ့ သားကိုပဲ လူထင်ပြီး မိဘတွေကို လူမထင်တဲ့ ချွေးမမျိုးမလိုချင်ဘူး"

"သူနဲ့ ကျွန်တော် ဘာမှမဖြစ်သေးပါဘူး ဖေကြီးရာ"

"မင်းမေကြီးနဲ့က ပြေလည်မှာမဟုတ်ဘူး မင်းခ…ဖေကြီးက ဘာမှမဖြစ်ဘူး…မိန်းမတွေက သဘာဝချင်းတူတော့ ဘယ်တော့မှ မတည့်ဘူးကွ၊ အဲဒီမိန်းကလေးကြည့်ရတာ တော်တော်ချမ်းသာမဲ့ပုံပဲ"

"ဟုတ်တယ်…သူ့မိဘတွေက နိုင်ငံခြားမှာလေ၊ အစ်ကိုက လည်း ဆာဂျင်ပဲ…သူက သူ့ဝင်ငွေနဲ့သူ ရပ်တည်နေတာပါ…မိဘ ချမ်းသာပေမဲ့ သူ့ဟာသူပဲ အားကိုးချင်တဲ့ မိန်းကလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ရှာပါတယ်...ဒါပေမဲ့ တော်တိုင်း မယားကောင်း မဖြစ်နိုင်ဘူး"

"ဖေကြီးကလဲ"

"တော်တဲ့မိန်းမဆိုတာ သူ့ဘဝကို တခြားတစ်ယောက်ခြေရင်းမှာ ဘယ်တော့မှ မမြှုပ်နှံဘူး သား...အိမ်ရှင်မကောင်းဆိုတာ လင်နဲ့သားအတွက် ဘဝကို မြှုပ်နှံထားနိုင်တယ်၊ ဒါကြောင့် မိန်းမများတော်လေ ချစ်ဖို့မကောင်းလေပဲ...ခေါ်နဲ့တူတဲ့ မိန်းမနားမှာနေရင် မင်း ခေါ်ရှုတော့ခံရမှာပဲ...ဖေကြီးက အရှည်ကိုမြင်တယ် ငါ့သား"

"ဖေကြီးကလည်း..."

"မေကြီးက ပြဿနာကွ၊ ဖေကြီးကလည်း မလုပ်နဲ့ သား... မေကြီးက အဲဒီကလေးမနဲ့ မင်း ထွက်သွားတာကြည့်ပြီးရင် ဖေကြီးကို စကားတစ်ခွန်းမှမပြောဘဲ ငြိမ်နေတော့တာပဲ...ဘာတွေစဉ်းစားနေလဲမသိပါဘူး...မင်း ဘာပဲလုပ်လုပ် မေကြီးကိုတော့ ထည့်စဉ်းစားသင့်တယ်"

ကျွန်တော့် အဖေနှင့်အမေ နှစ်ယောက်လုံး တစ်ဦးနှင့်တစ်ဦး ချစ်ခင်မြတ်နိုးပြီးမှ လက်ထပ်ခဲ့ကြခြင်းဖြစ်သည်။ အမေက အဖေ့အပေါ်တွင် အမြဲတစေ လွှမ်းမိုးချုပ်ကိုင်ထားပြီး အဖေကတော့ အမေ့ကို ချစ်ခြင်းကြောင့် ဘာမဆို သူ့ဆန္ဒကို လည်ချောင်းထဲမှာပဲ မျိုချလေ့ရှိသောလူဖြစ်သည်။ ကျွန်တော် ငယ်ငယ်ကတည်းက ဖေကြီး





သည် မေကြီး အသံတစ်ချက်မှာတာနှင့် မေကြီး မကြိုက်တာ ဆက်မလုပ်ရဲတော့ပေ။

"ဖေကြီးက အမြဲ မင်းမေကြီးကိုပဲ ဦးစားပေးခဲ့တာ၊ ငါတို့နှစ်ယောက် လက်ထပ်ဖြစ်ခဲ့တာ အခက်အခဲတွေ သိပ်များတယ် သားရဲ့...ဘာသာမတူတာကတော့ အဓိကပေါ့လေ၊ ဖေကြီးကိုယူလို့ သူ့အိမ်က စွန့်ပစ်တာ ခံရသေးတယ်...ဒီလောက်အဆုံးအရှုံးတွေနဲ့ ဖေကြီးကိုယူခဲ့တဲ့ မင်းမေကြီးဟာ ဖေကြီးနဲ့ရပြီးတဲ့နောက်မှာလည်း တော်တော် ချို့ငဲ့ခဲ့တာ...ဒါကြောင့် ဖေကြီးက သူ့ကို အရမ်းကျေးဇူးတင်တယ်...သူဆိုးတာမှန်သမျှ သည်းခံခဲ့တယ်၊ သားကိုလည်း ဖေကြီးလိုပဲ ဖြစ်စေချင်တယ်...ဖအေတစ်ယောက်အနေနဲ့ ဒီလိုပြောတာ အတ္တတော့ကြီးရာကျတယ်ပေါ့လေ...ဒါပေမဲ့ သားခေါင်းထဲမှာ မေကြီးဟာ ဖေကြီးနဲ့ သားအတွက် သာမန်မိန်းမတစ်ယောက် လုံးဝမလုပ်နိုင်တဲ့ စွန့်လွှတ်မှုမျိုးနဲ့ အသက်ဆက်ရှင်နေတာတော့ သိထားရမယ်...ချမ်းသာမှုတွေအားလုံး စွန့်လွှတ်ထားတဲ့ မင်းမေကြီး မက်မောတာ ချစ်ခြင်းမေတ္တာနဲ့ ဂရုစိုက်မှုပဲ သား...သူ့အတွက် ငွေက အရေးမကြီးဘူး...မင်းနဲ့ငါကပဲ သူ့အတွက် အရေးကြီးတာ"

ကျွန်တော်သည် တစ်ဦးတည်းသောသားပီသစွာ ဖေကြီးနဲ့ မေကြီးရဲ့ တရားလွန်ချစ်ခင်မှုကိုတော့ရခဲ့သည်။ ကျွန်တော့်ကို မေကြီးက ပိုချစ်သည်။ ဖေကြီးကတော့ ဗုဒ္ဓဘာသာပီပီ ကျွန်တော့်ကို ချစ်ရာမှာ ရောင့်ရဲတင်းတိမ်ခြင်းရှိပြီး မေကြီးကတော့ ကျွန်တော့်ကို လောဘ



www.burmeseclassic.com

www.burmeseclassic.com



တကြီး ချစ်သည့်မိန်းမမျိုးဖြစ်သည်။

မေကြီးရဲ့ ထူးခြားချက်မှာ မိုးချိုနှင့်ပတ်သက်၍ ဘာမှမပြောသေးခြင်းပင်ဖြစ်သည်။ မိုးချို ဖုန်းခေါ်လျှင် သူမျက်နှာသိပ်မကောင်းဘဲ "သားရေ…မိုးချို" ဟု ခေါ်ပေးကာ မလှမ်းမကမ်းမှာ စာထိုင်ဖတ်တာမျိုးကလွဲရင် ဘာမှမစပ်စု။

ဖေကြီး သတိပေးတာကိုတော့ ကျွန်တော် သတိထားရပါသည်။ တကယ်ပင် ကျွန်တော့်မေကြီးဘဝမှာ ကျွန်တော်နှင့် ဖေကြီးကလွဲ၍ တခြားပိုင်ဆိုင်မှုဥစ္စာ ဘာမှကြီးကြီးမားမား မရှိသေးပေ။

တစ်နေ့မှာ မေကြီးနဲ့ ဖေကြီးကို ကိုယ်ပိုင်ကား ကိုယ်ပိုင်တိုက်နှင့် ကျွန်တော် ထားချင်သေးသည်။

ဤကား ကျွန်တော့်နောက်ဆုံးရည်မှန်းချက်ဖြစ်သည်။

ယခု ကျွန်တော်တို့နေရတာ အိမ်ငှားနေရတာဖြစ်သည်။

ကျွန်တော့်လစာနှင့် ဖေကြီးလစာသည် လူတန်းစေ့ စားနိုင်သောက်နိုင်ရုံပဲဖြစ်သည်။ မိုးချို ကားမောင်းနေတာကြည့်လျှင် ကျွန်တော်ကိုယ်တိုင် မောင်းသောကားကို ကျွန်တော့်ဖေကြီးနဲ့ မေကြီးအား တင်စီးချင်စိတ် အမြဲပေါ်လေ့ရှိသည်။

ကျွန်တော့်ကမ္ဘာလေးမှာ ပြီးပြည့်စုံတဲ့ အဆင့်အတန်းတစ်ခုကိုရဖို့ ဖေကြီးနဲ့ မေကြီးရဲ့ မေတ္တာကို ကျွန်တော့်ဘဝတစ်လျှောက်လုံး လိုအပ်နေမှာဖြစ်သည်။

♦ ♦ ♦





လုပ်ငန်းခွင်တွင် ပထမဆုံးအမှားကို မြလုပ်မိသူတိုင်း ကျွန်တော့်လို ရှည်ကြာစွဲမြဲသော ရက်နာမျိုးခံစားကြရမှာပဲဖြစ်သည်။

ညွှန့်ကြိုဆိုတာ နိုင်ငံအမျိုးမျိုးရဲ့ ဓလေ့ထုံးတမ်းများကို သိနားလည်ရန်လိုအပ်သည်။ အခြေခံသဘောတရားဖြစ်သည်။ သို့သော် ကျွန်တော် သတိလစ်သွားမိသည်က အိန္ဒိယအမျိုးသမီးများစွာတို့သည် ဘာသာတရားထိန်းချုပ်သည့်ဓလေ့ကို ပြင်းပြင်းထန်ထန် လိုက်နာတတ်ကြသည့်အလေ့ကို ဖြစ်သည်။

မိုးချိုကို မစ္စတာ ရာစင်ဂါက သူတို့ကုမ္ပဏီနှစ်ပတ်လည်နေ့ညစာစားပွဲဖိတ်ရာ ကျွန်တော်ပါ လိုက်ပါခွင့်ရသည်။ မစ္စတာရာစင်ဂါသည် မွတ်ဆလင်လူမျိုးဖြစ်ရာ သူ့အမျိုးသမီးကို ကျွန်တော်မှ လက်ဆွဲနှုတ်ဆက်ပိုင်ခွင့်မရှိချေ။ သူက လက်ကမ်းပေးမှသာ နှုတ်ဆက်ပိုင်ခွင့်ရှိသည်ကို ကျွန်တော် မေ့သွားတော့ အယောင်ယောင်အမှားမှား



www.burmeseclassic.com

www.burmeseclassic.com



နှင့် မိုးချိုမိတ်ဆက်ပေးသည့်အခါ လက်ကို ကမ်းပေးမိသည်။ သို့သော် မစ္စတာရာစင်ဂါ၏ အမျိုးသမီးက ခေါင်းညိတ်ရုံသာညိတ်ပြပြီး Hello ဟု နှုတ်ဆက်သောအခါ ဟိန္ဒူအမျိုးသမီးတစ်ဦးကို လက်အုပ်ချီ၍ namaste ဟု နှုတ်ဆက်ရန် ကျွမ်းကျင်သလို အမေရိကန်လူမျိုးတစ်ဦးနှင့်လည်း ပွေ့ဖက်နှုတ်ဆက်ရန် ရဲရင့်တတ်သောမိန်းမဖြစ်သည်။

အပြန်လမ်းတွင် ကျွန်တော့်စိတ်သည် ရှက်၍မှာနေလေသည်။ မိုးချိုက...

"မင်း ဧည့်ကြိုတစ်ယောက်လုပ်နေတာ ဒါလောက်ကို သတိမလစ်သင့်ဘူး" ဟု အပြစ်တင်သောအခါ ပို၍ရှက်မိသည်။

မိန်းမတစ်ယောက်ရှေ့တွင် ရှက်ရွံ့ရသောအဖြစ်ဟာ ဘယ်လောက်ဆိုးဝါးပါသလဲ။ ကျွန်တော့်နေရာတွင် ရှိနေပါက ကျွန်တော့်အဖြစ်ကို ကိုယ်ချင်းစာနိုင်ပေလိမ့်မည်။

"ဆောရီး မင်းခ...ငါ နင့်ကို အပြစ်တင်တာမဟုတ်ဘူး၊ ဒါပေမဲ့ ကိုယ်လုပ်လိုက်တဲ့အလုပ်ဟာ မှန်တယ်ဆို အဲဒီအမှန်ကို လက်ခံရမယ်၊ အဲသလိုပဲ မှားရင်လည်း ပတ်ဝန်းကျင်က ထောက်ပြတာကို လက်ခံစေချင်တယ်၊ အဲဒါ သတ္တိရဲ့ အခြေခံသဘောတရားပဲ၊ အမှန်တွေ အမှားတွေက ထွက်ပြေးဖို့ ဘယ်တော့မှမကြိုးစားနဲ့ကွ...မှားရင် အဲဒီအမှားကနေ သင်တတ်ရမယ်...ဪ...သန်ဘက်ခါမှာ ရွှေဝတ်ရည်ကုမ္ပဏီကနေ နိုင်ငံခြားသားခရီးသည် အယောက် ၁၀၀ အတွက် ဟိုတယ်မှာ Booking လာလုပ်လိမ့်မယ်"





"ကျွန်တော်နဲ့ဆိုင်လို့လား မိုးချို"

"အဲဒီ အယောက် ၁၀၀ ထဲမှာ စီးပွားရေးလုပ်ငန်းရှင်တွေ တော်တော်များများပါလာတယ်၊ ငါ့ဒယ်ဒီလည်းပါလာမယ်လို့E-mail ပို့ထားတယ်၊ အဲဒါ နင်နဲ့တွေ့ပေးချင်တယ်"

ကျွန်တော် သူမမျက်နှာကို အံ့ဩစွာ ကြည့်တော့ ကားမောင်းနေရာကနေ လှည့်၍ ပြုံးပြသည်။

"ငါပြောပြဖို့လိုသေးတာ...ငါ့ဒယ်ဒီက ငါ့ရဲ့ Boyfriend ကို သိပ်စိတ်ဝင်စားနေတယ်ဆိုတာပဲ"

"ကျွန်တော်က..."

"ဟုတ်တယ်လေ နင်က ငါ့ရဲ့ Boyfriend ပေါ့...ဟိုတယ်မှာ ဝန်ထမ်း ဒီလောက်များတာ...ငါ နင့်လို ဘယ်သူ့ကို အရေးပေးဖူးလို့လဲ...မိုးချိုဟာ ကိုယ်စိတ်မဝင်စားတဲ့လူကို ခေါင်းထဲ ဘယ်တော့မှထည့်တဲ့ မိန်းမမျိုးမဟုတ်ဘူး...နင့်ကို ငါ လက်ထပ်ခွင့်တောင်းနေတာတော့မဟုတ်ဘူး မင်းခ...ငါ နင့်အတွက် ဒီထက်မြင့်တဲ့ Job တစ်ခု ဖန်တီးပေးချင်တယ်၊ နင် ဒီနေ့ နေရတဲ့အဆင့်အတန်းကို ငါ သဘောမကျဘူး၊ ဒါပေမဲ့ Job ကို ငါကိုယ်တိုင်ပဲ ရှာပေးချင်တယ်"

သူမစကားထဲတွင် စိုးမိုးသောအရိပ်အယောင်များစွာ ယှက်သန်းလျက်ရှိသည်။ ကျွန်တော့်မှာတော့ အံ့ဩကာ ကြက်သေသေလျက်ရှိသည်။

"ငါကတော့ ဒီဟိုတယ်မှာပဲ ဆက်ရှိနေမယ်၊ ငါ့ရဲ့ ရည်မှန်း



www.burmeseclassic.com

www.burmeseclassic.com



ချက်အတွက် ဒီလုပ်ငန်းခွင်ကနေ ငါပညာသင်ရဦးမယ်၊ ဒါပေမဲ့ နင်ကတော့ နင့်ဘဝပြည့်စုံဖို့အတွက် လစာပိုကောင်းတဲ့အလုပ်တစ်ခုကို လုပ်ရမယ်…ကြားလား မင်းခ၊ ကဲ…Goodnight အိပ်မက်လှလှ မက်ပါစေ"

ညတစ်ညလုံး အိပ်ရာမဲ့ လူးလူးလိမ့်လိမ့်ဖြင့် ကျွန်တော် စဉ်းစားနယ်ချဲ့မိသည်။ မိုးချိုဟာ ကျွန်တော်တို့ ပတ်ဝန်းကျင်က လူတွေထဲမှာတော့ Advanced ဖြစ်လွန်းတဲ့ မိန်းမတစ်ယောက်ဖြစ်သည်။

မိုးချိုလို ဘယ်သူမှ ရည်မှန်းချက်အကြီးကြီးမရှိ။ ရှိသည့်တိုင်အောင် မိုးချိုလို အမင်ပန်းမခံနိုင်။ မိုးချိုသည် ဘဝအောင်မြင်မှုလမ်းပေါ်မှာ အမြဲပြေးနေသောမိန်းမဖြစ်သည်။

◆ ◆ ◆





ကျွန်တော့်သူငယ်ချင်း နိုင်ဦးက ဟိုတယ်အရက်ဘားမှ ဝန်ထမ်းတစ်ဦးဖြစ်သည်။ နိုင်ဦးနှင့် ကျွန်တော်သည် ဒီဟိုတယ်မှာ အလုပ်အတူဝင်လုပ်စဉ်ကတည်းက စတွေ့ခဲ့ကြခြင်းဖြစ်ပြီး လုပ်ငန်းခွင် ကွဲပြားသွားသောကြောင့်သာ မတွေ့ဖြစ်ခြင်းဖြစ်သည်။ နိုင်ဦးနဲ့ကျွန်တော် စကားပြောချင်သည်ဟု ဖုန်းဆက်ခေါ်တော့ သူက အလိုက်သိသည်။

"မင်းသတင်းကတော့ မွှေးနေတာပဲ"

သူ့စကားအရ ကျွန်တော်ပြောမည့်သတင်းကို သူကြိုတင်သိနေပုံရသည်။

"အခြေအနေက မင်းတို့ထင်သလိုမဟုတ်ဘူး"

"ဟုတ်လိုက်တော့…မင်း နစ်နာမှာလား"



www.burmeseclassic.com

www.burmeseclassic.com



“မင်းက ဘယ်လိုကြားထားလို့လဲ”

“မင်းကို သူ့ကားနဲ့တင်ခေါ်ကတည်းက ငါတို့ဆီသတင်းရောက်ပြီးသားပဲ...မိုးချို သူ့ကားပေါ်တင်ခေါ်တဲ့ လူထဲမှာတော့ မင်းက ဒုတိယမြောက်ပေါ့”

ထိုစကားသည် ကျွန်တော့်မာနကို မီးတို့သည့်နှယ် စပ်ဖျင်းဖျင်းဖြစ်သွားသည်။ ကျွန်တော့်အားနည်းချက်မှာ ဟန်မဆောင်တတ်ခြင်းပင်ဖြစ်သည်။ ထိုဟန်မဆောင်တတ်ခြင်းနှင့်အတူ အားနာတတ်ခြင်းကလည်း ကျွန်တော့်ရောဂါတစ်ခုပင်ဖြစ်သည်။

“မင်း စိတ်ဆိုးသွားလား မင်းခ”

“ရပါတယ်”

“မိုးချိုရဲ့ ပထမရည်းစားက...အင်ဂျင်နီယာတစ်ယောက်ပဲ၊ မိုးချိုအစ်ကိုနဲ့ သူငယ်ချင်းလို့ပြောကြတာပဲ၊ မိုးချိုဘဝမှာ လျှို့ဝှက်ဖုံးကွယ်ထားတာတွေအများကြီးပဲ မင်းခ၊ ဘယ်သူမှ သူ့အကြောင်း ဂဃဏနမသိကြဘူး၊ မင်းကိုတော့ သူ့အိတ်ထဲထည့်ထားနိုင်လိမ့်မယ်လို့ သူ ထင်ထားပုံရတယ်၊ မင်းတို့အခြေအနေက ငါမသိသေးပေမဲ့ မိုးချိုက ယောကျ်ားတွေသဘောကျလောက်တဲ့မိန်းမတစ်ယောက်ပဲ၊ ဘာသဘောမတူစရာရှိသလဲ...မင်းကြိုက်ရင် အဆင်ပြေပြီပဲ”

“ငါကတော့ ဒီလိုမျိုးနဲ့ သူ့ဖန်တီးတာ မခံချင်တာတော့ ရှိတယ်...အခြေအနေတွေက သူပဲဖန်တီးတာ”

“အခုရော”





“အခု...သန်ဘက်ခါ သူ့အဘိုးကြီးညည်းညည်တွေနဲ့ ပါလာသိမ့်မယ်တဲ့”

“ဩော်...တောင်ကြီးအင်းလေးတက်မဲ့အဖွဲ့ထင်တယ်”

“အင်း...ငါ့ကိုပေးတွေ့မယ်လို့ပြောတယ်”

“မင်းကိုပေးတွေ့တော့ မင်းကမတွေ့ချင်တဲ့သဘောလား”

“ဘာမှမဟုတ်သေးတော့...”

“ဒါ သူဖန်တီးတာပဲ”

“ငါက တစ်မျိုးကြီးပဲကွာ”

ကျွန်တော့်ပခုံးကိုပုတ်ကာ သူက အားပေးသည်။

“မင်းဆီ တည့်တည့်မတ်မတ်ရောက်လာတဲ့ ရွှေရောင်မြှားလေးကို အစူးခံကြည့်လိုက်ပါကွာ..အနည်းဆုံး သွေးထွက်ရှံ့အပြင် ဘာဖြစ်မှာလဲ”

မိုးချိုဟာ ရွှေရောင်မြှားတစ်စင်းနဲ့ တကယ်တူပါသည်။

လျင်မြန်လွန်းသည်။

လှပလွန်းသည်။

ကျွန်တော့်အတွက် တန်ဖိုးလည်းသိပ်ကြီးသည်။ သွေးထွက်ရှံ့အပြင် နောက်ထပ် ဘာဖြစ်မှာလဲဆိုတာကိုတော့...

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



မိုးချိုအဖေ မရောက်လာခင် ကျွန်တော်တို့ဟိုတယ်မှာ ဖက်ရှင်ပြပွဲတစ်ခုရှိတာမို့ အလုပ်တွေရှုပ်နေကြလေသည်။ ပြပွဲက သတို့သမီး၊ သတို့သားဝတ်စုံတွေပြပွဲပြီးတော့ မင်္ဂလာပွဲအတွက် ဟိုတယ်မှ ပေးနိုင်သော အကောင်းဆုံးဝန်ဆောင်မှုအတွက် ပရိုမိုးရှင်းလုပ်သည့်ပွဲ။

မိုးချိုရော ကျွန်တော်ပါ ဧည့်သည်တွေ နေရာချထားပေးရေးအတွက် အလုပ်တွေ ရှုပ်နေလေသည်။ အလုပ်ပင်ပန်းသော်လည်း ကိုယ့်ဟိုတယ်နာမည်ကောင်းကျန်ဖို့အတွက် ပင်ပန်းရတာမို့ ပင်ပန်းတယ်ဟုမထင်။

ပြပွဲရဲ့ရလာဒ်က ကောင်းလှသည်။ ပြပွဲပြီး၍ ညနေမှာပင် မင်္ဂလာဧည့်ခံပွဲအစီအစဉ်များအတွက် ကြိုတင်ရက်ချိန်းများစွာ ရရှိခဲ့သည်။





ပြီးတော့ ဟိုတယ်တစ်ခုလုံးရှိ ဝန်ထမ်းများကိုလည်း ဘောနပ်စ်များပေးသဖြင့် အားလုံးပျော်ရွှင်ကြရသည်။ ပျော်ရွှင်မှုအထိမ်းအမှတ်အဖြစ် ကျွန်တော်တို့သူငယ်ချင်းတွေစုကာ စားသောက်ဆိုင်မှာ ဘာရာအိုကေ ဆိုကြသည်။ စားကြသောက်ကြသည်။ မိုးချိုသီချင်းဆိုမဲ့အလှည့်မှာ အားလုံးငြိမ်သွားကြတာကတော့ထူးဆန်းသည်။

သီချင်းမဆိုမီ မိုးချိုက…

"ငါက သီချင်းတော့ သိပ်မဆိုတတ်ဘူး…ဒါပေမဲ့ တစ်ပုဒ်လောက်တော့ ဆိုမှာပါ…ဆိုပြီးရင် ဝိုင်းမဟားကြနဲ့…ဒါပဲနော်"

ထိုညလောက် မိုးချိုအသံ နူးညံ့ပြီး မျက်နှာအပြစ်ကင်းတာမျိုး မရှိခဲ့ချေ။

နှုတ်ခမ်းများက ပြုံးရယ်နေပြီး ကျွန်တော့်ကိုကြည့်ကာ တစ်ချက်ပြုံးပြသည်။ မိုးချိုအသံသည် အင်္ဂလိပ်သီချင်းနဲ့ ပိုလိုက်ဖက်လှသည်။ Power of love က တစ်ပုဒ်တည်းကိုပဲ ဆိုသွားသည်။ သီချင်းအဓိပ္ပာယ်ကိုက ခွန်အားရှိသောမိန်းမတစ်ယောက်ရဲ့ လွမ်းမိုးမှုကိုပြသည်။

You're my man. I'm your lady တဲ့။

အပြန်မှာ ကျွန်တော့်အသံများသည် တော်တော်မှုမမှန်ဖြစ်စာ ခြောက်ကပ်နေခဲ့သည်။ ကားမီးရောင်များကြောင့် မိုးချိုမျက်နှာသည် ပို၍ဆွဲဆောင်မှုရှိသလိုထင်ရသည်။

"မင်းခ…ကန်တော်ကြီးကို ကားပတ်မောင်းချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေလေ…မိုးချိုသဘော"

"နင့်ကိုငါ ပြောချင်တာတွေရှိတယ်"

ကန်တော်ကြီးဘေးမှာ ကားထိုးရပ်ပြီး ကျွန်တော့်ကိုဆိုတော့ ကျွန်တော့်မှာ အမူးပင် ပြေချင်သလိုလိုရှိသွားသည်။

"ငါ့မှာ နင့်အရင် သိပ်ချစ်တဲ့လူတစ်ယောက်ရှိခဲ့ဖူးတယ် မင်းခ…သူ့နာမည်က ဇင်ဝေတဲ့။ ငါ့အစ်ကိုနဲ့ သူငယ်ချင်းပေါ့… ငါ့အစ်ကို မင်္ဂလာဆောင်မှာ စတွေ့ပြီး ငါနဲ့ကြိုက်သွားတာ"

"ကျွန်တော့်ကို ဘာလို့ပြောပြနေတာလဲ မိုးချို…ဒါတွေဟာ ပြီးခဲ့ပြီပဲ"

"ဟင့်အင်း…မပြီးဘူး၊ ငါဟာ သိပ်စိတ်ပြင်းထန်တဲ့မိန်းမ တစ်ယောက်ပဲ မင်းခ၊ ငါ့စိတ်က လိုချင်ပြီဆိုရင် မရရအောင် လုပ်ယူတတ်တယ်၊ ဘာပဲဆုံးရှုံးပါစေ ဂရုမစိုက်ဘူး၊ ငါ ဒည့ဲကြိုအလုပ် အတွက် သူ့ကိုစွန့်လွှတ်ခဲ့ရတယ်၊ သူ့မိဘတွေက သိပ်ကိုရှေးရိုးဆန် ကြတယ်လေ…ဧည့်ကြိုအလုပ်ကို သူတို့မျက်စိထဲမှာ ဘယ်လိုမြင်ထား လဲဆိုတာ နင့်ဖာသာနင် တွေးကြည့်ပေါ့…နိုင်ငံခြားသားတွေနဲ့ စကား ပြောဆိုဆက်ဆံရတဲ့အလုပ်လုပ်တဲ့ ငါ့ကို သူတို့မလိုချင်ကြဘူး… ကိုကို…အဲ…ငါက ဇင်ဝေ့ကို ကိုကိုလို့ခေါ်တယ်…ကိုကိုကလည်း သူ့ကိုလက်ထပ်ရင် အလုပ်ထွက်ဖို့ တောင်းဆိုတယ်၊ ငါအလုပ်ကိုပဲ ရွေးခဲ့တယ် မင်းခ၊ ဟိုတယ်ဧည့်ကြိုတစ်ယောက်ဖြစ်လာတဲ့ ငါ့ဘဝမှာ ဒီအလုပ်ကို ဂုဏ်ယူခဲ့တာပဲရှိတယ်…လုံးဝမသိမ်ငယ်ဘူး…ရှရီလာ





မှာဝင်လုပ်ဖို့ဟာ တော်ရုံပညာအရည်အချင်းနဲ့မရဘူးလေ…ပြီးတော့ ငါက ဟိုတယ်အကြီးကြီးတစ်ခုပိုင်ချင်တာ…မာမီတို့ ဝယ်ပေးနိုင်ပေမဲ့ ငါမအုပ်ချုပ်နိုင်ရင် အလကားပဲ…ဒါကြောင့် ငါ အလုပ်ကနေ သင် နေတာ…မိန်းမတစ်ယောက်ဟာ မီးဖိုချောင်ထဲမှာ အချက်အပြုတ်နိုင် နင်းဖို့ လိုအပ်သလို လုပ်ငန်းခွင်မှာလည်း ဩဇာအာဏာရှိဖို့ လိုအပ် တာပဲ…ဟိုတယ်တစ်ခုဟာ အိမ်လိုမျိုး နွေးထွေးမှုပေးနိုင်ရမယ်… အစားအသောက်ကောင်းရမယ်…သန့်ပြန့်ရမယ်…ရောက်လာတဲ့ဧည့် သည်ဟာ စိတ်ရဲ့အစွမ်းကုန်ကျေနပ်တာကို ဟိုတယ်မှာတည်းတဲ့ အဖိုးအခနဲ့ တန်းတူရရမယ်…ဟိုတယ်တစ်ခုကို အုပ်ချုပ်ဖို့ဆိုတာ အဲဒီမိန်းမအတွက် အိမ်ထောင်အကြီးကြီးတစ်ခု ထိန်းသိမ်းရသလိုပဲ ပေါ့…ဟိုတယ်ဝန်ထမ်းတွေဟာ သားသမီးတွေပဲ…သာမန်အရည် အချင်းနဲ့ ဒီလိုဘဝကိုမရဘူးလေ…ငါက သာမန်မိန်းမတစ်ယောက်မှ မဖြစ်ချင်ခဲ့ပဲ…ငါ့မှာ တစ်နေ့တစ်နေ့ အလုပ်နဲ့ အကြံအစည်နဲ့ ဒါနဲ့ပဲ ပြီးနေရတယ်၊ ငါ့ကို ဒီလိုဖြစ်အောင် ပြောင်းလဲပေးလိုက်တာ ငါ့အစ်ကို မိုးလွင်ပဲ…ဒေါက်တာမိုးလွင်ပေါ့လေ"

သူမအသံသည် နာကြည်းခက်ထန်မှုဖြင့် တိုးလျနေသည်။ သူမရဲ့အတိတ်သည် သူမနှုတ်ခမ်းဖျားကနေ ခပ်တိုးတိုး ထွက်ပေါ် လျက်ရှိသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂]

မိုးချိုနဲ့ မိုးလွင်သည် ငါးနှစ်တိတိ အသက်ကွာလေသည်။ ထို့ကြောင့် မိုးချို ငါးတန်းကျောင်းသူဘဝမှာ မိုးလွင် ဆယ်တန်းကျောင်းသားဖြစ်သည်။ မိုးချိုရဲ့ မူလတန်းကျောင်းသူဘဝသည် နှစ်တိုင်းသိမ်ငယ်ခဲ့သည်။ အခန်းထဲမှာ လူ့အယောက်လေးဆယ်ရှိလျှင် မိုးချိုအဆင့်က သုံးဆယ့်ရှစ် သုံးဆယ့်ကိုး။ ကိုလွင်ကတော့ ရှိသမျှ အတန်းတူတွေထဲမှာ ပထမဆိုတာကြီးကို အမြဲရအောင်ယူခဲ့သူဖြစ်သည်။ ကိုလွင့်ရဲ့ ဆုတံဆိပ်တွေသည် မိုးချိုရဲ့ စားပွဲတင်အလှပန်းအိုး ကျကျနန ထိုးတတ်ခြင်းကိုလည်းကောင်း၊ ထမင်းဟင်းကောင်းကောင်းချက်ပြုတ်နိုင်ခြင်းကိုလည်းကောင်း၊ တစ်အိမ်လုံးကို သန့်ပြန့်အောင် လုပ်နိုင်ခြင်းကိုလည်းကောင်း ဖုံးလွှမ်းနိုင်သည်ချည်းဖြစ်သည်။





နှစ်တိုင်း ဆုပေးပွဲတွင် ကိုလွင်က သူ့အတန်းမှာ ပထမရှိသမျှ တစ်ကျောင်းလုံးက စာစီစာကုံးဆု၊ အနုပညာဆု၊ စံပြကျောင်းသားဆု၊ လူရည်ချွန်ဆု အကုန်သိမ်းကျုံးယူချိန်မှာ မိုးချိုကတော့ စာမေးပွဲ မကျအောင် စာကို အသေကုန်းကျက်ရသည်။ ဆုတံဆိပ်တွေနဲ့ ကိုလွင့်ကို ခြံရံ၍ မာမီနှင့် ဒယ်ဒီဓာတ်ပုံရိုက်နေချိန်မှာ မိုးချိုသည် ပီတိဖြင့် ကိုလွင့်ညီမဖြစ်ရတာ ဂုဏ်ယူခဲ့သည်။

မိုးချိုငါးတန်းနှစ်အရောက်မှာတော့ တခြားကျောင်းမှ ပြောင်းလာသောကျောင်းသူသစ် အေးအေးဆင့်ဆိုသူကလေးနှင့် အရမ်းခင်သွားခဲ့သည်။ အေးအေးဆင့်သည် ကျောင်းသူသစ်ဖြစ်သော်လည်း အမြဲအတန်းထဲမှာ ပထမရသည်။

စာတော်သော အေးအေးဆင့်သည် ကိုလွင့်ကို အရမ်းအားကျခဲ့သည်။

ကိုလွင် ဆယ်တန်းမှာ ဘာသာစုံဂုဏ်ထူးထွက်၍ ကျောင်းကဘုရားခန်းအကျယ်ကြီးရဲ့ နံရံပေါ်၌ ကိုလွင့်ဓာတ်ပုံကြီးက ထည်ခန့်စွာ နေရာယူသွားသောအခါ အေးအေးဆင့်သည်…

"တစ်နေ့ ငါလည်း ကိုလွင့်လိုပဲဖြစ်ရမယ်" ဟု မိုးချိုကို ကိုင်တည်ခဲ့သည်။ မိုးချိုကတော့ ပခုံးတွန့်ကာ ရယ်ပြီး

"နင်ရော ကိုလွင်ရော…ဆရာဝန်တွေဖြစ်ပြီး ငါကတော့ သူကျွန်နေမှာ မြင်သေးတယ် အဟီ" ဟု အေးအေးဆင့်ကိုဖက်ကာ ဆိုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆင့်သည် မိုးချိုနဲ့ စနေ၊ တနင်္ဂနွေတိုင်း စာလာကျက်တတ်ပြီး ကိုလွင်က မိုးချိုတို့နှစ်ယောက်လုံးကို စာရှင်းပြပေးသည်။ ဒီလိုနဲ့ပဲ အချိန်တွေကုန်ကာ မိုးချိုတို့နှစ်ယောက်လုံး ဆယ်တန်းရောက်လာခဲ့သည်။

ကိုလွင်က…

"အေးအေးဆင့်ကတော့ အောလ်ဒီဆို ငါ့ညီမက ဘယ်လောက်မှန်းသလဲ"

"ဘယ်လောက်မှမမှန်းဘူး၊ မိုးချို ဆရာဝန်မှမဖြစ်ချင်တာ"

"အေးအေးဆင့်ကတော့ ကိုလွင့်လိုဆရာဝန်ဖြစ်ချင်တယ်"

ကိုလွင်နဲ့ အေးအေးဆင့်တို့ ကြိုက်နေတာကို မိုးချို သိပေမဲ့ မမြင်ချင်ဟန်ဆောင်နေခဲ့သည်။ အေးအေးဆင့်က ဒီလောက်ကြိုးစားတာ…အေးအေးဆင့်လို မိန်းကလေးမျိုးပဲ ကိုလွင့်ကို အားကျပြီး ကိုလွင် ပြောသမျှလုပ်မှာဟု မိုးချိုကမြင်သည်။

သို့သော် စာမေးပွဲအောင်စာရင်းသည် မိုးချိုထင်သလို မဖြစ်လာခဲ့။ အော်လ်ဒီမှန်းသော အေးအေးဆင့်သည် ဂုဏ်ထူးနှစ်ခုသာပါခဲ့သည်။ မိုးချိုကတော့ ရိုးရိုးအောင်ရုံပဲ။ ဒါကမထူးဆန်း။ မိုးချိုမလိုချင်ဘဲ။

"ငိုမနေပါနဲ့ဟာ…ကိုလွင်က ဆရာဝန်ပဲ၊ နင်မဖြစ်လည်းသူဖြစ်တာပဲ…ဆရာဝန်ကတော်လုပ်ပေါ့"

ဟု အေးအေးဆင့်ကို မိုးချိုကိုယ်တိုင် နှစ်သိမ့်ပေးခဲ့သည်။





ယောကျ်ားတွေအကြောင်းကို မိုးချို သိပ်မသိ။ သို့သော် ကိုလွင့်ရဲ့ အတွက်ကတော့ ကြောက်စရာကောင်းလွန်းလှသည်။

အေးအေးဆင့်ကို ကိုလွင်က အဆက်အသွယ်ဖြတ်ပစ်ကာ လမ်းခွဲခဲ့သည်။ သူငယ်ချင်းနှင့် အစ်ကို နှစ်ယောက်ကြားမှာ ရတက်မွေ့ရသူက မိုးချို။

"ကိုလွင်…အေးအေးဆင့်ကို လမ်းခွဲတော့မယ်လို့ပြောတယ်ဆို"

ကိုလွင့်မျက်နှာကမထုံတတ်တေး။

"ကိုလွင်…မိုးချို မေးနေတယ်လေ"

"နင့်အလုပ်လား"

ကိုလွင့်ကို စိတ်ဆိုးစွာနှင့် လက်ကိုဆောင့်ဆွဲကာ ထပ်မေးသည်။

"ဟင်…အဲဒါဟုတ်လား"

"ဟုတ်တယ်"

ထိုအဖြေကို မိုးချိုပင် နာကျင်ရသည်။ ကိုလွင့်ကို အေးအေးဆင့် အရမ်းချစ်တာ မိုးချို သိနေတာပဲ။ ဂျူတီကုတ်တွေ၊ နားကြပ်တွေ ကိုလွင့်အတွက် မုန့်ဘိုးစုပြီးဝယ်ပေးသော အေးအေးဆင့်သည် ဘာကြောင့် အောင်စာရင်းထွက်တဲ့နေ့က တက်သွားတဲ့အထိငိုရတာ ခုမှ မိုးချို သဘောပေါက်သည်။

"ဘာဖြစ်လို့လဲ ကိုလွင်ဟင်…အေးဆေးဆင့်မှာ ဘာအပြစ်ရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ ဆရာဝန်လိုင်းမှမဝင်ဘဲ"

"........"

ဘာမှဆက်မပြောနိုင်ဘဲ မိုးချို ဆွံ့အသွားခဲ့ရသည်။

ဆရာဝန်။ အို…မြတ်စွာဘုရား။ ဆရာဝန်ဘဝကို ကိုလွင်ရပြီးပြီပဲ။ ဘာကြောင့် ဒီလောက်တပ်မက်ရသလဲ။

ဂျူတီကုတ်နဲ့ နားကြပ် ဆေးထိုးအပ်ဟာ လူ့ပကာသနမှ မဟုတ်ဘဲကွယ်။ လူ့အသက်ကိုကယ်မဲ့ ကိုလွင်ဟာ ဘာကြောင့် အခေါင်အယောင်မှာတင် နစ်မြုပ်ကျဆုံးချင်ရပါသလဲ။ မိုးချို မယုံပေ။

"ကိုလွင်…မိုးချိုသူငယ်ချင်းကို ဒီတစ်ခုထဲနဲ့တော့ မရက်စက်သင့်ပါဘူး၊ ကိုလွင့်ကို သူ အရမ်းချစ်တာ…ကိုလွင့်ကို အားကျလွန်းလို့ သူ ဒီလောက်ကြိုးစားခဲ့ရတာ…ဆရာဝန်ဖြစ်မှ ကိုလွင်က ချစ်မှာလားဟင်…ဆရာဝန်မတွေက ချိုပေါက်နေလို့လား…ရွှေတွက်နေလို့လား…မိန်းမတွေပဲမဟုတ်ဘူးလား…ဆရာဝန်မဖြစ်တာနဲ့ မိန်းကလေးတစ်ယောက်အသည်းကို ဒီလိုခွဲဖို့ မသင့်ဘူး…ကိုလွင့်မှာ အကြင်နာမှမရှိတာ"

ကိုလွင်သည် ခေါင်းကိုမော့ကာ အသက်ကို ခပ်ပြင်းပြင်း ရှူထုတ်ရင်း မိုးချိုကို တစ်ချွန်းချင်း ပြန်ရှင်းပြခဲ့သည်။

"မိုးချို နင် နားမလည်ဘူး…ငါက ဆရာဝန်မျိုးဆက်တူထောင်ချင်တာ…ငါကိုယ်တိုင် အထူးကုဖြစ်ရမယ်…ငါ့ဇနီးကလည်း





အထူးကုဖြစ်ရမယ်…ငါ့သားသမီးတွေကလည်း ဆရာဝန်တွေချည်းဖြစ်ရမယ်"

"ကိုလွင်က ဆရာဝန်ကို Type A လို့ ယူဆတာလား"

"ဟုတ်တယ်"

"ဒါဆို ကိုလွင် သိပ်မှားသွားပြီ…နိုင်ငံတစ်နိုင်ငံမှာ ဆရာဝန်တွေများဖို့မလိုဘူး ကိုလွင်၊ ဆရာဝန်ဆိုတာ ဝါသနာပါရင်ရတယ်၊ ဘဏ်အသင့်အတင့်ကောင်းရုံပဲဆိုရပါတယ်…စီးပွားရေးပညာရှင်တွေ၊ ရှေ့နေတွေ၊ ကျောင်းဆရာတွေ တော်ဖို့သာလိုတာ…စီးပွားရေးပညာရှင်တွေ တော်မှ စီးပွားရေးကောင်းမယ်…ဒါဆို နိုင်ငံအတွက် အခွန်တွေအများကြီးရမယ်…ကျောင်းတွေ ဆေးရုံတွေ သူတို့လှူနိုင်မယ်၊ ရှေ့နေတွေတော်ရင် မတရားမှုမရှိတော့ဘူး…ကျောင်းဆရာတွေတော်ရင် အနာဂတ်ဟာ ပိုဖြောင့်ဖြူးမှာပဲ…ဆရာဝန်ဆိုတာ မမာတဲ့လူနာဘုဖို့ပဲ ကိုလွင်…ဆရာဝန်ဘဝမှာ တကယ်နစ်နစ်ကာကာ မမြုပ်နှံချင်ဘဲ ပကာသနအတွက်တော့ မမက်မောသင့်ဘူး…ကိုလွင်ကိုယ်တိုင် အခု ဆရာဝန်ပဲ…ကိုလွင် လက်ထပ်မဲ့ဇနီးဟာ ဆရာဝန်ဖြစ်ဖို့လိုသေးလို့လား"

"သိပ်လိုတာပေါ့…ဒါမှ တစ်ယောက်ကိုတစ်ယောက် နားလည်နိုင်မယ့်ဆရာဝန်တစ်ယောက်ရဲ့ဘဝကို ဘယ်တော့မှ အပြင်လူတွေ နားမလည်နိုင်ဘူး မိုးချို၊ လက်ထပ်လိုက်ရင် ပိုဆိုးတယ်…ငါတို့မှာ မနက်ရှစ်နာရီက ညနေမိုးချုပ်အထိ လူနာတွေနဲ့နေရတာ…မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ယူပြီး အနားကပ်ဖို့၊ သားသမီးတွေကို သွန်သင်ဖို့ အချိန်မရဘူး… ဆရာဝန်ကောင်းတစ်ယောက်ဟာ ဘယ်တော့မှ ဖခင်ကောင်းမဖြစ်နိုင်ဘူး၊ ဒီနေရာမှာ ဆရာဝန်ဘဝကို ဘဝတူ ဆရာဝန်ကပဲ နားလည်ပေးနိုင်တယ် မိုးချို…ဘဝကို လူနာအတွက် မြှုပ်ထားရတာ…သာမန်မိန်းမဆိုတာ သာမန်ပဲတွေးမှာပဲ…ငါတို့နဲ့ ဘယ်လိုမှ ညှိလို့မရနိုင်ဘူး…အဲဒီမှာ အိမ်ထောင်ရေးက ပြဿနာတက်မှာပဲ"

"ဒါပေမဲ့…အေးအေးဆင့်က ကိုလွှင့်ကို သိပ်ချစ်တာ…သူ ကိုလွှင့်ကို အားလုံးနားလည်ပေးနိုင်မှာပါ…ကိုလွှင် ဆေးရုံကပြန်လာရင် ထမင်းပွဲရှေ့ရောက်မဲ့မိန်းမမျိုးပါ…ကိုလွှင့်နောက်က ဆေးအိတ်ဆွဲလိုက်နိုင်မဲ့မိန်းမမျိုးပါ"

"ငါယူမဲ့မိန်းမဟာ ဆရာဝန်ဖြစ်နေမှ ငါ့ကိုနားလည်မယ် မိုးချို…ငါတို့လောကမှာ ပြိုင်ဆိုင်မှုသိပ်များတယ်…ကိုယ်နောက်ကျလို့မရဘူး…ပြီးတော့ ငါ့မိသားစုရဲ့ ကျန်းမာရေး၊ ပညာရေးကို သာမန်မိန်းမထက် ဆရာဝန်မတစ်ယောက်ကပဲ အနီးကပ် ပိုနားလည်မယ်၊ ငါမရှိတဲ့အချိန်မှာ ငါ့ကလေးတွေရဲ့ ကျန်းမာရေးကအစ စိတ်ချရမယ်၊ နင်တွေးတာနဲ့ ငါတွေးတာမတူဘူး မိုးချို"

"ကိုလွှင့်ရော အေးအေးဆင့်ကိုမချစ်ဘူးလားဟင်"

ထိုစကားမှာ ကိုလွှင် ငိုင်သွားလေသည်။

"ငါ…"

"မညာနဲ့ ကိုလွှင်"





"ဒါပေမဲ့ ငါက ဘဝကို ဖန်တီးချင်တာ"

"ဆယ်တန်းအမှတ်နဲ့ ဘဝကို ပြောင်းလဲပစ်ဖို့ ကိုလွှင်မို့ ဆုံးဖြတ်ရက်တယ်…ရက်စက်တယ်၊ သိပ်ရက်စက်တယ်"

"ငါတို့ဘဝတွေက တကယ်စိတ်ဖိစီးမှုများတယ် ညီမလေး၊ အေးလေ…နင်ပြောသလို ငါရက်စက်တာ ဟုတ်မှာပါ…ဒါပေမဲ့ ငါ ဘဝတူတွေထဲမှာ နောက်မကျချင်ဘူး၊ ငါစာကျက်နေတဲ့အချိန်မှာ နားပူနားဆာကပ်လုပ်မဲ့ သာမန်မိန်းမမျိုးထက် ငါ့အတွက် မေးခွန်းတွေ ရှာ၊ အဖြေတွေထုတ်ပေး၊ Protocol တွေဆွဲပေးမဲ့ ဆရာဝန်မတစ်ယောက်ကိုပဲ ငါလိုအပ်တယ်၊ ငါအချစ်ကို မေ့ထားရလိမ့်မယ်…ကိုယ်လိုချင်တာအတွက် အချစ်ကို စွန့်သင့်ရင် စွန့်ရမှာပဲ…နင်တစ်နေ့ နားလည်ပါလိမ့်မယ်လေ"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



အေးအေးခင့်သည် ကိုလွင့်ကို နည်းမျိုးစုံနဲ့ အရင်လိုဖြစ်ဖို့ မစဉ်းစားတော့ပေ။ ငိုစရာ မျက်ရည်တွေလည်း ကုန်သွားပုံရသည်။ ငိုနေတဲ့ မိုးချိုကိုတောင် ပြန်နှစ်သိမ့်ပေးသည်။ လူတွေဟာ တစ်ခုခုကို ဆုံးရှုံးပြီးရင် ပိုရင့်ကျက်လာတတ်ကြလေသည်။

"သူ မလိုအပ်တော့ဘူးဆိုမှ ထားခဲ့ပြီပဲ…ငါလိုက်နေရင် သူ ဆက်ပြေးနေမှာပဲ…ငါ့ကြောင့်တော့ သူ ဆုံးဖြတ်ရမခက်စေချင်ဘူး"

"နင် ငါ့အစ်ကိုကို တကယ်ချစ်တာပဲ"

"ဒါပေမဲ့ သူက သူ့ကိုယ်သူ ပိုချစ်တယ်လေ…ယောကျ်ားတွေက အတ္တကြီးပြီး-ရွေးချယ်တတ်ကြတာပဲလား မိုးချို ဟင်"

"မသိဘူး…ငါမပြောတတ်ဘူး"

"ငါ့ကို သူ ရွေးချယ်သလို သူလည်းရွေးချယ်ခံရမှာပဲ…





ဒါပေမဲ့ ရွေးချယ်ခံရတဲ့ဘဝဟာ သိပ်နစ်နာပါတယ် မိုးချို…ဘာလို့လဲဆိုတော့ ရွေးချယ်တဲ့နေရာမှာ ခံစားမှုက သိပ်တင်းမာပြတ်သားတယ်လေ…ငါ ကိုလွင့်ကိုသိပ်ချစ်တယ်…အဆုံးရှုံးမခံနိုင်ဘူး၊ သူထားခဲ့တော့လည်း ငါနေခဲ့မှာပါ…အဲဒါ သူ့ကိုချစ်လို့…ဒါပေမဲ့ ဆရာဝန်ဖြစ်မှ မိန်းမတစ်ယောက်ဟာ လူဖြစ်ရကျိုးနပ်တာမဟုတ်ဘူး၊ လောကဟာ ကွန်ယက်ကြီးတစ်ခုပဲ…လမ်းကြောင်းတွေမှ အများကြီးရယ်…ငါ့မှာ ရွေးချယ်ဖို့ ပညာတွေရှိသေးတယ်"

"နင် ဘာလုပ်မယ်လို့စဉ်းစားထားလဲဟင်"

သူက သူ့အမှတ်စာရင်းကို ထုတ်ပြသည်။ အံ့သြ၍ ရင်နာရပါ၏။ ဆေးတက္ကသိုလ်အမှတ်ကို နှစ်မှတ်သာကပ်ပြီး သူ အောင်ခဲ့သည်။

"အခု Tofel ဖြေဖို့လုပ်နေတယ်၊ အောင်ရင် ငါ နင်နဲ့ခွဲရမယ် သူငယ်ချင်း၊ ငါသွားမှာက သူ့ကိုသက်သေပြချင်တာပါ…ငါ့ဘဝမှာ ဆယ်တန်းအမှတ်နဲ့ ချစ်သူကို စွန့်လွှတ်ခဲ့ရပေမဲ့ ငါကျန်တဲ့အရာတွေအားလုံးယူပြမယ်…အဲဒီယူပြမဲ့အရာတွေထဲမှာ ငါ့ကိုသိပ်ချစ်တဲ့ ယောကျ်ားတစ်ယောက်လည်းပါလိမ့်မယ် မိုးချို…ကွန်ပျူတာ Techanician တစ်ယောက်ရဲ့ မိသားစုဘဝဟာ ဆရာဝန်ချင်း လက်ထပ်ထားတဲ့ မိသားစုဘဝထက် သာရင်သာမယ်…ဘယ်တော့မှ အောက်မကျစေရဘူး…အဲဒါကို သူ တစ်နေ့သိစေရမယ်"

သူကြုံးဝါးခဲ့တဲ့အတိုင်း သူ လုပ်ပြနိုင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



Tofel ကို အမှတ် ခြောက်ရာငါးဆယ်ကျော်နှင့်အောင်သော သူ့အတွက် အဆင့်မြင့်ပညာလမ်းကြောင်းများစွာက ပွင့်လျက် စောင့်ကြိုနေကြသည်။ Tofel အောင်စာရင်းထွက်တဲ့နေ့ကမှ သူမငိုသကဲ့သို့ မပြုံးပါ။

"နင် ဘာတက်မှာလဲ"

"ငါ…IT (Infromation Technology) (သတင်းအချက်အလက်နည်းပညာဘာသာရပ်) တက်မယ်၊ အနာဂါတ်မှာ လူတွေဟာ IT နဲ့ လူတိုင်းနီးစပ်လာကြမှာပဲ…အဲဒီဘာသာဟာ ငါ့ကို ထိပ်ဆုံးရောက်အောင် ပို့ပေးနိုင်သလို နင့်အစ်ကိုကိုလည်း မေ့သွားစေမဲ့ ဘာသာရပ်ပဲ…နေ့တိုင်း ပြောင်းလဲနေတာကိုး၊ တိုးတက်နေတာကိုး…ငါ့ဘဝဟာ တစ်နေ့မှာ ထူးချွန်ပြောင်မြောက်တဲ့ Computer Technician တစ်ယောက်ဖြစ်လာရမယ်…Internet မှာ ငါနေရာတစ်နေရာရအောင်ကြိုးစားရမယ် မိုးချို…ငါ နင့်ကို နှုတ်ဆက်တယ်"

မိုးချိုအတွက်တော့ သူငယ်ချင်းရော အစ်ကိုကိုပါ ဆုံးရှုံးလိုက်ရခြင်းဖြစ်သည်။ အေးအေးဆင့်က အမေရိကားမှာ။ ကိုလွင်ကတော့ အနားမှာရှိနေရင်းကို ဝေးသွားတော့တာ။ ဒီကြားထဲ မာမိနဲ့ ဒယ်ဒီတို့က ထိုင်ဝမ်မှာပဲအခြေချလိုက်ကြတာမို့ မိုးချိုတစ်ယောက်ထဲ ဖြစ်သွားလေသည်။

◆ ◆ ◆





ကိုလွင် သူ့ရည်းစားကို အိမ်ခေါ်လာစဉ်က မိုးချို နည်းနည်းမှ ကြည့်မရပေ။ နေရာတကာ တတ်တဲ့ပုံမျိုးလုပ်ချင်သော ထိုဆရာဝန်မသည် ကျောလယ်ထိ ဆံပင်ရှည်ကာ အသားဖြူဝင်းသည်။ မိန်းမချောတစ်ယောက်ပါပဲ။ ကိုလွင့်ကိုလည်း အမိန့်ပေးတတ်သည်။

ကိုလွင်က "အဲဒါ ငါတို့ကျောင်းတုန်းက ကွင်းပေ့…အခုဘွဲ့လွန်အတူတူတက်မှ ငါနဲ့ကြိုက်ဖြစ်တာ"

"ကိုလွင် သူ့ကိုချစ်လို့လား"

"ဟင့်အင်း…သူက တော်တယ်လေ"

"ကြည့်လုပ်ဦး"

အေးအေးဆင့်ကို ထားခဲ့သော ကိုလွင်သည် သိပ်မကြာခင်မှာ သူလည်း အထားခံရသည်။ ဟိုဆရာဝန်မက ကိုလွင်တို့ဆရာအငှူးကုကြီးနဲ့ ယူသွားသောကြောင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘွဲ့လွန်တစ်ခုတောင်မရတဲ့ ငါနဲ့ ယူစရာဘွဲ့ကုန်သွားတဲ့ အထူးကု…သူ ဒီလိုလုပ်မယ်လို့ ငါလုံးဝမထင်ထားဘူး"

"အဲဒါ ဝဋ်ပဲ"

"နင် ငါ့ကိုမလှောင်နဲ့"

"မလှောင်ပါဘူး…မိုးချိုသူငယ်ချင်းတုန်းက ကိုလွှင် ဘယ်လောက်ရက်စက်ခဲ့လဲ…အခု ကိုလွှင်က ခံပြင်းတာပဲရှိတယ်၊ ချစ်လို့နာကျင်ရတာမဟုတ်ဘူး၊ အေးအေးဆင့်က တော်တော်နာကျင်ခဲ့ရတာ ကိုလွှင် ကိုယ်ချင်းစာတတ်ပြီလား"

"ငါက ဘာလုပ်ရမှာလဲ…အေးအေးဆင့်ဆီ ဆက်သွယ်ရမှာလား"

"အဲဒီလောက်ထိ ကိုယ့်ကိုကိုယ် အထင်မကြီးပါနဲ့ ကိုလွှင်"

သို့သော် ကိုလွှင် အေးအေးဆင့်ကို On line မှတစ်ဆင့် ပြန်ကြိုးစားခဲ့သည်။ E-mail တွေ နေ့တိုင်းပို့၊ ဖုန်းတွေပြော။ သို့သော် အေးအေးဆင့်က မိုးချိုကို အသိပေးထားခဲ့ပြီးသားပဲ။ ငါ့ကိုချစ်တဲ့ ယောကျ်ားတစ်ယောက်ကိုပဲ ရအောင်ယူပြမယ်ဆိုတာလေ။ နောက်ဆုံး ကိုလွှင်မှ တကယ်ရှုံးသွားတော့တာဖြစ်သည်။

"သူ ဒီကိုပြန်မလာတော့ဘူးတဲ့ မိုးချို"

သူ မှန်တာပေါ့…ကိုလွှင့်ကြောင့် သူပြေးခဲ့ရတာပဲ။ ဒီအချိန်မှာတော့ သူ မှန်နေပြီ၊ ကိုလွှင်ဟာလေ…မိုးချို ကိုလွှင့်ကို အစ်ကိုမတော်ချင်ဘူး၊ ကိုလွှင့်လောက် ဆရာဝန်ဘဝမက်တာ ကိုလွှင်ပဲရှိ





တယ်၊ အခု အေးအေးဆင့်က ဟိုမှာအလုပ်ကောင်းကောင်းရနေမှ ပြန်ဆက်သွယ်တာ ဘာသဘောလဲ"

"နင် ငါ့ညီမနော် မိုးချို"

"မဟုတ်ဘူး…မိုးချို ကိုလွှင့်ညီမ မဟုတ်တော့တာ ဆယ်တန်းအောင်စာရင်းထွက်တဲ့နေ့ကတည်းကပဲ"

မိုးချိုလည်း ဘာသာစကားသင်တန်းနှစ်ခုကြားမှာ အောင်အောင်မြင်မြင်နဲ့ ဖြတ်သန်းခဲ့သည်။ မာမီသင်ပေး၍ တရုတ်စကားက တတ်ပြီးသား။ ဂျပန်စကားက နှစ်နှစ်၊ ပြင်သစ်စကားက နှစ်နှစ်။ ပြီးတော့ ဧည့်ကြိုအလုပ်ကြောင့် မိုးချိုသည် အသက်နှစ်ဆယ့်တစ်မှာ ဘွဲ့လည်းရ၊ ဘာသာစကားလေးမျိုးကိုပါ ကျွမ်းကျင်သောစံပြ ဧည့်ကြိုတစ်ယောက်ဖြစ်လာခဲ့သည်။

မိုးချို ဘွဲ့ရပြီးတော့ ကိုလွှင် လက်ထပ်ခဲ့သည်။

ကိုလွှင်လက်ထပ်ခဲ့သူမှာ မီးယပ်သားဖွားဆရာဝန်မတစ်ဦးဖြစ်သည်။ ပထမတစ်ယောက်နဲ့တော့ ဘာမှမဆိုင်။ နူးညံ့သိမ်မွေ့လှသည်။

မိုးချိုလက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ကာ ပြုံးပြီး စကားပြောတတ်သည်။ မိုးချို သူ့ကိုသဘောအကျဆုံးမှာ အေးအေးဆင့်နဲ့ တူနေခြင်းပင်ဖြစ်သည်။

ကိုလွှင့်မင်္ဂလာဆောင်မှာ ဇင်ဝေနှင့် စတွေ့ခဲ့ရခြင်းဖြစ်သည်။ အသက်နှစ်ဆယ့်တစ်ရှိသော မိုးချိုသည် ဇင်ဝေ့ကို အချင်းချင်းမို့ အရွ



www.burmeseclassic.com

www.burmeseclassic.com



အမူး တွယ်တာခဲ့လေသည်။ အေးအေးဆင့်ကို မိုးချို ချစ်ဖူးတော့မှ ပို၍ ကိုယ်ချင်းစာနိုင်ခဲ့သည်။

♦ ♦ ♦





WWW. ASS com.

ငါ ဒီနေ့ သိပ်သဘောကောင်းတဲ့လူတစ်ယောက်နဲ့ တွေ့ခဲ့တယ်။ သူ့နာမည်က ဇင်ဝေတဲ့၊ ငါတို့ထက် ငါးနှစ်ကြီးတယ်၊ သူက ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုကပဲ…ငါ့ဆီလာလည်ချင်တယ်လို့ ခွင့်တောင်းတယ်၊ ငါ ခွင့်ပေးလိုက်ရမလားဟင်…နင်က ငါ့ထက် အတွေ့အကြုံရှိတော့ ငါ့ကိုပြောပြဦး''

မိုးချို

WWW. MC com.

E-mail ဖြင့် အေးအေးဆင့်က ပြန်ဆက်သွယ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သတ္တိရှိဖို့တော့ ပြင်ထားပေါ့ဟာ။ ချစ်ရင် သတ္တိရှိဖို့က ပထမပဲ။ ဘာဖြစ်လို့လဲဆိုတော့ နင် သူ့ကိုလက်ထပ်ဖို့ထိ ရည်ရွယ်ထားတာမဟုတ်လား။ သူ့စိတ်ဓာတ်ကိုသိဖို့တော့ ကြိုးစားသင့်တယ်။

သူ နင့်ကို တကယ်ချစ်ဖို့လည်းလိုတာပဲ။ နင့်အလုပ်ကို နားလည်ပေးနိုင်ရဲ့လား။ ဧည့်ကြိုဆိုတာ သိပ်အလုပ်များတာ။ ခရီးစဉ်တွေလဲ လိုက်ရသေးတယ်။ ရည်းစားအတွက် အချိန်ပေးနိုင်မှဖြစ်မှာ။ တချို့တွေက လွယ်ကူတဲ့အလုပ်တွေပါ တစ်ခါထဲ လုပ်တတ်ကြတာလေ။

ထိုစကားကို မိုးချို နားလည်ပါသည်။

လူတစ်ယောက်နှင့် တစ်ခါတွဲ၊ ဖုန်းတစ်လုံး။ ထို့နောက် တစ်ခါကွဲသော မိန်းကလေးမျိုးတွေ မိုးချိုသိနေတာပဲ။ မကောင်းရင် အနံ့ဆိုတာ ထွက်တာပဲလေ။

"မိုးချို…ကိုယ့်ကို အဖြေပြန်ပေးသင့်ပြီလို့မထင်ဘူးလား"

ပထမဆုံး အတွေ့အကြုံမို့ မိုးချိုမှာ ထိတ်လန့်၍ ရင်ခုန်နေခဲ့သည်။

အေးအေးဆင့်ကတော့ E-mailနဲ့ လှောင်ပြောင်လေသည်။

နင် ရင်ခုန်နေသွားတယ်မဟုတ်လား။ ချစ်သူရဲ့ အနမ်းဆိုတာ ဒီလိုပဲ။ ဖြားယောင်းတတ်တယ်။ နင် သူ့ကို အရမ်းချစ်နေမှာပဲ။ အရူးအမူးပေါ့။ နင့်အစ်ကိုလို မရွေးချယ်နဲ့နော်။

"ငါ့မှာ အစ်ကိုမရှိဘူး…ငါ့မှာ သူငယ်ချင်းပဲရှိတယ်"





ဟု မိုးချိုက ဒေါသတကြီး စာပြန်ခဲ့သည်။ ကိုလွင်နှင့်ပတ်သက်လျှင် မိုးချိုရှက်သည်။

အေးအေးဆင့် လက်မထပ်သေး၍ ပိုရှက်သည်။

"ငါ သူ့ကိုပြန်လက်မခံတာ ချစ်လွန်းလို့ပဲ မိုးချို၊ ငါ့မာနက လက်မခံဘူးလေ၊ ငါ့ကို သူ စွန့်ပစ်လိုက်ကတည်းက သူ့ကို ငါ စွန့်လွှတ်လိုက်ပြီးသားပါ၊ မာနဟာ သိပ်ဒုက္ခပေးတာပဲ၊ မာနကြောင့် ခဏခဏငါငိုရတယ်၊ ကိုလွင် အဆင်ပြေရဲ့လား၊ သူ့မိန်းမက ငါနဲ့ဆင်တယ်ဆိုတော့ ဝမ်းသာပါတယ်၊ ငါပြောတာတွေ နင် လျှို့ဝှက်ထားပေးပါနော်"

မိန်းမတစ်ယောက်က ကိုလွင့်ကိုချစ်ပြီး ဘယ်တော့မှလက်ထပ်ဖို့ မကြိုးစားတော့တဲ့အဖြစ်အပျက်သည် မိုးချိုစိတ်ထဲတွင် မှတ်သားစရာတစ်ခုဖြစ်သည်။ အံ့ဖွယ်ပဲ။ ဒါပေမဲ့ ဒါဟာ မှန်ကန်မှုတစ်ခုပဲ။ ထိုမှန်ကန်မှုမျိုးဖြင့် မိုးချို ကိုကို့ကို စွန့်လွှတ်ခဲ့ဖူးပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မိဘတွေက မိုးချိုနဲ့ တွေ့ချင်နေတယ်"

"ရှင်…အဲဒါ မိုးချို ဘာလုပ်ရမှာလဲ"

"လိုက်တွေ့ပေးစေချင်တယ်"

ကိုကိုသည် အထက်စီးနင်းဆန်သည်။

သို့သော် မိုးချိုက ကိုကို့ကို ဘယ်တော့မှ မတွန်းလှန်နိုင်ခဲ့။

"မိုးချိုဝတ်ဖို့ အဝတ်အစားတွေ ကိုယ်ဝယ်လာပေးတာ"

ပိုးအင်္ကျီ ရင်စေ့စကနှင့် ချိတ်လုံချည်တို့သည် မိုးချိုခန္ဓာကိုယ်မှာ ဘယ်လိုမှ အဆင်မပြေ။ အဆိုးဆုံးက မျက်လုံးပြာများဖြစ်သည်။

ဘောင်းဘီနဲ့ စကပ်သာ လုပ်နေ့ခွင်ထဲမှာ အဝတ်များသော မိုးချိုသည် ဒီလိုဝတ်စုံမျိုးဝတ်ရင် အရှက်ကွဲမှာသိရက်နဲ့ ကိုကို ပေးဝတ်ခဲ့သည်။





တကယ်တွေ့တော့လည်း အဆင်မပြေချေ။

မိုးချို မျက်လုံးပြာများကို သူတို့မကြိုက်ကြ။

မိုးချိုလုပ်ငန်းကို သူတို့မကြိုက်ကြ။

ခက်ပြီ။ ကိုကိုကတော့ စဉ်းစားရကျပ်နေလေသည်။

အေးအေးဆင့်ရေ…

ငါတော့ အကျပ်အတည်းထဲရောက်နေပြီ…အဘိုးကြီးအဘွားကြီးတွေက သိပ်ဓီစာကြောင်တာပဲ၊ ဒီခေတ်က ဈေးတသီးထောင်းနိုင်းပြီး ချွေးမရွေးတဲ့ခေတ်မဟုတ်လို့ပဲ…တကယ်မလွယ်ဘူး…ငါ ကိုကိုနဲ့ မခွဲနိုင်ပါဘူး"

"သူက ဘာပြောသေးလဲ…သူ့မှာ အဓိကပဲ…သူ့အပေါ်မှာ နင် မူတည်ပြီးဆုံးဖြတ်ရမှာပဲ…တွေဝေနေလို့မရဘူး၊ အရေးကြီးတာ သူ နင့်ဘက်မှာရှိလား..ဒါဆို ပွဲပြီးပြီ"

မိုးချို လိုချင်ခဲ့တာက မိုးချိုအလုပ်ကို သူကိုယ်တိုင် နှစ်သက်ဖို့ပဲဖြစ်သည်။

သို့သော် သူက နှစ်ခုယှဉ်၍ ရွေးခိုင်းခဲ့သည်။

"ကိုယ့်မှာ မိန်းမတစ်ယောက်နဲ့ ကလေးတွေကို လူတန်းစေ့ထားနိုင်ဖို့ ဝင်ငွေရှိတယ်"

"ကိုကို ဘာပြောချင်တာလဲ"

"မိုးချို အလုပ်မလုပ်လည်းရတယ်"

"ဒါပေမဲ့ ဒီအလုပ်အတွက် မိုးချို ဘာသာစကားတွေ ဒီ



www.burmeseclassic.com

www.burmeseclassic.com



လောက်သင်ထားရတာ ဝါသနာပါလွန်းလို့ ရွေးချယ်ခဲ့တာပဲ ကိုကို”

“ကိုကိုကတော့ ကိုယ့်ဇနီးကို တစ်ယောက်ထဲပဲပိုင်ချင်တယ်”

“ဒါဆို ကိုကို လက်ထပ်ချင်တာမှမဟုတ်ဘဲ…မိန်းမတစ်ယောက်ကို လက်ထပ်တယ်ဆိုတာ ကျွန်တစ်ယောက်ဝယ်တာနဲ့ ဘာထူးမလဲ ကိုကို…လိုအပ်ရင် အိပ်ရမယ်၊ မိုးလင်းမိုးချုပ် ကိုကို့အတွက် မြုပ်နှံရမယ်၊ ဒါဆို မိုးချိုဘဝက ဘာမှအဓိပ္ပာယ်မရှိတော့ဘူး”

“လူ့ဘဝရဲ့အဓိပ္ပာယ်က ဘာလို့ထင်လို့လဲ မိုးချို”

“အလုပ်ပေါ့ ကိုကို…အလုပ်လုပ်နေရတာ လူတစ်ယောက်အတွက် အဓိပ္ပာယ်ရှိတာပေါ့…ပြီးတော့ ဟိုတယ်ဆိုတာ လူ့လောကကြီးနဲ့တူတယ်၊ လူမျိုးစုံနဲ့ဆက်ဆံရတာ…ဘယ်လောက်စိတ်ဝင်စားဖို့ကောင်းသလဲ”

“ကိုယ့်ဇနီးဟာ ဟိုတယ်မှာ အလုပ်မလုပ်သင့်ဘူး”

“ဒါဘယ်လိုစကားလဲ…စော်ကားလိုက်တာပေါ့ ကိုကို”

“မဟုတ်ဘူး…ပြောရတာခက်လိုက်တာ”

“ဟိုတယ်မှာ ဧည့်ကြိုလုပ်တာ ကိုကို့ဂုဏ်သိက္ခာကို ဘယ်လောက်ထိခိုက်လို့လဲ၊ မိုးချို မဟုတ်တာဘာမှမလုပ်ဘူး၊ မစော်ကားနဲ့ ကိုကို…အလုပ်ကိုဂုဏ်ရှိအောင်လုပ်တဲ့ ဟိုတယ်ဝန်ထမ်းတွေ အများကြီးပဲ…တချို့နေရာတွေမှာ ကိုကိုထင်သလိုရှိတယ်၊ ဒါပေမဲ့ မိုးချိုတို့ဆီမှာ ဒါမျိုးမရှိဘူး…မိုးချိုတို့ဟိုတယ်ဟာ အကောင်းဆုံး Ser-





vice ပေးနိုင်ပေမဲ့ အောက်တန်းကျတဲ့ကိစ္စမျိုးတွေ လက်မခံဘူး ကိုကို၊ အပြင်လူတွေ ဟိုတယ်မှာ ညအိပ်လက်မခံဘူး…တစ်နေ့ကို ဧည့်သည်ပေါင်း မြောက်မြားစွာလာနေတာပဲ…ကြော်ငြာလာရိုက်တာရှိတယ်၊ Meeting တွေရှိတယ်၊ ပြပွဲတွေရှိတယ်၊ ညစာစားပွဲတွေရှိတယ်၊ သရုပ်ပြပွဲတွေရှိတယ်၊ ဒါပေမဲ့ ကိုကိုထင်နေတဲ့ သတ်မှတ်ချက်က ရက်စက်လွန်းတယ်”

“မိုးချို ဘာပဲပြောပြော ကိုကိုနဲ့ လက်ထပ်ဖို့အတွက် မိုးချို အလုပ်ထွက်ရမှာပဲ…ဧည့်ကြိုမှမဟုတ်ဘူး၊ ဘာအလုပ်မှလုပ်စရာကို မလိုတာ…စဉ်းစားပေါ့”

WWW. AAS. com

ငါဘာလုပ်ရမလဲ…ငါရွေးရတော့မယ်

WWW. MC. com

ကိုယ့်ရပ်တည်မှုကို ယောကျ်ားတစ်ယောက်အတွက် ဖျက်ဆီးပစ်တဲ့မိန်းမမျိုးဟာ မိန်းမမိုက်ပဲ၊ အိမ်ထောင်ဆိုတာ စီးပွားရေးလုပ်ငန်းနဲ့ ပြုလို့ရပါတယ်၊ အလုပ်တစ်ခုရဖို့ ရင်းနှီးထားရတာတွေ အချစ်အတွက်နဲ့ အဆုံးရှုံးမခံသင့်ဘူး”

WWW. AAS. com

ငါငိုနေရတယ်

WWW. MC. com



www.burmeseclassic.com

www.burmeseclassic.com



ငါလဲငိုခဲ့ဖူးတာပဲ၊ ဒါပေမဲ့ ဘဝမှာ အချစ်ဆိုတာ ထပ်တလဲလဲတွေ့နိုင်တာပဲ။

WWW. AAS. com

နင် အချစ်သစ်တွေ့နေပြီပေါ့လေ…

WWW. MC. com

ငါ့ကိုချစ်တဲ့လူလေ…

WWW. AAS. com

ငါကတော့ စွန့်လွှတ်လိုက်တော့မယ်…

WWW. MC. com

နင်ထပ်တွေ့မှာပါ။

မိုးချိုသည် အလုပ်အတွက် ကိုကို့ကိုစွန့်လွှတ်လိုက်သည်။

ကိုကို ဘယ်လိုဆက်သွယ်ပစေ အကြောင်းပြန်မကြားခဲ့။

ကိုကို့ကို မေ့နိုင်ဖို့ဆိုတာ သိပ်ခက်ခဲတဲ့ကိစ္စမှမဟုတ်ခဲ့ပဲလေ။ မိုးချိုသည် ကိုယ့်အကြံကို အကောင်အထည်ဖော်ဖို့ မာမီ့အရှိန်အဝါကို ယူရသည်။ ကုမ္ပဏီပေါင်းများစွာမှ ဒါရိုက်တာတို့နှင့် ရင်းနှီးအောင် စွမ်းဆောင်ရသည်။

မိုးချိုဘဝထဲသို့ နောက်ထပ်လူတစ်ယောက်ထပ်ဝင်ရောက်လာလိမ့်မည်ကိုတော့ အေးအေးဆင့်စကားအရ ယုံပြီးသားပါ။

◆ ◆ ◆





ကိုလွင် ပထမဆုံးသားလေးမွေးသောအခါတွင်မူ မိုးချို မချစ်ဘဲ မနေနိုင်။ ကိုလွင့်ကို မုန်းနေတာကတော့ မပျောက်သေးချေ။

ကိုလွင်သည် M.Sc ဘဝနှင့်ပင်ရှိသေးသည်။

F.R.C.S Part I ဖြေဖို့ကို မဲသီနေတုန်းဖြစ်သည်။

"နင်ကတော့ ငါ့ကိုလော့င်ပြီးရင်း လော့င်မှာပဲ မိုးချို··ခုချိန်ထိ ငါကိုယ်ပိုင်ငွေနဲ့ ကားဝယ်မစီးနိုင်သေးဘူး၊ မိဘကြောင့်သာစီးရတာ···နင်ကတော့ ကားလဲစီးတာ သုံးကြိမ်တောင်ရှိသွားပြီ"

"မိုးချိုက ငွေပြန်မရင်းရဘဲ ကိုလွင်"

"အေး···ဟုတ်သားပဲ၊ ငါကတော့ ရင်းနေရတာပဲ"

"ဆရာဝန် မျိုးဆက်ဆို"

"ခုတော့···အင်း···ဝန်မခံချင်သေးဘူး မိုးချို"



www.burmeseclassic.com

www.burmeseclassic.com



"ကိုလွင် ဝန်ခံစရာမလိုပါဘူး၊ လူဆိုတာ ကိုယ့်ကိုကိုယ်မှားမှန်းသိနေတဲ့ ခံစားချက်နဲ့ အသက်ရှင်နေရတာအဆိုးဆုံးပဲ မဟုတ်လား ကိုလွင်…ကိုလွင်က မသေချာတဲ့ ပကာသနတစ်ခုအတွက် ချစ်သူကို စွန့်ပစ်ခဲ့တယ်…မိုးချိုက ကိုယ့်ရည်မှန်းချက်အတွက် ချစ်သူကို ခုထိထွက်ပြေးနေရတုန်းပဲ…မိုးချိုတို့ မောင်နှမမှာ မတူတာက အသက်ရှင်နေတဲ့ အဓိပ္ပာယ်ပဲ…ကိုလွင် သူ့ကိုချစ်တုန်းပဲလားဟင်"

"နင်ရော"

"မိုးချိုကတော့ အသစ်တစ်ယောက်ဆီကပဲ ထပ်ပြီးစွန့်စားမှုအသစ်တွေလိုချင်တယ်…မိုးချိုနဲ့ ကိုကိုနဲ့က ဘယ်တော့မှ လက်တွဲလို့မရနိုင်ဘူး ကိုလွင်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ မိုးချိုက ဟိုတယ်တစ်ခုကို Manage လုပ်ရတာကို အသွေးအသားထဲက ဝါသနာပါတဲ့လူ၊ ပိုက်ဆံလမ်းပေါ်မှာ လက်ဖျောက်တီးချင်တဲ့မိန်းမ၊ ကိုကိုက မိန်းမတစ်ယောက်ကို ယူပြီးရင် အရည်အသွေးတွေအားလုံး အရေခွံဆုတ်ပစ်မဲ့ယောကျ်ား၊ ပိုဆိုးတာက မိုးချို Job ကို သူ လုံးဝအထင်မကြီးဘူးလေ…ဒီလိုနဲ့ပဲ သူ တစ်နေ့နေ့မှာ သူနဲ့လိုက်ဖက်တဲ့မိန်းမတစ်ယောက်ကို တွေ့သွားပါလိမ့်မယ်…မိုးချိုကလည်း Same as him ပေါ့ ကိုကို"

မိုးချိုနဲ့ ကိုလွင်သည် မောင်နှမ ပီသစွာ လိုချင်မှုကို အတ္တကြီးစွာ သိမ်းပိုက်ထားလိုကြသည်။ ကိုလွင်က ပညာဂုဏ်။





မိုးချိုက ငွေဂုဏ်။ ပြီးတော့ မိုးချိုက နိုင်ငံတကာ ခရီးသွားဆက်သွယ်ရေးလုပ်ငန်းနဲ့ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းထဲမှာ နေရာတစ်နေရာရဖို့အထိ မှန်းထားသောမိန်းမဖြစ်သည်။

ထို့ကြောင့် မိုးချို ဒုတိယရွေးချယ်သောသူသည် မိုးချိုတို့ဟိုတယ်လုပ်ငန်းနှင့်ပတ်သက်သူသာဖြစ်ရမည်ဟု ဆုံးဖြတ်ထားခဲ့သည်။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

မိုးချိုရဲ့စကားသံအဆုံးမှာ သူမက စကားတစ်ခွန်းမှ ထပ်မပြောတော့ဘဲ သီချင်းတစ်ပုဒ်ကို ပြီးဆုံးသည်အထိ ညည်းနေသည်။

"မိုးချို"

ကျွန်တော် ခေါ်လိုက်မှ မေးဆတ်ပြသည်။

"ကျွန်တော်က မိုးချိုအတွက် စွန့်စားမှုတွေပေးနိုင်တဲ့ချစ်သူတစ်ယောက်မဖြစ်နိုင်ဘူးထင်တယ်နော်"

သူမက ကျွန်တော့်မျက်နှာနားတိုးကပ်လာကာ ကျွန်တော့်ဆံပင်များကို သူမလက်တစ်ဖက်နှင့် သပ်တင်ပေးသည်။

"ငါ...နင့်ဆီက ဘာများတောင်းဆိုနေလို့လဲ ကိုခရယ်...ဟင်...ငါပြောပြီးပြီလေ...ငါက အချစ်တစ်ခုအတွက်နဲ့ စိတ်ကူးယဉ်





ပြီး မျောနေတဲ့မိန်းမမျိုးမဟုတ်ဘူးလို့...အခု ငါတို့နှစ်ယောက် အနေအထားက နင်ကြိုက်သလိုယူဆနိုင်တယ် ကိုခ...သေချာတာတစ်ခုရှိတယ်...နင့်ကိုငါ ဒီအလုပ်ထက်မြင့်တဲ့ အလုပ်တစ်ခု ဖန်တီးပေးချင်တယ်...အဲဒါပါပဲ"

"ကျွန်တော် မိုးချိုအဖေနဲ့ မတွေ့လို့မရဘူးလား"

"နင် ဘာလို့မတွေ့ချင်တာလဲ"

"ကျွန်တော့်ရင်ထဲမှာ ဒါဟာ မရိုးသားမှုတစ်ခုပဲလို့ထင်တယ်"

သူမက ထိုစကားကို ဟက်ဟက်ပက်ပက် ရယ်မောလေသည်။

"အင်း...နင်ဟာ ငါထင်ထားတာထက်ကို ပိုတော်နေတယ် ကိုခ...ဟုတ်တယ်...ငါ့အဖေ ငါ့ကို လာတွေ့မှာ အကောင်းလာတာမဟုတ်ဘူး...ငါ့ကိုခေါ်ဖို့လာတာပဲ၊ ငါက မိဘအရိပ်ကင်းလွတ်ပြီး ကိုယ့်ခွန်အားကိုယ်ဖန်တီးချင်တာ...ဒါကို ဒယ်ဒီက လုံးဝလက်မခံဘူး...နင်နဲ့ပေးတွေ့တာ သူ သဘောပေါက်သွားမှာပါ၊ အဲဒီအတွက် နင့်ကိုငါ အလုပ်တစ်ခု ဖန်တီးပေးမှာပါ"

"ဒါ အပေးအယူတစ်ခုပဲ"

"ဟုတ်တယ်လေ"

"မိုးချို...ခင်ဗျား သိပ်တယူသန်ဆန်မနေဘူးလား၊ ကျွန်တော်က အသုံးချခံလည်းမဖြစ်ချင်ဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဒယ်ဒီက သူ့ကို လူတစ်ယောက်နဲ့တွေ့ပေးမယ်ဆိုရင် ငါ ဒီကဘာကြောင့်မခွာနိုင်သလဲဆိုတာ သဘောပေါက်တယ် ကို... နင် အဲဒီလောက်လေးမကူညီနိုင်ဘူးလား"

"ဒါက မသမာမှုတစ်ခုလို့ ကျွန်တော် ယူဆတယ် မိုးချို... ကျွန်တော်က ယောကျ်ားလေးလေ...ကျွန်တော် အမြတ်ကြီးစား မဟုတ်... သလို ဒီလိုလိမ်ညာတဲ့အလုပ်ကိုလဲ မလုပ်ပေးချင်ဘူး"

"အိုး...ဂေါ့ဒ် ကိုခဟာ ငါထင်ထားတာထက် ရိုးသားဖြော... တုန်းပါလား...နင် တကယ်ကလေးဆန်တယ်၊ ကဲပါ...ထားပါ... ဒီကိစ္စ အိုကေ မအိုကေ နင်အခုချက်ချင်း အဖြေပေးလို့ရတယ်"

"ကျွန်တော် စဉ်းစားဦးမယ်"

"နင့်အမေက နင့်ကို ပေါက်ကရတွေပြောရင် နင်တလွဲလုပ်... ဦးမယ်"

"ကျွန်တော့်အမေက ဘယ်ကပါလာရတာလဲ"

"နင်က အမေကို ဘာပဲဖြစ်ဖြစ်ပြောပြတဲ့လူမျိုးဆိုတာ ငါ... သိပါတယ် ကိုခရယ်...ဒီကိစ္စကို နင်ပြန်တိုင်ပင်ဦးမယ်မို့လား...ဘယ်... လောက်ကလေးဆန်သလဲ...နိုင်ငံခြားမှာ အသက်ဆယ့်ရှစ်နှစ်ဆို... Individual Felling နဲ့ပဲ ကိုယ့်ဘဝကိုယ် ပြုပြင်ကြတယ်၊ ဖန်တီး... ကြတယ်၊ ဒီကိစ္စကို နင့်အမေသွားပြောကြည့်လေ...နင့်ဂုဏ်သိက္ခာ... ရစရာမရှိဖြစ်မှာပဲ"

"မကြီးက နားလည်မှုရှိပါတယ်"





"နင့်မှာ ကိုယ်ပိုင်ဦးနှောက်ရှိတာပဲ ကိုခရဲ့...စဉ်းစားပေါ့၊ ကိုယ့်အလုပ်က ကိုယ်နဲ့ဆိုင်တာပဲဥစ္စာ"

"ကျွန်တော့်ကို အယောင်ဆောင်ခိုင်းတာ နည်းနည်းနောနော ဖြစ်မှုမဟုတ်ဘူးနော်"

ထင်တော့ထင်ခဲ့သားပဲ။

ဝန်ထမ်းအသစ်တွေ ရာကျော်ရှိသည့်အထဲမှာ ကျွန်တော့်ဆီကို ဦးတည်လာတဲ့ရည်ရွယ်ချက်သည် သူမ အလိုဆန္ဒအတွက် လိုတဲ့ အချိန်သုံးရန်ပင်ဖြစ်သည်။

"ကျွန်တော် ကိုယ့်ခွန်အားနဲ့ရတဲ့ငွေကိုပဲ ကျွန်တော့်မိဘတွေကို လုပ်ကျွေးချင်တယ် မိုးချို...ကျွန်တော့်ကို မိန်းမတစ်ယောက်က အချိန်မရွေးခိုင်းဖို့ ရတဲ့ငွေနဲ့ အသက်ဆက်ရှင်ရလောက်အောင် ကျွန်တော် မမိုက်မဲသေးဘူး... ဒီထက်ရှင်းရှင်းပြောရရင် ကျွန်တော် ယောကျ်ားပိုင်းလုံးမဟုတ်ဘူး မိုးချို"

သူမဆီမှ သက်ပြင်းချသံသဲ့သဲ့ကြားရသည်။

"နင့်ကို ဒီလောက်စိတ်ပျက်စရာကောင်းမယ်မထင်ခဲ့ဘူး" ဟု အင်္ဂလိပ်လို ရေရွတ်သံကိုလည်းကြားရသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ သူမ အတန်ကြာဝေးကွာသွားသလိုထင်ရလေသည်။ ကျွန်တော့်ဆီ ညဘက် ဖုန်းမဆက်တော့။ ဖယ်ရီကားနှင့်ပင် ကျွန်တော်ပြန်သည်။ ဝေးကွာအောင် မဖန်တီးသော်လည်း သူမမျက်လုံးပြာများနှင့် မနီးစပ်သည့်အတွက် စိတ်ချမ်းသာနေလေသည်။

မေကြီးကတော့ သတိတရနှင့်ကိုပြောသည်။

"ဟိုကောင်မလေးလာတာမတွေ့ပါလား"

"မေကြီးက သတိရနေလို့လား"

"ကြံကြံဖန်ဖန်တော်…ကျုပ်က ဘာဆိုင်လို့ သတိရရမှာလဲ"





"မသိဘူးလေ…ကျွန်တော်တောင် သတိမရတာကို မေကြီးက တခုတ်တရ ပြောနေလို့"

"ငါ့သားက ရုပ်ကလေးချော၊ ပညာကလေးတတ်နဲ့မို့ မိန်းမလေးအဖော်ရှိတာ မဆန်းပါဘူး…ဒါပေမဲ့ အဲဒီမိန်းကလေးကတော့…"

မေကြီးက စကားဆက်မပြောဘဲ သတင်းစာကိုသာ ကောက်လှန်ဖတ်နေပြန်သည်။ ဖေကြီးကတော့ မေကြီး လည်ဂုတ်ကို နှိပ်နယ်ပေးရင်း တစ်ဝါးဝါးသန်းနေသည်။

"ဆက်ပြောလေ…ဘာဖြစ်လဲ မေကြီး"

"မင်းယူတဲ့ မိန်းကလေး ဘယ်သူပဲဖြစ်ဖြစ် မင်း မေကြီးက ကြည့်ရမှာမဟုတ်ဘူး သားရေ…အဲဒါပြောချင်တာ"

ဖေကြီးကဝင်ပြောပေးတော့ မေကြီးက ဖေကြီးဗိုက်ကို လိမ်ဆွဲပြီး

"ရှင့်အလုပ်လား…လျှာကိုရှည်တယ်" ဟု လှည့်ကြိမ်းလေသည်။ ပြီးတော့ ကျွန်တော့်ဘက်လှည့်လာကာ…

"ညနေက ဖုန်းဆက်တယ်…သားနာမည်နဲ့ပဲ…ဘယ်သူလဲမေးတော့ သက်ပြင်းချသံကြားရတယ်…ပြီးတော့ ဖုန်းချသွားရော"

"သူငယ်ချင်းတစ်ယောက်ယောက်ဖြစ်မှာပေါ့"

"သားရယ်…မေကြီးက နင့်ဖေကြီးကို နိုင်ချင်သလောက် နိုင်ပေမဲ့ နင်အလှည့်ကျတော့ မေကြီးလိုမိန်းမမျိုး မတွေ့ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မကြေးသည် ကျွန်တော့်ကို မိုးချိုနှင့်ပတ်သက်ပြီး တစ်ခုခု ပြောချင်ပုံရသော်လည်း အရိပ်အယောင်မျှသာပြ၍ ဆက်မပြောတော့ပေ။

မိုးချိုကို ကျွန်တော်နှင့်ပတ်သက်လာမှာ ကျွန်တော့်မိဘဘက်က ဘာကြောင့်ကြောက်နေသလဲမသိပါ။ မိုးချိုရဲ့ အရှိန်အဝါကြောင့်တော့ မဟုတ်တန်ရာ။

မိုးချိုရဲ့ အတ္တကြီးမှုကို အကဲခတ်တတ်သော တော်ရုံလူပင် ကောင်းကောင်းသဘောပေါက်ပါသည်။ ထို့ကြောင့် ကျွန်တော့်မိဘများဘက်က တားဆီးတဲ့သဘောပင်ဖြစ်သည်။

◆ ◆ ◆





ရွှေဝတ်ရည်ကုမ္ပဏီမှ ပို့လိုက်သောဒြပ်သည်များတွင် မိုးချို အဖေ ပါမလာခဲ့ပါ။ ထိုအကြောင်းကို မိုးချိုပင် ကျွန်တော့်ထံ ဖုန်းဆက်အသိပေးခဲ့သည်။ သူမအသံက ဖုန်းထဲမှာတော့ နူးညံ့လေသည်။

"ဒယ်ဒီ အလုပ်ကိစ္စတစ်ခု အရေးကြီးလာလို့ ဒီဧည့်သည်တွေနဲ့ ပါမလာခဲ့ဘူး ကိုခ"

"အင်း…အဲဒီတော့"

"နှင်နဲ့တွေ့ဖြစ်မတွေ့ဖြစ်တဲ့ကိစ္စက အရေးမကြီးတော့ဘူးပေါ့"

"ဟုတ်ကဲ့"

"ကိုခ…ငါတို့ဟိုတယ်က သင်တန်းတစ်ခုဖွင့်မှာ နှင်သိပြီးပြီးလား"



www.burmeseclassic.com

www.burmeseclassic.com



စကားမရှိ စကားရှာပြောနေမှန်းသိသာလှသော်လည်း ကျွန်တော့်အတွက်ကြောင့် သူမကို နောက်တစ်ကြိမ် အရှက်မရစေလိုပါ။ ယောကျ်ားလေးတစ်ယောက်ကို ချဉ်းကပ်တဲ့နည်းလမ်းဟာ ဘယ်လောက်ဆန်းသစ်နေပါစေ ယောကျ်ားလေးဘက်က တုံ့ပြန်မှုမရှိသရွေ့တော့ ဘာမှအကြောင်းထူးလာမှာမဟုတ်။

ဒါပေမဲ့ မိန်းမတစ်ယောက်ဟာ တတ်စွမ်းသမျှ သူ့ဘောင်ထဲက ချဉ်းကပ်ခွင့်ကိုတော့ ကျွန်တော် မစော်ကားလိုပါ။ လူတိုင်းမှာ ဂုဏ်သိက္ခာရှိသည်။ ထို့အတူ ကိုယ့်ကိုကိုယ် အထင်ကြီးပစ်လိုက်သော ယောကျ်ားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ကြီးမြတ်မှုဟု ကျွန်တော် မယူဆပါ။ ပြီးတော့ ကျွန်တော်က အားနာတတ်သည်။

"ဟုတ်ကဲ့"

"ငါက အဲဒီသင်တန်းမှာ ညှို့ကြိုအပိုင်းအတွက် တစ်ချိန်ယူပြီး သင်ပေးရမယ်သိလား"

"ကောင်းတာပေါ့…မိုးချိုက တော်ပြီးသားပဲ၊ သင်နိုင်မှာပါ။ စံပြညှို့ကြိုဆိုတော့ သင်တန်းသားတွေက လေးစားကြမှာပါဗျာ"

"ကိုခ…အခု နင်အားလား"

"ဗျာ"

"ငါတို့ Surf N Surf သွားရအောင်လ…ငါ နင့်ကို ကော်ဖီတိုက်ပါ့မယ်"

♦ ♦ ♦





"ကျွန်တော်နဲ့ မိုးချို ခုလိုသွားလာနေတာ…ကျွန်တော်တို့ တော်ဝန်းကျင်မှာ တမျိုးမြင်နေတယ် မိုးချို"

သူမမျက်လုံးများက Screen ပေါ်မှာသာ ရှိနေပြီး ကျွန်တော့်စကားကို ခေါင်းညိတ်ပြသည်။

"နင် ဘာလို့ဂရုစိုက်နေလဲ…နင့်ဆီမှာ International အမြင်နဲ့သင့်နေပြီ…ကိုယ့်ကိုကိုယ်ပဲ စိတ်ဝင်စားစမ်းပါ ကိုခရာ…နိုင်ငံခြားသားတွေနဲ့ ဆက်ဆံနေရတာ…အတွေးအခေါ်တွေ မအောက်နဲ့"

"မိုးချို…ကျွန်တော် အတွေးအခေါ် ခေတ်နောက်ကျနေတာ မဟုတ်ဘူး၊ ဘယ်သူကမှ အခြေအနေမှန်ကို နားလည်ပေးမှာမဟုတ်ဘူး"

သူမမျက်လုံးများက ကျွန်တော့်ဘက် ပြန်လှည့်လာသည်။

"နင့်ဂုဏ်သိက္ခာကို ငါကလေးစားရမှာလား ကိုခ ဟင်…ပြောစမ်းပါဦး…အခု ဘာဖြစ်နေလဲ…အခုအခြေအနေက ဘာမဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ဒယ်ဒီနဲ့ နင် မတွေ့ချင်ဘူး၊ ကံကောင်းပြီး ဒယ်ဒီကလဲ ရောက်မလာဘူး…ပြီးပြီလေ…နေပါဦး…နင်က ဘာကိုစိုးရိမ်နေတာလဲ"

ကျွန်တော် မိုးချိုကို မချစ်မိချင်ပါ။ မိုးချိုရဲ့ အနီးကပ်စရိုက်သည် လောဘကြီးလွန်းသည်။ ဖြစ်ချင်သောဆန္ဒ များပြားလွန်းသည်။ ထိုအတွက်ကြောင့်ပဲ မိုးချိုကို သူငယ်ချင်းအနေနဲ့သာ အားကျပြီး မိုးချိုရဲ့ ချစ်သူ မဖြစ်ချင်တော့တာဖြစ်သည်။

မိုးချိုကသာ ကျွန်တော့်ချစ်သူဖြစ်မယ်ဆိုလျှင် သူမက အမြဲ ရှေ့ပြေးပြီး ကျွန်တော်က နောက်ကောက်ကျကျန်ခဲ့မှာပဲ။ အဲဒါ သိပ်သေချာသည်။

"ကျွန်တော် အိပ်ငိုက်နေပြီ"

"ဒါဆို…ပြန်ကြမယ် ကိုခ၊ နက်ဖြန်ကစပြီး ငါ့ကားနဲ့ခဲ ပြန်လိုက်လေ…ဒီတစ်ခါ အပေးအယူ ဘာမှမရှိတော့ပါဘူး"

"ဖယ်ရီနဲ့ အဆင်ပြေတယ်လေ"

"ငါ့ကို နင် စိတ်ဆိုးနေတုန်းပဲလား"

"ဟာ…စိတ်ဆိုးတယ်ဆိုတာ မိန်းမအလုပ်ပဲ"

"ဒါဆို ငါ မနက် နင့်ကိုဝင်ခေါ်မယ်…ဒါပဲ"

"ကျွန်တော် မနက်ဖြန်မနက် ဘုရားမှာ ရွှေသင်္ကန်းလှူမလို့ မိုးချို အိမ်ကအစောကြီးထွက်မှာ"

"ဟုတ်လား…ဘာအတွက်လဲ ဘုရားတက်တာမွေးနေ့လား"





"ကျွန်တော့်မွေးနေ့ ကြာသပတေးနေ့တိုင်း ဘုရားမှာ ရွှေသင်္ကန်းလှူတယ်လေ မိုးချို"

"နင်က သိပ်လိမ္မာတဲ့ကောင်လေးပဲ…အိုကေလေ…ငါ နက် ခြောက်နာရီ လာခေါ်မယ်…ငါလည်း ဘုရားတက်တာပေါ့"

နောက်တစ်နေ့နံနက်တွင် မိုးချိုနှင့် ကျွန်တော် ရွှေတိဂုံဘုရားပေါ်မှာ အတူရှိနေခဲ့ပါသည်။ မိုးချိုရဲ့ ခန္ဓာကိုယ်မှာဝတ်ထားသောအရောင်သည် ပန်းသခွားရောင်ဖြစ်ကာ ဖြူဝင်းသောအသားနှင့် လိုက်ဖက်နေသည်။ ပြီးတော့ ဆံပင်။ မိုးချိုသည် သူမဆံပင်ကို ပခုံးသာသာထိသာ အရှည်ထားပြီး အောက်ပိုင်းကို အခွေလိပ်များကောက်ထားရာ ပုံစံက အင်္ဂလိပ်မလေးနှင့် ပိုတူနေလေသည်။

"ကိုခ…နင်တို့အဖွဲ့ကို…မန္တလေးခရီးစဉ်ထဲ ထည့်လိမ့်မယ် ဆင်တယ်…နင် မန္တလေးကို တစ်ပတ်လောက်သွားရဦးမယ်"

"မိုးချိုက ဘယ်လိုသိလဲ"

"အင်း…ငါ မနေ့ကနဲ့တွေ့ပြီးပြီလေ…ငါ့ကို သင်တန်းထိန်း ခေါ်ပြောတုန်းသိတာ"

"ဟုတ်လား…ပျော်စရာပဲ… ဘုရားစုံရောက်တော့မှာပဲ"

"မန္တလေး…ပြင်ဦးလွင်ဆိုတော့ ပျော်စရာကြီးပဲ…ငါတောင် လိုက်ချင်တာ…ဒါပေမဲ့ နောက်ကြုံဦးမှာပါ၊ နင် စာတွေဖတ်ထားဦးနော်…နိုင်ငံခြားသားတွေမေးရင် ဖြေနိုင်အောင်လို့…သူတို့က မြို့တစ်မြို့ရောက်ရင် အဲဒီမြို့သမိုင်းကို အတွင်မေးတော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ...ကျွန်တော်ပြန်လာရင် မိုးချိုအတွက် ဘာလက်ဆောင်ဝယ်ခဲ့ရမလဲ"

"မလိုပါဘူး...ငါ့မှာအားလုံးရှိတယ်၊ နင် ဟိုရောက်ရင်သာ ငါ့ကိုဖုန်းဆက်ပြောဦး"

◆ ◆ ◆





ကျွန်တော်တို့ခရီးစဉ်တွင် ကျွန်တော်နှင့်အတူပါလာသည်မှာ ဆည့်လမ်းညွှန်သုံးယောက်ဖြစ်သည်။ သုံးယောက်အနက် တစ်ယောက်က မိန်းကလေး။ အသားညိုကာ ဆံပင်သည် ဒူးခေါင်းဖုံးထိရှည်သည်။ နာမည်က ခေမာ။ ကျွန်တော်နှင့် ရွယ်တူပင်ဖြစ်သည်။

ခေမာ့ကို နိုင်ငံခြားများက သူမဆံပင်အကြောင်း တော်တော်မေးကြလေသည်။ ခေမာ အသာကလေးပြုံးရင်း ပြန်ဖြေနေသောဟန်သည် ကျွန်တော့်အတွက် ထူးခြားနေလေသည်။

ခရီးတစ်ထောက်နားတိုင်း ကျွန်တော်နှင့် လမ်းညွှန်သုံးယောက်အတူ တစ်စားပွဲတည်းထိုင်ရာ မန္တလေးရောက်တော့ တော်တော်ရင်းနှီးနေပေသည်။

မျက်ခုံးထူထူ၊ ဆံပင်ရှည်ရှည်။ မြန်မာရင်စေ့အင်္ကျီလက်စက နှင့် ချိတ်လုံချည်များသာ ဝတ်တတ်သော ခေမာသည် ဧည့်လမ်းညွှန်အဖြစ် လုပ်ကိုင်ခဲ့တာ တစ်နှစ်မျှပင်ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းခကို မြင်ဖူးသလိုထင်တယ်"

ခင်မင်လာသောအခါ ကျွန်တော့်ကို ထိုအတိုင်းပြောသည်။

"ဗျာ"

"ဟုတ်တယ်...ဪ...ကျွန်မသိပြီ...Meet Joe Back ရုပ်ရှင်ထဲက ဘရက်ပစ်မျက်နှာမျိုး ဟုတ်တယ်...ဟုတ်တယ်"

"ဟာဗျာ...မဟုတ်လောက်ပါဘူး"

သို့သော် ကျွန်တော့်ရုပ်ရည်ရဲ့ ထူးခြားချက်က မျက်လုံးညိုများဖြစ်ပေသည်။ ကျွန်တော့်အသားက ယောက်ျားလေးပေမဲ့ ဖြူသောကြောင့် ရုပ်ရည်နှင့် အရပ်မြင့်မားမှုသည် သာမန်လူများအလယ်တွင် ကျွန်တော့်ရဲ့ ထူးခြားမှုကို ဖြစ်စေသည်။

"ကိုမင်းခ...ရုပ်ရှင်မင်းသားလုပ်ပါလား... လက်ရှိမင်းသားတွေ ထိုင်ငိုကုန်လိမ့်မယ်"

"ကျွန်တော်က ရှက်တတ်တယ်ဗျ"

ခေမာနှင့် ပြောဆိုဆက်ဆံသည့်အချိန်တွင် ကျွန်တော့်စိတ်သည် မလေးလံ။ ပေါ့ပါးကာ ခေမာ့ကို ခင်မင်စိတ်က တော်တော်ကြီးမားမှန်း ခရီးစဉ်က ရန်ကုန်ပြန်ရောက်မှ သိလေသည်။

ပြန်ရောက်စညက ခေမာ့ဆီ ကျွန်တော် ဖုန်းမဆက်ဘဲ မနေနိုင်။ သို့သော် ခေမာ့ဖုန်းက လိုင်းမအား။ ထိုအချိန်မှာ မိုးချိုဆီက ဖုန်းဝင်လာလေသည်။





"ကိုခ...ပြန်ရောက်တာ ဘာလို့မဆက်တာလဲ၊ ငါကဖြင့် သူဆက်မယ်ထင်ပြီး စောင့်နေတာ"

"ဆောရီး မိုးချို...ကျွန်တော် မအားလို့ပါ"

"အခု...ဘာလုပ်နေလဲ"

"အိပ်တော့မလို့"

"အိပ်မဲ့လူက ဖုန်းနားမှာရောက်နေရလား"

"ဗျာ"

"ဟုတ်တယ်...ခါတိုင်း ငါဖုန်းခေါ်ရင် နင့်အမေပဲလာကိုင်တာ...နင်က တစ်ခါမှတိုက်ရိုက်မကိုင်ပါဘူး"

"မိုးချို...ကျွန်တော် အိပ်ချင်ပြီ...ဒါပဲနော်"

သူမနဲ့ ဘာမှမဆိုင်တဲ့သူ့ကို ချုပ်ချယ်ချင်တာ တရားလွန်လာပြီထင်သည်။ ကျွန်တော် ဒီဟိုတယ်မှာ လုပ်နေသရွေ့ကတော့ သူမနဲ့ တွေ့ဦးမှာပဲ။ ရှောင်လို့မရ။

◆ ◆ ◆

"ခေမာက ပုဂ္ဂလိကဧည့်လမ်းညွှန်လိုင်စင်ကိုင်ထားတာ ကိုမင်းခရဲ့...ဒါကြောင့် အလုပ်များတယ်...ကျွန်မလည်း ကိုမင်းခကို သတိတော့ရပါတယ်"

"ကျွန်တော် ဖုန်းဆက်သေးတယ်"

"ဟုတ်လား"

"ဒါပေမဲ့ လိုင်းမအားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စရှိလို့လား ကိုမင်းခ"

"မရှိပါဘူးဗျာ...သတိရလို့ဆက်တာ"

"ဟင်းဟင်း...ကျွန်မကိုမီအောင်ဖမ်းဖို့က တော်တော်မလွယ်တာ"

"ခမာ...ဒီတနင်္ဂနွေ အားလား"

"ကျွန်မ...အင်း...ခဏနော်...check လုပ်လိုက်ဦးမယ်၊ တနင်္ဂနွေ...ကျွန်မ ညွှန့်သည်နှစ်ယောက်ကို ရေလယ်ကျောက်တန်း လိုက်ပို့စရာရှိတယ်"

"ဟာဗျာ...ကျွန်တော်က အဲဒီနေ့အားတာ...စကားလေး ဘာလေးပြောရအောင်လို့"

"ဒီလိုလုပ်လေ...စနေရောအားလား"

"စနေက နေ့တစ်ဝက်တော့အားတယ်...ဂျူတီလဲပြီးမှ အားမှာပါဗျာ"

"မနက်ပိုင်းအားတာပေါ့"

"ဟုတ်ကဲ့"

"ကျွန်မ အင်းဝမှာ မဂ္ဂဇင်းလာယူရမယ်လေ"

"ဟာ...အတော်ပဲ...ကျွန်တော် အင်းဝမှာပဲ စောင့်နေလိုက်မယ်၊ ဘယ်အချိန်လာမှာလဲ"

"ဆယ်နာရီ"





"အိုကေ...အိုကေ...ကျွန်တော် စောင့်နေမယ်၊ ဪ... ခမာ...ကျွန်တော် မနက်စာကျွေးမယ်နော်"

"စားရမှာပေါ့ရှင်...ကိုမင်းခ...ဒါဆို အဲဒီနေ့ကျမှတွေ့ကြမယ်လေ"

ဖုန်းချသွားသည်အထိ အသံက ကျွန်တော့်နားထဲ မပျောက်သေး။ မျက်ခုံးထူထူအောက်က ဗာဒါစေ့လိုရှည်ရှည်မျောမျော မျက်ဝန်းကလေးတွေကို ကျွန်တော် ဖျတ်ခနဲ သတိရလိုက်မိသည်။

ဘယ်တော့မှ မိန်းကလေးတစ်ယောက်ကို ခုလို ခင်ခင်မင်မင် မရှိခဲ့။ ခမာသည် သာမန်မိန်းမပေမဲ့ ကျွန်တော့်အတွက် ထူးခြားနေသည်။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com



အင်းဝစာအုပ်တိုက်မှာ ကျွန်တော် သိပ်အချိန်မဖြုန်းလိုက်ရပါ။

ခမောသည် အစိမ်းရင့်ရောင် ဖြောင်ပေါ်မှာ အနက်ရောင်ချိတ်တွေပါသော ဝမ်းဆက်ကိုဝတ်ထားကာ ဆံပင်များကို ကျစ်ဆံမြီးကျစ်ထားလေသည်။

"ကျွန်မ နောက်ကျသွားပြီလား"

"မကျသေးပါဘူး…အတိပဲ…လာလေ…ကျွန်တော်တို့ မနက်စာစားရအောင်…ခမော ဘယ်ဆိုင်သွားချင်လဲ"

"ကျွန်မက ကိစ္စမရှိပါဘူး၊ ကိုမင်းခပဲ ရွေးပါ…ကိုမင်းခက ကျွေးမဲ့သူပဲ"

ကျွန်တော်က Blue Cafe ကိုပဲ ရွေးလိုက်သည်။





"ကျွန်တော် ဒီဆိုင်မှာ ခဏခဏလာစားဖြစ်တယ်၊ ဆိုင်ကဘိတ်လည်းတိတ်တယ်၊ ပြီးတော့ ဆိုင်အပြင်အဆင်ကိုလည်း သဘောကျတယ်၊ ခမော စားချင်တာမှာလေ"

"ကျွန်မ ကော်ဖီပဲသောက်တော့မယ်"

"ဟာ…ထမင်းစားပါလား"

"ကျွန်မရဲ့ ထမင်းစားချိန်က နေ့လည်တစ်နာရီလောက်မှရှင့်…ဒါနဲ့ ကိုမင်းခကို မေးရဦးမယ်"

"ဟုတ်ကဲ့…မေးလေ"

"ကိုမင်းခတို့ဟိုတယ်မှာ မမိုးချိုလွင်ဆိုတာရှိတယ်…ကိုမင်းခ သိသလားလို့"

"ဗျာ"

ကျွန်တော့်နားထင်တွေတစ်ချက်ကျိန်းသွားသည်။

မိုးချိုနဲ့ လွှတ်တဲ့နေရာရှိပါတော့မလား မသိချေ။

"ကျွန်မနဲ့ မမိုးချိုလွင်နဲ့က မတော်ရတဲ့ယောင်းမပေါ့လေ…ကိုမင်းခ မသိလည်း ကိစ္စမရှိပါဘူး…ရပါတယ်"

ကျွန်တော့်ကို မိုးချို ပြောပြဖူးသော သူမအရင်ချစ်သူ ဇင်ဝေဆိုတာ သတိရမိသည်။ ဒါဆို ခမော ကိုဇင်ဝေရဲ့ညီမဖြစ်မည်။

"ကျွန်တော်တို့ထက် စီနီယာကျတော့ သိတာတော့သိပါတယ်"

"ခမောက ကိုဝေနဲ့ မမိုးချိုကို အဆင်ပြေစေချင်မို့တာပါ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုဝေက ခေမာ့အစ်ကိုပေါ့…ကိုဝေနဲ့ အဲဒီအစ်မနဲ့က လက်ထပ်ခါနီးမှ ပြတ်သွားတာ…အခု ကိုဝေက အိမ်ထောင်ကျနေပါပြီ။ မမိုးချိုလွင်ရော အိမ်ထောင်ကျပြီလားဟင်"

"အဲ…မကျသေးပါဘူး"

"အင်း…ဒါဆိုရင်တော့ သူ ကံကောင်းနေသေးတာပေါ့၊ ကိုဝေသာ သူနဲ့အိမ်ထောင်ပြုဖြစ်ရင် အခုလို အရက်သမားဖြစ်မှာ မဟုတ်ဘူး"

"ခေမာ့အစ်ကိုက အိမ်ထောင်ရေးအဆင်မပြေလို့လား"

"သူက မမိုးချိုလွင်ကိုပဲချစ်တာပါ…အခု သူယူထားတဲ့ မိန်းမကလည်း ကောင်းတယ်၊ ဒါပေမဲ့ ခုချိန်ထိ သူ့မှာ မမေ့နိုင်သေးဘူး"

မိုးချို့ရဲ့ ဆွဲငင်အားဘယ်လောက်ပြင်းထန်လဲဆိုတာ ကျွန်တော်ကိုယ်တိုင် သဘောပေါက်ပါသည်။ ရင်နဲ့ရင်း၍ သူ့အဖို့ကတော့ မိုးချိုသည် မေ့ဖို့လွယ်ကူတဲ့မိန်းမတစ်ယောက်မဟုတ်ပါချေ။

"ဒါနဲ့…ကိုမင်းခနဲ့ မမိုးချို မခင်ဘူးလား"

"အဲ…ခင်ပါတယ်…ခင်ပါတယ်"

ကျွန်တော် ဖြေအပြီးမှာ ခေမာကပြုံးလေသည်။ ပြီးတော့ စားပွဲထိုးလာချပေးထားသော ကော်ဖီကို ဖိမ်ခံ၍သောက်နေလေသည်။

"ကျွန်မတို့နှစ်ယောက် ခင်သွားကြတာ ရေစက်တစ်ခုပဲနော်"

"ဟုတ်တယ်…ကျွန်တော်ကလည်း ခေမာ့ကို စိတ်ထဲမှာ





ကိုရင်းနှီးနေတာဗျ…ကဲ…ခေမာ…ကျွန်တော်တို့နှစ်ယောက် အမြဲတမ်းသူငယ်ချင်းဖြစ်ကြရအောင်"

"အိုကေလေ…ကျွန်မက အလုပ်တော့များတယ် ကိုမင်းခရဲ့ ခရီးထွက်နေရတာများတော့ ကိုမင်းခနဲ့ နောက် ဒီလိုထပ်ဆုံဖို့ သိပ်မလွယ်ဘူးရှင့်"

"ဆုံချင်တဲ့လူက လာတွေ့ရမှာပေါ့ဗျာ…ကျွန်တော်က တွေ့ချင်တဲ့သူကိုး"

ခေမာ ရှက်ကိုးရှက်ကန်းရယ်လိုက်တဲ့ မျက်နှာကလေးက သိပ်ချစ်စရာကောင်းပါသည်။ ဧည့်ကြိုတစ်ယောက်ပေမဲ့ ခေမာ့မျက်နှာသည် မြန်မာအမျိုးသမီးတစ်ယောက်ရဲ့ သိက္ခာနဲ့ တည်တံ့ပါသည်။

ကျွန်တော့်အတွက် ခေမာက စံပယ်ပန်းနှင့်တူပါသည်။ ပွင့်ချပ်နုနုဖတ်ဖတ်ကလေးတွေနှင့်။ အင်မတန် မွှေးပျံ့သည်။ မိုးချိုကတော့ သစ်ခွပန်းနှင့်တူပါသည်။ အမြင့်ကြီးမှာရှိပေမဲ့ ရနံ့မရှိ။

မိုးချို့ရဲ့ အားနည်းချက်သည် တစ်ပြိုင်နက်တည်းမှာ သူမအတွက် အားသာချက်ဖြစ်နေသည်။

မိုးချိုက သိပ်တော်သည်လေ။ သူမကို ပတ်ဝန်းကျင်ကသိုအပ်တာကို ဂုဏ်ယူချင်သောမိန်းမ၊ ထိုသို့ပတ်ဝန်းကျင်မှာ ထင်ပေါ်ကျော်ကြားမှုကိုရင်း၍ ငွေကြေးဖြင့် ဩဇာအာဏာတည်ဆောက်ချင်သောမိန်းမဖြစ်သည်။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com



ညနေဘက်တွင် မိုးချိုကားနှင့်ပင် ကျွန်တော် အိမ်ပြန်ရ သည်။ ပတ်ဝန်းကျင်သည် မိုးခပ်ဖွဲဖွဲရွာကျနေသည်။ ကားကို ဂရု တစိုက်မောင်းနှင်နေသော မိုးချိုဆီက အသံထွက်မလာ၍ ကားထဲမှာ တိတ်ဆိတ်နေလေသည်။ နောက်မှ သတိရပုံဖြင့်မေးသည်။

"မနက်က…အင်း…မနက်က နင့်ကို Blue Cafe မှာ မိန်းမတစ်ယောက်နဲ့တွေ့တယ်လို့ ငါ့သူငယ်ချင်းတစ်ယောက်ကပြော တယ်၊ အဲဒါ ဘယ်သူလဲ ကိုခ…ဖြေချင်မှဖြေပါလေ…ငါနဲ့မဆိုင် ပါဘူး၊ တော်ကြာ နင်က ငါ့ကို Privacy မရှိဘူးထင်နေဦးမယ်"

ကျွန်တော် မပြောချင်ပေ။ သို့ရာတွင် မိုးချိုမျက်နှာက နူးညံ့ ၍ အသံကအစ ကျွန်တော့်ကို တောင်းပန်နေသလို ချိုသာနေတာ အားလည်းနာသည်။





ခေမာနဲ့ ကျွန်တော်က (ကျွန်တော့်ဘက်က သဘောကျနေ ပြီမို့) ရှေ့မှာတစ်ခုခု ပတ်သက်လာနိုင်သဖြင့် မိုးချိုကို ပြောရမှာ ကြောက်လည်းကြောက်သည်။ မိုးချိုနားမှာ ထိုင်နေရတာကိုက မလွတ် သပ်သလို ခံစားမိသည်။ မိုးချိုဆီကနေ အငွေ့အသက်တစ်မျိုးက ကျွန်တော့်ကို လွှမ်းမိုးနေတာမျိုးကိုလည်းမကြိုက်။

"တစ်ဖက်သတ်ဆိုတာ နာမည်လည်းမကောင်းဘူး၊ ခံစား ချက်လည်းမကောင်းဘူး"

"မိုးချို"

ကျွန်တော့်ကို သူမ လှည့်မကြည့်ပါ။ အိပ်မက်ထဲမှာ စကား ပြောနေပုံမျိုးဖြင့် သူမ စကားဆက်ပြောနေသည်။

"အငြင်းခံရတဲ့ ခံစားချက်ထက် ပစ်ပယ်ခံရတဲ့ ခံစားချက် အဆိုးတယ်…ငါ အဲဒီလိုခံစားရမှာလည်းကြောက်တယ် ကိုခ…နင် ည်းစားတစ်ယောက်ရသွားခဲ့ရင်တောင် ငါ နင့်ရဲ့သူငယ်ချင်းဖြစ်ချင် ပါသေးတယ်…ဟင်…ဖြစ်နိုင်သေးတယ်မို့လားဟင်"

"မိုးချို ဘာကိုပြောချင်တာလဲ"

"ကိုခရာ…နင် အူချင်ယောင်ဆောင်နေပြန်ပြီ…ထားပါ တော့"

King & Queen ဆိုင်ထဲဝင်၍ ကျွန်တော် ခေါင်းလိမ်းဆီ ဝယ်သောအခါ မိုးချိုက ပိုက်ဆံထုတ်ပေးသည်။ ပြီးတော့…

"နင့်ကို အကျီဝယ်ပေးဦးမှပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်မှာ အင်္ကျီတွေရှိပါတယ်"

"ငါဝယ်ပေးလည်းတစ်ထည်ပေါ့…ယူလိုက်ပါ"

Lee တံဆိပ်ရှပ်တစ်ထည်ကို အတင်းဝယ်ပေးသဖြင့် အားနာသော ကျွန်တော်က ယူလိုက်ရပြန်သည်။

"ငါ ညကျရင် လာခေါ်မယ်၊ ယူဂျီးနီးယားမှာ ကြေးအိုးသွားသောက်ရအောင်လေ…နင် စောင့်နေနော်"

"ဟို…ကျွန်တော်…"

"ဘာမှပြောမနေနဲ့…ငါ ညခုနစ်နာရီခွဲလာခေါ်မယ်…အိုကေ see you"

သူမကားနောက်ပိုင်းကိုကြည့်ကာ ကျွန်တော် ခေါင်းကုတ်မိသည်။ ကျွန်တော့်ကို ချည်နှောင်ဖို့ကြိုးစားချင်နေတာ မိုးချိုအတွက် ဘာတစ်ခုမှ အမြတ်ရမှာမှမဟုတ်ဘဲ။

ခေမာ့ကို သတိရလေသည်။

ဖုန်းဆက်တော့ ခေမာ အပြင်ထွက်ခါနီးအချိန်နှင့်တိုးသောသည်။

"ကိုမွင်းခလား"

"ဟုတ်ကဲ့"

"ဝမ်းနည်းပါတယ်ရှင်…ကျွန်မ ခုပဲ နိုင်ငံခြားဧည့်သည်တွေနဲ့ ညစာစားဖို့ ချိန်းထားလို့…ဒီလိုလုပ်လေ…ညကိုးနာရီမှ ကျွန်မ ဖုန်းပြန်ဆက်မယ်လေ…နော်"





"ဟာ…ခေမာ မအားရင်လည်းရပါတယ်၊ ကျွန်တော် သတိရလို့ဆက်တာပါ"

"ကျွန်မကလည်း သတိရပါသတဲ့ရှင်…ဒါပဲနော်…ညကျရင် စောင့်နေလေ"

ကျွန်တော် ရင်ခုန်ပြီးကျန်ခဲ့သည်။

မိုးချိုနဲ့ မခံစားရသော လွတ်လပ်မှု၊ ရင်ခုန်မှု၊ ပြီးတော့ ကြည်နူးမှုကို ကျွန်တော် ခေမာနဲ့တွေ့တိုင်း၊ စကားပြောတိုင်းမှာ ခံစားရလေသည်။ ဖေကြီးက ကျွန်တော့်မျက်နှာအရိပ်အကဲကို လှမ်းကြည့်ကာ…

"သားရေ…လေ့နံ့နှစ်ဖက်လည်းမနင်းနဲ့ကွဲ… တရုတ်စာနဲ့ ကုလားစာလဲ ရောမစားနဲ့ကွဲ…လှေနံနှစ်ဘက်နင်းရင် ပြုတ်ကျတတ်တယ်၊ တရုတ်စာနဲ့ ကုလားစာရောစားရင် အရသာမရှိတော့ဘူး…မင်းဟာက အချိုနဲ့ အစပ်နဲ့ တွဲနေတာဖြစ်နေပြီ"

ဟု လှမ်းစလေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ မိုးချို ယူဂျီးနီးယားဆိုင်ထဲရောက်တော့ မထင်မှတ်ဘဲ ခေမာနှင့် သွားတွေ့လေသည်။ နိုင်ငံခြားသားလင်မယားနှစ်ယောက်နှင့် စားပွဲတစ်ဝိုင်းမှာ အတူရှိနေသောခေမာသည် ကျွန်တော်နဲ့ မိုးချို ဝင်လာတာမြင်တော့ မျက်နှာတစ်ချက်ပျက်သွားသည်။ ပြီးတော့ ခေါင်းညိတ်၍ ပြုံးပြလေသည်။

"အဲဒီတစ်ယောက်ကို မင်း ဘယ်လိုသိနေတာလဲ"

မိုးချိုအသံက အထိတ်တလန့်နိုင့်လှသည်။

"ကျွန်တော်တို့ မန္တလေးခရီးစဉ်မှာ ခင်ခဲ့ကြတာ"

"သြော်...ဒါဆို မနက်က နင်နဲ့ခေမာ Blue Cafe မှာ ရှိနေတာပေါ့"

"မိုးချို သူနဲ့သိလို့လား"

"အင်း...သိတယ်ဆိုပါတော့"





ကြေးအိုးနှစ်ပွဲရောက်လာတော့ မိုးချိုက ဝက်ဦးနှောက်တွေ ကျွန်တော့်ပန်းကန်ထဲထည့်ပေးသည်။ ခါတိုင်းလိုဆို ဘာမှမဖြစ်။ ခုဟာက ခေမာ မြင်နေရတော့ တစ်မျိုးပဲ။ မိုးချိုကလည်း မျက်နှာသိပ်မကောင်းတော့ပေ။

ကျွန်တော်ကတော့ ခေမာ့ကို ဖုန်းထဲမှာ ဘာပြောရရင်ကောင်းမလဲ စဉ်းစားကာ လည်ချောင်းထဲကို ကြာဇံဖတ်တွေဝင်အောင် အတင်းမျိုချနေရသည်။

အပြန်လမ်းသည် တကယ်တိတ်ဆိတ်နေသည်။ ညကိုးနာရီတွင် ကျွန်တော် ဖုန်းဘေးနားမှာထိုင်၍ ခေမာ့ဆီက ဖုန်းကိုမျှော်မိသည်။ နာရီလက်တံတစ်ချက်ရွေ့သွားတိုင်း ရင်တစ်ချက်ခုန်နေသလိုမျိုး ခံစားနေရသည်။

သို့သော် ညကိုးနာရီကျော်၍ ကိုးနာရီသာခွဲသွားသည်။ ခေမာ့ဆီက ဖုန်းမလာ။ ထို့ကြောင့် ကျွန်တော် ခေမာ့ဖုန်းနံပါတ်ကိုနှိပ်ရန် လက်ကိုအမ ဖုန်းသံမြည်လာသဖြင့် ကမန်းကတန်းကောက်နားထောင်လိုက်သည်။

"ဟဲလို...ခေမာလားဟင်"

"ကိုခ"

ကျွန်တော် စိတ်ဓာတ်ကျသွားလေသည်။

မိုးချိုဘက်ကလည်း အသံထပ်ထွက်မလာဘဲ ဖုန်းချသွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟာ…ဘာတွေလဲ။ ကျွန်တော် လိုချင်တာတစ်ယောက်။ ကျွန်တော့်ဆီဝင်လာတာတစ်ယောက်။ ကျွန်တော် စိတ်ညစ်သည်။ ကျွန်တော် ခေမာ့ဆီ ဖုန်းခေါ်တော့ ခေမာပဲလာကိုင်သည်။

"မင်းခပါ"

"ပြော်"

"ခေမာ…ကျွန်တော် ရှင်းပြချင်လို့ပါ"

"ကိုမင်းခက ဘာကိုရှင်းပြမှာပဲ…ကျွန်မက မေးနေတာ ဘာမှမရှိပဲလေ"

"မဟုတ်သေးဘူးဗျာ…ဒီလိုပါ…မိုးချိုနဲ့ ကျွန်တော်က မိတ်ဆွေတွေပါ"

"အဲဒါ‥ကျွန်မနဲ့မဆိုင်ပါဘူး၊ ဒါပေမဲ့ ကျွန်မ စိတ်မကောင်းတာတော့အမှန်ပဲ၊ ကျွန်မက မိုးချိုကိုသိလားမေးတုန်းက ဘာလို့ သာမန်သိတာမျိုးဖြေခဲ့တာလဲ၊ ကျွန်မဘက်က ရိုးသားမှုနဲ့မေးတာကို ကိုမင်းခက ထိန်ချန်ထားတယ်"

"ဘယ်ယောက်ျားလေးကမှ ကိုယ်စိတ်ဝင်စားတဲ့မိန်းကလေးရှေ့မှာ တခြားမိန်းကလေးတစ်ယောက်နဲ့ ဘယ်လောက်ရင်းနှီးပါတယ်ဆိုတာ ပြောပါ့မလဲ ခေမာ…ကျွန်တော်ပြောတာ ခင်ဗျား သဘောပေါက်ပါတယ်"

"ကိုမင်းခ…ရှင် ဘာပြောနေလဲဆိုတာ ရှင့်ဖာသာရှင် သိရဲ့လား"

ခေမာက ဒေါသသံနဲ့မေးသည်။





ခုနေ ဒေါသဖြစ်နေတဲ့ ခေမာ့မျက်နှာကို ကျွန်တော် မြင်ချင်လိုက်တာ။

"ဟုတ်တယ်…ကျွန်တော် ခင်ဗျားကို မြင်မြင်ချင်းကတည်းက သဘောကျတယ် ခေမာ‥တစ်ဆင့်ချင်း ရင်းနှီးမှုရရင် ကျွန်တော် ချစ်နိုင်မဲ့ မိန်းကလေးမျိုးဆိုတာလည်းယုံတယ်…မိုးချိုက ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက်ပဲ"

"ကျွန်မ စိတ်မဝင်စားဘူး"

"ဒါပေမဲ့ ကျွန်တော့်ကို တလွဲမထင်စေချင်ဘူး ခေမာ"

"ကျွန်မကို ရည်းစားစကားပြောနေတာလား ကိုမင်းခ"

"ကျားကိုက်ပါတယ်ဆိုမှ အပေါက်လေးနဲ့လား မေးပြန်ပြီဗျာ"

"ရှင်လေ…တွေ့တာ ဘယ်လောက်မှမကြာသေးဘဲနဲ့"

ထို့နောက် သူမ ဖုန်းချသွားလေသည်။

ကျွန်တော်ကတော့ ပြောချင်တာပြောလိုက်ရသဖြင့် စိတ်ပေါ့သွားသည်။ ကျွန်တော် ခေမာနဲ့ နီးစပ်ဖို့ ကျွန်တော့်နားမှာ ရှိနေသော မိုးချိုကို ခွာထုတ်ပစ်ရပေမည်။ ယောက်ျားဆိုတာ မိန်းမတစ်ယောက်နဲ့ပဲ နီးစပ်ခွင့်ရှိတာပိုကောင်းပါသည်။ အနားမှာ မိုးချို ရှိနေခြင်းသည် မီးတောင်တစ်ခု ရှိနေခြင်းနဲ့တူတာမို့ ပိုပြီးရှောင်သင့်သည်ဟု ကျွန်တော် ဆုံးဖြတ်သည်။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဦးက ကျွန်တော် ပြောပြတာတွေနားထောင်ပြီးသောအခါ ထရယ်လေသည်။ တော်တော်ကြာတဲ့အထိ အရယ်မရပ်။ သူ ရယ်တာကြည့်ပြီး ကျွန်တော် ဒေါသထွက်လာတော့မှ ရပ်သည်။

"မင်း စွံတာ တော်တော် ရယ်ရတာပဲ မင်းခရ"

"ဘာရယ်စရာပါလို့လဲ၊ ငါ ဒီမှာ စိတ်ညစ်နေတာ မင်းက ရယ်နိုင်သေးတယ်"

"ဒီတိုင်းဆို မတော်ရတဲ့ သမီးယောင်းမနှစ်ယောက်ကြားမှာ မင်းတော့ ကြားညပ်ဦးမှာ မြင်သေးတယ်ဟေ့…နေပါဦး မင်းက အခု ဘာလုပ်ချင်တာလဲ"

"ငါ မစဉ်းစားတတ်လို့ မင်းဆီ လာတာပဲ"

"မိုးချိုတို မင်း ခွာထုတ်ဖို့ဆိုတာလည်း မလွယ်ဘူးကွ"

ကျွန်တော် အဲဒါကို စဉ်းစားမိပါသည်။ သမီးရည်းစားဆိုလျှင် နင်နဲ့ငါ ပြတ်ပြီဟု ပြောလိုက်ရုံနဲ့ ပြီးသည်။ အခုဟာက ဘာမှလည်း ပတ်သက်တာ မဟုတ်သေးတော့ ပြောရတာခက်သည်။





ပြောလိုက်လျှင်…

"နေပါဦး၊ ငါက နင်နဲ့ ဘာတော်လို့လဲ"မေးလျှင် ကျွန်တော့်လောက် ကိုယ့်ကိုယ်ကို အထင်ကြီးတဲ့ကောင် မရှိတော့…။

"မင်း သူနဲ့ ခပ်ကင်းကင်း နေကြည့်ကွာ"

"အဲသလိုနေဖို့ ငါ ဒီဟိုတယ်က အလုပ်ထွက်မှ ဖြစ်မယ်။ ခင်းအကြံက တော်တော်ကောင်းတယ်။ အစကတော့ ရွှေရောင်မြှားလေး အရူးခံလိုက်ပါ…ဘာညာနဲ့ အခုကျတော့ ဘာမှ အကြံလည်း မပေးတတ်ဘူး"

နိုင်ဦးက ကျွန်တော့်စကားကို ဟန်နဲ့ပန်နဲ့ မခုံးတွန့်ကာ ပြန်ပြောသည်။

"ဟဲ့…နင်က မိန်းမဆိုရင်တော့ တစ်မျိုးပေါ့ဟ၊ 'ဒီမှာနော် မှင် ကျွန်မကို လိုက်မနှောင့်ယှက်နဲ့၊ ကျွန်မမှာ ချစ်သူရှိတယ်' ဒါပဲ အေး ပြီးပြီ၊ မင်းက ယောကျ်ားကြီး…'ဒီမှာ မိုးချို ငါ ခမာကို ကြိုက်နေတယ်၊ ဒါကြောင့် နင်နဲ့ငါ မခေါ်တော့ဘူး' သွားပြောလို့ ဖြစ်ပါ့မလားကွ။ ရှူးတာ ငါမဟုတ်ဘူး၊ မင်းကိုယ်၌က ရှူးနေတာ။ ဆော့ကောင်…ပလပ်စတစ်ဆာဂျရီနဲ့ မင်းမျက်နှာနဲ့ ငါမျက်နှာ လဲတပ်ရအောင်ကွာ၊ ပြီးရင်…ငါ မိုးချိုကို ယူမယ်၊ မင်းက ခမာ့ကို ယူပေါ့"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၄]

"ကိုဝေ"

ခေမာ့ကို လှည့်ကြည့်သော ကိုဝေ့မျက်လုံးများသည် နီရဲလျက် ရှိသည်။ အမြည်းပန်းကန်ထဲမှာတော့ အာလူးကြော်အပိုင်းအစတွေ ကျန်သေးသည်။ စီးကရက်ပြာခွက်ထဲမှာ စီးကရက်ဖင်စီခံတွေ အများကြီး…။

ကိုဝေ အရက်သောက်နေချိန်မှာ ခေမာ့ယောင်းမသည် အနားသို့ ကပ်ခွင့်မရှိပေ။ ကိုဝေ့အတွက် အမြည်းလုပ်ပေးပြီး ကိုဝေအော်ခေါ်လျှင် အဆင်သင့်ပင် ပြေးလာတတ်သည်။ ဤသို့ ကိုဝေတို့က မိန်းမကျမ်းကြေ၍ မယားနိုင်သောသူ ဖြစ်သည်။

"ဘာကိစ္စရှိလဲ ညီမလေး"

"ဟင်း…ကိစ္စရှိမှ လာရမှာလား"





"မဟုတ်ပါဘူး…နင် ကိစ္စရှိမှ လာတတ်တာ ငါ သိတာပဲ။ အဖေနဲ့အမေ နေကောင်းရဲ့လား ဆိုတာလောက်ပဲ ငါမေးတာ နားထောင်ဖို့ နင် မလာလောက်ပါဘူးဟာ"

ကိုဝေ့ရှေ့က ရမ်ပုလင်းသည် လက်တစ်လုံးမျှသာ လျော့သေးသည်။ တစ်နေ့ ရမ်တစ်ပြားသောက်သော ကိုဝေ့အတွက် ခုမှ အစပဲ ရှိသေးသည်။

"နင် ထမင်း စားပြီးပြီလား"

"အိမ်ရောက်မှ စားမယ်"

"ကဲ…ဆို နင် ငါ့ကို ဘာဆုံးမဖို့ လာတာလဲ"

"ကိုဝေ…မိုးချိုသာ ဒီပုံစံကိုတွေ့သွားရင် ရယ်လိမ့်မယ် သိလား"

ကိုဝေ့မျက်နှာသည် မိုးချိုအသံကြားတာနဲ့ တစ်ချက် မှုန်မှိုင်းသွားသည်။ မိန်းမတစ်ယောက်အတွက်နဲ့ ဒီလိုလုပ်နေတာ အဓိပ္ပါယ်တော့ သိပ်မရှိ။ ကိုဝေ အလုပ်အောင်မြင်သလောက် ကိုယ့်ကိုယ်ကို ဖျက်ဆီးတဲ့နေရာမှာလည်း အောင်မြင်ပေသည်။

"နင် မိုးချိုနဲ့ တွေ့ခဲ့လို့လား"

"ဟုတ်တယ်"

"သူ အရင်လို လှတုန်းပဲလား"

"အရင်ကလိုပါပဲ၊ ဒါပေမဲ့ အခု သူ ပိုပျော်နေပုံ ရတယ်"

"ပျော်မှာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဝေ…ကိုယ့်အစ်ကိုက ဒီလိုဖြစ်နေတဲ့အချိန်မှာ မိုးချို ပျော်နေတာကို ညီမလေး မကြည့်နိုင်ဘူး"

"ကျွတ်…ငါက ဘာဖြစ်နေလို့လဲ၊ နင်ပြောနေတဲ့ပုံက ငါ သေတော့မှာ ကျနေတာပဲ"

"ကိုဝေ အရင်တုန်းက အရက်မှမသောက်ဘဲ"

"ခုက သောက်တယ်လေ ဟုတ်တယ်၊ ပျင်းတာကိုး…ငါမှ မပျော်ဘဲ ဒါကြောင့် ငါသောက်တာ။ နင်လည်း ဧည့်လမ်းညွှန်လုပ် ရတာ ပျော်တယ်မို့လား…နင့်ကိုယ်ချင်းစာကြည့်ပေါ့"

ခေမာ တော်တော်စိတ်ပျက်သွားပေသည်။ မိုးချိုနဲ့ ကိုဝေ ဒီလိုကွဲကွာသွားတာ အစီကက ခေမာတို့မိဘတွေ အမြင်မကျယ် တာဖြစ်သည်။

ခေမာတောင် ဧည့်လမ်းညွှန်အလုပ်ကို မနည်းကတိကဝတ် တွေပေးပြီးမှ လုပ်ခွင့်ရတာမို့ ကိုယ်ချင်းစာသည်။ ကိုဝေ့ကို မိန်းမ ပေးစားခဲ့သော အဖေနဲ့အမေလည်း ခုဆို နောင်တတွေ ကောင်းကောင်း ရနေလောက်ပါပြီ။

ကိုဝေနဲ့ ပေးစားသောမိန်းမသည် ဒီတစ်သက် ကလေးမရ နိုင်သော အားနည်းချက်ရှိတာမို့ ကိုဝေ့ကို ဒီလိုဖြစ်သွားတာ အပြစ် တင်ရမှာထက် သနားစရာတောင် ကောင်းသေးသည်။

"ကိုဝေ…မိုးချိုနဲ့ ညီမလေး မပတ်သက်ချင်ဘူး"

"နင့်စကားက အထူးအဆန်းပါလား"





"ညီမလေးမှာ ပြောစရာဘယ်သူရှိလဲ၊ ကိုဝေပဲရှိတာ… ကိုဝေ မိုးချိုကို နားလည်တယ်မဟုတ်လားဟင်…မိုးချိုက ညီမလေးနဲ့ ခုဆို ထိပ်တိုက်ရင်ဆိုင်ရတော့မယ်ထင်တယ်"

ခေမာ ညည်းညူသောအခါ ကိုဝေက အရက်ခွက်ထဲ အရက် ထည့်နေရာမှ ရပ်တန့်သွားကာ ခေမာ့ကိုကြည့်သည်။

"ဟုတ်တယ်…မိုးချိုနဲ့ ခေမာ အခုထိပ်တိုက်တိုးမဲ့ကိစ္စ တစ်ခုပေါ်လာပြန်ပြီ ကိုဝေ…ပထမအကြိမ်မှာ အဖေနဲ့ အမေတို့ကြောင့် မိုးချိုကို အားနာခဲ့ရတယ်၊ အခုတစ်ကြိမ်မှာ အဲဒီအတွက် မိုးချိုက နစ်ဆပြန်ပြီး ခံစားရအောင်လုပ်ချင်လုပ်မှာ"

"နင် ဘာတွေပြောနေတာလဲ"

ခေမာ့မျက်လုံးထဲမှာတော့ သူ့ရုပ်သွင်သည် ဓာတ်ပုံရိုက်ထား သကဲ့သို့ စွဲနေလေသည်။ သူ့မှာ တစ်ခုပဲ အားနည်းချက်ရှိသည်။ အဲဒါကတော့ ရီဝေညှိမောင်းသောမျက်လုံးများနဲ့ မပြတ်သားမှုတို့ဖြစ် သည်။ ဒါပေမဲ့ သူပြောသလိုပဲ မြင်မြင်ချင်းမှာ စိတ်ဝင်စားမှုရှိခဲ့တာ မို့ ပြီးတော့ ခေမာလည်း အရွယ်ရောက်စမိန်းမတစ်ယောက်မို့ ကိုယ့် ကိုနှစ်လိုသော သူ့မျက်လုံးများကို နားလည်ပါသည်။

ဒါပေမဲ့ သူက မိုးချိုရဲ့အချစ်တော်ဖြစ်နေခဲ့သည်။

မိုးချို ပိုင်ဆိုင်သောပစ္စည်းများထဲမှ ဘာတစ်ခုကိုမှ ခေမာ မပတ်သက်ချင်ပါ။ ကိုဝေ့ကို ဆုံးရှုံးရသည့်အတွက် မိုးချို နစ်နာခဲ့တာ ခေမာ ကိုယ်ချင်းစာသည်။ မိုးချိုနဲ့သူဟာ ဘယ်လိုမှ မိတ်ဆွေအဆင့်



www.burmeseclassic.com

www.burmeseclassic.com



ထက်မပိုနိုင်ဆိုတာ သေချာလျှင် သူ့ကို ခေမာက ချစ်သူအနေနှင့် စဉ်းစားမှာပဲဖြစ်သည်။ အဲဒီအခါ မိုးချိုဘက်က ခေမာ မမျှော်လင့်ထားတာတွေ ကြုံလာနိုင်သည်။

"ကိုဝေ...မိုးချိုဟာ ဘယ်လိုမိန်းမမျိုးလဲဟင်...ယောကျ်ား တစ်ယောက်အတွက် သိပ်ချစ်စရာကောင်းလား...သူ့ကို လက်လွှတ်လိုက်ရမှ ကိုဝေ့လိုစိတ်ဓာတ်တွေကျပြီး ဘဝတစ်မျိုး ပြောင်းသွားအောင် ဆွဲဆောင်နိုင်လားဟင်...ကိုဝေ့အတွက် သူက သိပ်တန်ဖိုးကြီးသလိုပဲ...တခြားတစ်ယောက်အတွက်ရော မရှိမဖြစ်တဲ့ မိန်းမတစ်ယောက်လား"

ကိုဝေက အရက်ခွက်ကို စားပွဲပေါ်သို့ ဆောင့်ချလိုက်သည်။

"ခေမာ...ခုနေမှာ ငါ့မှာရှိသမျှ ဥစ္စာပစ္စည်းတွေ အားလုံး တစ်ပြားတစ်ချပ်မှမရှိရင် နေပါစေ...မိုးချိုကိုပြန်ရရင် ကျေနပ်တယ်၊ မိုးချိုက ငါ့အတွက်တော့ ဘာနဲ့မှ နှိုင်းလို့မရတဲ့ မိန်းမတစ်ယောက်ပဲ၊ ငါ့အတွက် အဲဒီလောက်တန်ဖိုးရှိနေတာ ငါ သူ့ကို သိပ်ချစ်လို့ပဲ... သူ့ကို ငါ့လိုပဲချစ်တဲ့ယောကျ်ားဆိုတာ ဘယ်တော့မှ မရှိနိုင်ဘူး... ဒါပဲ"

ကိုဝေ့အဖြေသည် ခေမာ့အတွက် သတိပေးတပ်လှန့်ချက်တစ်ခုဖြစ်သည်။

"ဒါပေမဲ့ ခေမာကတော့ သူ့ကို တစ်စုံတစ်ယောက်နဲ့ပြိုင်ပြီး မလိုချင်ပါဘူးကွယ်။ သူ ရွေးချယ်ပါစေ။





သူ ခေမာ့ကိုရွေးချယ်မယ်ဆိုရင်လည်း ခေါင်းညိတ်မယ်။ တစ်ယောက်တည်းနဲ့သာပတ်သက်ရင် ခေမာ စဉ်းစားဦးမယ်"

သို့ အချိန်ဆွဲထားမှာပေါ့။ ဒါပေမဲ့ ခုဟာက မိုးချို ပါလာပြီ။ မိုးချိုကိုရှောင်ဖို့ဟာ တော်တော်ကြီးခက်ခဲသည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ချင်ပါတယ်ဆိုမှ ခေမာ့ဆီ တိုက်ရိုက်ဆက်သွယ်ခဲ့သူမှာ မိုးချိုပင်ဖြစ်သည်။ အရင်တုန်းကလိုပဲ နှုတ်ကျိုးစွာ မမဟု ထူးသည်။

"ငါ့မွေးနေ့လေ…လာနိုင်မယ်မဟုတ်လား…လာစေချင်တယ်ခေမာ"

သူ ရှိနေမယ်မှန်းသိ၍ သူသည် အနည်းငယ်မျက်နှာထားရခက်စွာ အနေကျဉ်းကျပ်နေပုံရသည်။

မိုးချိုကတော့ စကားတွေရွှန်းရွှန်းဝေအောင်ပြောပြီး ခေမာ့ ပန်းကန်ထဲကိုရော သူ့ပန်းကန်ထဲကိုပါ ဟင်းတွေထည့်ပေးသည်။

"ကိုခ…စားလေ…မွေးနေ့ရှင် စိတ်ချမ်းသာအောင်နေပါဦးကွ"





"မမက ခေမာ့ကို ဒီလောက်လှလာမယ်ဆိုတာ သိပြီးသားပါ၊ ဒါနဲ့…ခေမာ့ဆံပင်က အရှည်ကြီးပဲနော်…အလုပ်မရှုပ်ဘူးလား"

"မိန်းကလေးဆိုတာ ဆံပင်ရှည်မှ ကျက်သရေရှိတာ"

ခေမာ မဖြေရခင် သူကဝင်ဖြေသည်။

ဆံပင်မရှည်သော မိုးချိုသည် မျက်နှာပျက်သည်ဆိုရုံလေး ပျက်သွားလေသည်။ သို့သော် မိုးချိုက Communication ကို ကျွမ်းကျင်သောမိန်းမပေပဲ။ စကားစမပြတ်အောင် ဆက်ပြောသည်။

"ဟုတ်တယ်…မမလည်း ဆံပင်အရှည်ထားမယ်စိတ်ကူးနေတာ ခေမာရဲ့"

"ဟုတ်ကဲ့…မမနဲ့ လိုက်မှာပါ"

"ကျွန်တော်ကတော့ လိုက်မယ်မထင်ဘူး"

"ဟင်"

"ကိုမင်းခကလည်း…"

"ဟုတ်တယ် ခေမာရဲ့…မိုးချိုက ဆံပင်အတိုနဲ့ပဲလိုက် တယ်၊ ဆံပင်အရှည်ဆိုတာ စိတ်ရှည်တဲ့မိန်းကလေးတွေမှာမှ ပိုလှတယ်"

မိုးချိုမျက်နှာက မီးရောင်ကြောင့်မဟုတ်ဘဲ ပို၍နီရဲလာလေသည်။

"ကိုခ…ငါ့ကို ဘာမကျေမနပ်ဖြစ်နေတာလဲ…ခေမာ့ရှေ့မှာမို့လို့ နောက်နေတာလား…သူက ဒီလိုပဲ ခေမာရဲ့…သူစိမ်းရှေ့ရောက်ရင် မမကို သိပ်နောက်တတ်တာ…အတည်ပေါက်နဲ့ နောက်တတ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ကောင်လေးပဲ…ခမော့လည်း နောက်ဆို သူ့ အတည်ပေါက်နဲ့ နောက်လိမ့်မယ်"

"ကျွန်တော်က မိုးချိုကို မနောက်ပါဘူး၊ မလေးမစားလည်း မပြောပါဘူး၊ မိုးချိုက ကျွန်တော့်စီနီယာပဲဥစ္စာဗျာ…ဘာလို့ မလေးမစား နောက်ရမှာလဲ…ခမော သိလား၊ မိုးချိုကို ကျွန်တော်က မမိုးချိုလို့ အစတုန်းကခေါ်တာ…အဲဒါ မိုးချိုက တားလို့ မ,ဖြုတ်ပစ်ရတာ၊ အကြောင်းမသိရင်တော့ ကျွန်တော်က ရိုင်းရာကျတာပေါ့လေ…ဒါပေမဲ့ မိုးချို ခေါ်နိုင်းလို့ပါ"

"ဩော်…ဟုတ်ကဲ့…ဟင်းဟင်း"

မွေးနေ့ပွဲဆိုပေမဲ့ မိုးချိုရယ် သူရယ် ခမောရယ် သုံးယောက်တည်း။ ပြီးတော့ သူက မိုးချိုကို တော်တော်မကြည်မလင်ဖြစ်နေပုံရသည်။ မျက်နှာက သိသိသာသာ ရှုပုပ်နေသေးသည်။

"ဒါနဲ့…ခမော…ကိုဝေရော…ဘယ်လိုနေလဲ၊ ကလေး ဘယ်နှစ်ယောက်ရနေပြီလဲ"

"ကိုဝေ့မှာ ကလေးမရှိပါဘူး မမ"

"ဩော်…မယူသေးဘူးလား၊ တကယ်ဆို အသက်သုံးဆယ်ကျော်အရွယ် ယောကျ်ားတစ်ယောက်က မိန်းမယူပြီးရင် ကလေးတစ်ယောက်တော့ ရှိသင့်နေပြီ…ဒါမှမဟုတ် ကိုဝေက လွတ်လွတ်လပ်လပ် နေချင်သေးပုံပဲ"

မပြောသင့်ပေမဲ့ ခမောသည် ကိုဝေ့ဒုက္ခကို မိုးချိုအား ပြော





ပြချင်လှသည်။ မိုးချို ထင်နေသလို မိုးချိုရဲ့ ကိုကိုဟာ အိမ်ထောင်ရေးသာယာမှုမရှိတဲ့အကြောင်း၊ မိုးချိုကိုပဲ စွဲလမ်းတမ်းတနေတဲ့အကြောင်းရယ်၊ အရက်ကို တစ်ရက်မသောက်ရ တစ်ရက်မနေနိုင်တော့တဲ့အကြောင်းတွေ အားလုံးပေါ့။

"ကိုဝေ ကလေးမချစ်တတ်တာ မမသိသားနဲ့"

"အင်းပေါ့လေ…မိသားစုဘဝကို သူမှမလိုချင်သေးပဲ…ကိုဝေ့ကို မမက သတိရပါတယ်လို့ ပြောပေးပါ ခမော၊ ပြီးတော့ ကလေးလေးတစ်ယောက်လောက်လည်းယူပါလို့…မိုးချို တူလေးဖြစ်ဖြစ် တူမလေးဖြစ်ဖြစ် ချီချင်ပါတယ်လို့ ပြောပေးပါ"

"မမ…ကိုဝေ သိပ်ပျော်နေတယ်များထင်သလားဟင်"

ထိုမေးခွန်းမှာ မိုးချိုမျက်နှာ မှုန်မှိုင်းသွားသည်။

မိုးချိုရင်ထဲမှာရှိနေသော စိတ်ထားအမှန်ကို ခမော သိချင်လှသည်။

"ဘယ်သူကရော ပျော်နေလို့လဲ ခမော…မမရော ပျော်နေမယ်လို့ထင်လား၊ ကိုကိုနဲ့ တစ်ဘဝချင်းစီခြားသွားပေမဲ့ သူ စိတ်ညစ်တာကိုတော့ မမ မကြားချင်ပါဘူးကွယ်၊ ဒါပေမဲ့ ဒီလမ်းက မမရွေးတာမဟုတ်ဘူး"

"ခမော သိပါတယ်၊ ခမော ကိုယ်ချင်းလည်းစာတယ်၊ ကိုဝေ့ကိုလည်းသနားတယ်၊ အပြစ်က အဖေနဲ့အမေမှာပဲရှိတာ…ခမော သိတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ခုချိန်မှာ မမကပဲ မှားနေသလိုလို ခေမာ မမေးသင့်ဘူးလေ၊ ပျော်တယ်မပျော်ဘူးဆိုတာ မမနဲ့ မဆိုင်တော့ဘူးလို့ ထင်တာပဲ"

"မဟုတ်ဘူး"

"ခေမာ ဘာကိုပြောချင်တာလဲ"

သူကမူ တိတ်ဆိတ်စွာပဲ ထမင်းငုံ့စားနေသည်။ တကယ်လည်း သူနဲ့ ဒီစကားတွေနဲ့ ဘာမှမဆိုင်။ သူ စိတ်ဝင်စားပုံလည်း မရ။

"ကိုဝေ ခုချိန်ထိ အသဲကွဲနေတုန်းပဲ"

"ဟား…ဟား"

မိုးချို ရယ်သံအက်အက်မှာ ခေမာ တစ်ကိုယ်လုံး ကျုံ့ဝင်သွားလေသည်။ အတော်ကြာသည်အထိ ရယ်ပြီးမှ မိုးချိုက စကားဆက်ပြောသည်။

"မမကြောင့် ဟုတ်မယ်မထင်ပါဘူး ခေမာ…မမထက်ပိုအရေးကြီးတဲ့ကိစ္စတွေကြောင့် ဖြစ်ပါလိမ့်မယ်"

"မမက ဘာလို့အဲသလိုထင်တာလဲ"

"ဘာလို့လဲဆို လောကမှာ အိမ်ထောင်ပြုကြတဲ့လူတွေမှာ နှစ်မျိုးပဲရှိတယ် ခေမာ…တစ်မျိုးက ကိုယ့်ထက်ပိုချစ်တဲ့လူမို့ လက်ထပ်တာ၊ နောက်တစ်မျိုးက ကိုယ့်ကိုကိုယ်ချစ်လို့ လက်ထပ်တာ၊ ကိုကိုက သူ့ကိုယ်သူပဲချစ်တဲ့ ယောကျာ်းမျိုး ခေမာရဲ့၊ ဒါကြောင့်





သူ့အိမ်ထောင်ရေးအဆင်မပြေဘူးဆိုရင်တော့ သူ့အတ္တကြောင့်ပဲဖြစ်မယ်၊ မမကြောင့်တော့ မဖြစ်နိုင်ဘူး၊ မမက သူ့ဘဝအတွက် ဘယ်လောက်အရေးကြီးကြီး သူ့ဆန္ဒလောက် ဘယ်တော့မှ အရေးမကြီးလို့ပဲ"

"ခေမာက ကိုဝေ့ကို မမ နားလည်မယ်ထင်ခဲ့တာ…မမ ခုချိန်ထိ အိမ်ထောင်မပြုသေးတာကိုလည်း ခေမာ သနားနေခဲ့တာ၊ တကယ်တော့ မမက ကိုဝေ့ကိုချစ်လို့ အိမ်ထောင်မပြုခဲ့တာမှမဟုတ်ဘဲ"

"ဟုတ်တယ်…တို့က ကိုယ့်ကိုကိုယ်အချစ်ဆုံးမိန်းမပဲ…ဒါကြောင့် တို့ အိမ်ထောင်မပြုခဲ့တာပေါ့ ခေမာ"

မိုးချို စကားကြောင့် သူ့မျက်နှာက ထမင်းငုံ့စားနေရာမှ မော့လာသည်။ ပြီးတော့ ခေမာ့ကို တစ်ချက်ကြည့်သည်။

"ခေမာ…ကျွန်တော်တို့ မိုးချိုအတွက် ဆုတောင်းပေးရအောင်လေ"

သူ စကားလွှဲလိုက်မှန်းသိသည်။ မိုးချိုရဲ့ လည်ပင်းမှ သွေးကြောသည် စိတ်လှုပ်ရှားမှုကြောင့် ဆတ်ဆတ်ခုန်နေပြန်သည်။

"ဟုတ်ကဲ့…ခေမာက မမ ဘဝတစ်လျှောက်လုံး သောကကင်းပါစေလို့ ဆုတောင်းပေးပါတယ်"

"ကျွန်တော်လည်း မိုးချို ဖြစ်ချင်တာဖြစ်ပါစေလို့ ဆုတောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တို့အဖြစ်ချင်ဆုံးအရာတွေထဲက တစ်ခုကတော့ ကိုခ တို့အနားမှာ အမြဲရှိနေဖို့ပဲ"

သောက်ရေဖန်ခွက်ကို မ,၍ ရေသောက်မည့်ဟန်ပြင်သော် ခေမာ့လက်တွေသည် သိသိသာသာ တုန်ယင်သွားသည်။

ဘုရားရေ…မမက ကိုခကို…။

◆◆◆





မိုးချိုက သူ့ကားနဲ့သူပြန်သွားပြီးနောက် ကိုမင်းခကို ခေမာက ခေမာ့ကားနှင့် လမ်းကြုံခေါ်လာလိုက်သည်။

"ကိုမင်းခ…ကျွန်တော်တို့ နောက်ထပ်မတွေ့ဘဲနေကြရအောင်"

"ဘာဖြစ်လို့လဲ ခေမာ…ကျွန်တော့်ကြောင့်လား၊ မိုးချိုကြောင့်လား၊ ကျွန်တော်နဲ့ ခေမာ့ကြားမှာ နောက်ထပ်မတွေ့စရာဘာအကြောင်းမှမရှိဘူးလို့ထင်တယ်"

ခေမာသည် ရှေ့မှကားတွေကို အာရုံစိုက်နေရင်း ကိုမင်းခကို ရှင်းပြရန် စကားလုံးတွေရှာလိုက်သည်။

"ကိုမင်းခ…မိုးချိုနဲ့ ခေမာ့အစ်ကို ကိုဝေတို့ဇာတ်လမ်းကို သိသလား၊ မိုးချိုဆီက ကြားခဲ့ဖူးသလားဟင်"

www.burmeseclassic.com



"ဗျာ"

"သိသလောက်ပြောပါ ကိုမင်းခ၊ ခေမာတို့ တစ်တစ်ခုခုကို အားနာလို့ မပြောတာလေးကနေ ရှေ့ဆက်ပြဿနာတွေ ကြီးသွားလာနိုင်တယ်"

"ကျွန်တော် သိသလောက်က မိုးချို ပြောပြသလောက်ပဲ ရှိပါတယ်"

"ရတယ်၊ အဲဒီလောက်ပဲ သိချင်တယ်"

"ကိုဇင်ဝေနဲ့မိုးချို ချစ်သူတွေ ဖြစ်ခဲ့ကြတယ်၊ ကိုဇင်ဝေတို့ မိဘတွေဘက်က မိုးချိုအလုပ်ကို မနှစ်သက်တာနဲ့ ကိုဇင်ဝေက အလုပ်ထွက်ခိုင်းတာကြောင့် မိုးချိုတို့ လမ်းခွဲလိုက်ကြတယ်"

"အဲဒီလောက်ထိပဲလား"

"ဟုတ်ကဲ့၊ အဲဒါ မိုးချို ပြောပြသလောက် အကုန်ပဲ"

"ကိုဝေ့အတွက် မိုးချို အိပ်ဆေးသောက်ပြီး ဆေးရုံရောက်သွားတာကိုရော သိလား"

"ဗျာ"

"ကိုဝေ့ကို မိုးချို သိပ်ချစ်တယ် ကိုမင်းခ၊ ကြောက်စရာကောင်းလောက်အောင်ကို ချစ်တာ။ မိုးချိုနဲ့ ကိုဝေ့ဇာတ်လမ်းက သိပ်စိတ်ဝင်စားစရာ ကောင်းသလို သိပ်ကြောက်စရာလည်း ကောင်းတယ်။ အဓိကကတော့ မိုးချိုရဲ့စိတ်ပဲ။ မယုံနိုင်လောက်အောင် ပြင်းထန်တယ်။ ပြီးတော့…ကိုမင်းခ သိထားဖို့က မိုးချိုနဲ့ကိုဝေဟာ ရုံးတော်မှာ





လက်ထပ်ဖူးသလို ကွာရှင်းပြတ်စဲဖူးတယ်"

"ဗျာ"

"ဟုတ်တယ်၊ မိုးချိုနဲ့ကိုဝေရဲ့ အိမ်ထောင်သက်ဟာ တစ်ပတ်လောက် ကြာခဲ့တယ်။ သူစိမ်းတွေ ဘယ်သူမှ မသိလိုက်ဘူး။ ဘယ်သူမှ မသိလိုက်တဲ့ အတွက် မိုးချို အများကြီး သက်သာရာရသွားတာပေါ့။ ဒါပေမဲ့ မိုးချိုဟာ သိပ်နားလည်ရခက်တယ်။ သူက သူချစ်တဲ့လူ တစ်ယောက်ကို အပြစ်ပေးတဲ့အခါ သူ့ကိုယ်သူ အနာကျင်ခံပြီးတော့မှ အပြစ်ပေးတတ်တဲ့ မိန်းမတစ်ယောက်ပဲ ကိုမင်းခ"

သူ့ဆီက အသံတိတ်သွားလေသည်။

"ကျွန်မနဲ့ ကိုမင်းခတို့မှာ အချိန်တွေအများကြီး ကျန်ပါသေးတယ်လေ၊ ဖူးစာဆိုတာ ယုံလား ကိုမင်းခ၊ ကျွန်မကတော့ ယုံတယ်။ ကျွန်မကို ကိုမင်းခ ခဏရင်ခုန်ရုံ ဖြစ်ချင်ဖြစ်မယ်၊ တကယ်မြတ်နိုးတာ ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ မိုးချိုအသည်းကို ကိုဝေ့ကြောင့် ထိခိုက်ခံခဲ့ပြီးပြီ။ နောက်တစ်ကြိမ် ကျွန်မကြောင့် ထပ်မထိခိုက်စေချင်ဘူး။ မိုးချိုကို ကျွန်မက ယောင်းမတော်ရမဲ့လူလို့ မြင်ကတည်းက သိပ်ချစ်ခဲ့တာ ကိုမင်းခရဲ့။ ကျွန်မ ငယ်ငယ်ကတည်းက မျက်လုံးပြာပြာနဲ့ ဘိုမရုပ်ကလေးတွေ သိပ်ကြိုက်ခဲ့တာ။ မိုးချိုကိုမြင်လိုက်ရတော့လေ ဘိုမရုပ်ကလေးလိုပဲ ကျွန်မ သိပ်ချစ်သွားတာ။ ကျွန်မအစ်ကိုဆိုရင် ကျွန်မထက် ပိုဆိုးတာပေါ့။ မိုးချိုကို သူ တစ်ဖက်စွန်းရောက်တဲ့အထိ ချစ်တာ…။ ကျွန်မ ဒီအသက်အရွယ် ရောက်တဲ့အထိ ကြုံခဲ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



သမျှ ရုပ်ရှင်တွေ၊ ဖတ်ဖူးသမျှ ဝတ္ထုတွေထက် ကိုဝေနဲ့မိုးချိုဇာတ်လမ်းလောက် ရင်နင့်ကျန်ခဲ့တဲ့ဇာတ်လမ်း မရှိဘူး ကိုမင်းခ"

"ကျွန်တော်နဲ့ ဆိုင်မှမဆိုင်ဘဲလေ...ခေမာနဲ့ပဲ ကျွန်တော်က သက်ဆိုင်ချင်တာပဲ"

"ကိုမင်းခ...အချိန်ကိုစောင့်လေ၊ ကျွန်မ ခုကတည်းက ကြိုပြောထားရင် လွန်ရာကျမယ်။ ဒါပေမဲ့ မမနဲ့ပတ်သက်ရင် ကျွန်မ တတ်နိုင်သလောက် ဘာမဆိုလုပ်ပေးချင်တယ်။ မမစိတ်ကို ကျွန်မ မြင်နေရသလိုပဲ။ ကိုမင်းခ မမနားမှာ တကယ် မနီးစပ်သေးလို့ပါ၊ မမကလေ စိတ်ထားသိပ်ကောင်းတယ်၊ မျှော်မှန်းချက်လည်း သိပ်ကြီးတယ်၊ ပြီးတော့ ကျွန်မ သိပ်သဘောကျတဲ့အချက်က မမက သိပ်ချစ်တတ်သလို သိပ်နာကျည်းတတ်တာပဲ။ ပြီးတော့ ကျွန်မဘဝရဲ့ Ideal က မိုးချိုလွင်ပဲ ကိုမင်းခ"

♦ ♦ ♦





၁.

ပထမဆုံး မမကို စတွေ့သောနေ့ကို ခေမာ ခုထိမှတ်မိနေသေးသည်။ ကိုဝေက ညကတည်းက ခေမာ့ကို ပြောပြထားသည်လေ။

"မနက်ကျရင် ငါ့ကောင်မလေးကို ခေါ်လာခဲ့မယ်"

"ကိုဝေ...မမက ဘိုမရုပ်လေးနဲ့ တကယ်တူတာလား"

"အင်း၊ နင်...သူ့အင်္ဂလိပ်စကားပြောတာ မကြားဘူးသေးလို့ တကယ့် အင်္ဂလိပ်မတစ်ယောက် ပြောနေသလိုပဲ"

"သူ နိုင်ငံခြားရော ရောက်ဖူးလားဟင်"

"ငယ်ငယ်ကတည်းက သူ့မိဘတွေနဲ့ သွားလိုက်လာလိုက် လုပ်နေတာပဲ၊ သူတို့က အရမ်းချမ်းသာတယ်လေ"

"ဟင်...ဒါဆို သူနဲ့လက်ထပ်ပြီးရင် ကိုဝေပါ လိုက်သွားမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"သူက ငါ့ကို သိပ်ချစ်တာ၊ ဒီမှာ နေခဲ့မှာတဲ့"

"ကိုဝေ...ခေမာပါ ကိုဝေတို့နဲ့ လိုက်နေလို့ ရလားဟင်"

"ဘာဖြစ်လို့လဲ"

"ယောင်းမဘိုမရုပ်ကလေးကို ထိုင်ကြည့်ချင်လို့"

မမ ရောက်မလာခင်ကတည်းက ခေမာသည် မမအတွက် နံနက်စာ ထမင်းဟင်းကို မီးဖိုထဲတွင် အိမ်ဖော်တွေနဲ့အတူ စီမံခန့်ခွဲပေးနေရတာ ပျော်ရွှင်နေခဲ့သည်။ မမက မြန်မာထမင်းဟင်းကိုပဲ အကြိုက်ဆုံးဆိုတော့ ဖွယ်ဖွယ်ရာရာလေးဖြစ်အောင် ကြိုးစားချက်ပြုတ်ရသည်။

ကားသံကြား၍ မမတို့ရောက်လာသောအခါ ဧည့်ခန်းထဲကို ခေမာ ချောင်းကြည့်မိသည်။ ပိုးအင်္ကျီရင်စေ့လက်စကနှင့် ချိတ်လုံချည်ဝတ်ထားသော မိုးချိုသည် ခေမာ့မျက်စိထဲတွင် တော်တော်ရုပ်ဆိုးနေလေသည်။

ကြည့်ရတာ မြန်မာအင်္ကျီ ဝတ်လေ့ဝတ်ထ သိပ်မရှိ။ ပြီးတော့ မျက်လုံးပြာများနှင့် လုံးဝမလိုက်ဖက်။ မိုးချိုသည် အဝတ်အစားကြောင့် တော်တော်လေး အနေကျဉ်းကျပ်နေပုံရသည်။ ဂုတ်ဝဲထိရှည်သော ဆံပင်ကို ဆံညှပ်ကလစ်နှင့် စီးထားသေးရာ တိုသောဆံပင်တွေက နားရွက်ရှေ့ရော နောက်ဘက်မှာပါ ထွက်ကျနေသေးသည်။

"ဒါ...ကိုကို့ညီမလေးလေ ခေမာတဲ့"

ခေမာ့လက်ကလေးတွေကို လှမ်းကိုင်သော မိုးချိုလက်တွေ





သည် အေးစက်နေလေသည်။ မိုးချိုကြောက်နေတဲ့အဖြစ်ကိုကြည့်ပြီး ခေမာ သနားသွားရလေသည်။ ပြီးတော့ လက်တွေက အေးနေတဲ့ အပြင် ချွေးစေးတွေလည်း ပြန်နေသေးသည်။

"မမမျက်လုံးတွေက သိပ်ချစ်စရာကောင်းတာပဲ...မျက်ကပ်မှန်တပ်ထားသလိုပဲနော်...ခေမာနဲ့ဆို အဲဒီမျက်သားနဲ့ cross ပဲ ဆရာ"

"ခေမာလည်းချစ်စရာလေး...ညီမချောလေး"

"အမယ်...မမက ပိုချစ်ဖို့ကောင်းတာပေါ့...မမ ဒီအင်္ကျီတွေ ဘာလို့ဝတ်တာလဲ၊ လိုက်လည်းမလိုက်ဘဲနဲ့...မမက ကုတ်အင်္ကျီတို့ ရှပ်ကော်လံတို့နဲ့မှ လိုက်တာ"

"သူလေ...သူ မမကို ဝတ်ခိုင်းတာ"

ငိုမဲ့မဲ့နဲ့ ကိုဝေ့ကို လက်ညှိုးထိုးပြလေသည်။ ကိုဝေနဲ့မိုးချိုသည် လက်ထပ်ဖြစ်ကြလျှင် ကမ္ဘာပေါ်မှာ အလိုက်ဖက်ဆုံးသော စုံတွဲလေး ဖြစ်လာကြပါလိမ့်မည်။ ခေမာက အသားညိုပေမဲ့ ကိုဝေက ဖြူသည်။ ပြီးတော့ ကိုဝေ့ပုံစံက ထောင်ထောင်မောင်းမောင်းနဲ့ လူကြီးသူကောင်းပုံမျိုး ဖြစ်သည်။ မိုးချိုရဲ့မျက်လုံးကလေးတွေသည် ကိုဝေ့ကို ကြည့်လိုက်ချိန်မှာ ပိုပြာနေသလို ထင်ရသည်။

"ကိုကိုက မိုးချို ဘာဝတ်ဝတ် ကြည့်ကောင်းတယ် ထင်တာပဲ"

"ကိုကိုကမှ ကိုယ်ချင်းမစာတာ၊ မိုးချို အရမ်းကျဉ်းကျပ်



www.burmeseclassic.com

www.burmeseclassic.com



တာပဲ သိလား…မဝတ်ချင်ဘူး…မဝတ်လည်းမဝတ်တတ်ဘူး"

အဖေ၊ အမေတို့ကြောင့် ကိုဝေ ဝတ်နိုင်းတာဟု ခေမာ သဘောပေါက်ပါသည်။ ခေမာကိုယ်တိုင်လည်း မြန်မာအင်္ကျီများသာ ဝတ်ရသူမို့ မိုးချိုကို ကိုယ်ချင်းစာသည်။

"ကိုဝေကလည်း…မမ မဝတ်တတ်တာ ဘာလို့ဝတ်ခိုင်းတာလဲ"

"အမေတို့အကြောင်းလည်း နင်သိသားနဲ့"

မိုးချို မျက်နှာလေးငယ်သွားတာကိုကြည့်ပြီး ခေမာပင် ငိုချင်လာသည်။

အမေတို့နဲ့တွေ့တော့လည်း လုံးဝအဆင်မပြေချေ။

အမေ ။ ။ မိုးချိုက ဘာအလုပ်လုပ်လဲ၊ ကိုဝေပြောတာတော့ ဧည့်ကြိုဆို။

မိုးချို ။ ။ ဟုတ်ကဲ့

အမေ ။ ။ နိုင်ငံခြားသားတွေနဲ့ ခရီးတွေဘာတွေ ထွက်ရသေးလား။

"ဟုတ်ကဲ့…ဟိုတယ်က တာဝန်ပေးတဲ့အတိုင်းသွားရပါတယ်"

"ဒီလိုဆို မဖြစ်သေးပါဘူး"

"ရှင်"

"ဟုတ်တယ်…ကိုဝေ့ကို အိမ်မှာထားပြီး အပြင်ထွက်အလုပ်





လုပ်တဲ့ မိန်းကလေးမျိုးက ဘယ်လိုလုပ် အိမ်ထောင်ရှင်မကောင်းဖြစ်နိုင်ပါ့မလဲ"

"ကျွန်မ အလုပ်က အိမ်ထောင်ရေးကို မထိခိုက်နိုင်ပါဘူး"

အဖေကတော့ တစ်ခွန်းမှဝင်မပြောပေ။ အမေ့ကို ကြောက်ရသော ခေမာနဲ့ ကိုဝေသည် မိုးချိုကို အမေ ဆက်ဆံပုံအားကြည့်ပြီး စိတ်ဆင်းရဲကြရသည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



"ငါ သူ့ကို ပြောကြည့်ဦးမယ်"

"ဘာကိုလဲ ကိုဝေ…မိုးချို အလုပ်ကထွက်ဖို့လား"

"အင်း"

"နမြောစရာပဲ…ခေမာလည်း ညှို့လမ်းညွှန်လုပ်ချင်တာ ကိုဝေက ဘာလို့ အလုပ်ထွက်ခိုင်းမှာလဲ…အမေ့ကြောင့်လား…အမေ့ကြောင့်တော့ မိုးချိုကို စိတ်ညစ်အောင်မလုပ်သင့်ဘူး"

"ကိုဝေ့ရဲ့အားနည်းချက်ကြောင့်ပဲပေါ့ ခေမာ…ကိုဝေ ဘယ်လောက်ရူပ်လဲ နင်သိသားနဲ့…မိုးချို အနားမှာရှိနေရင် ပြဿနာမရှိဘူး၊ မိုးချိုအနားမှာမရှိရင် ငါ့ကိုယ်ငါ မထိန်းနိုင်ဘူး၊ ငါ့ဓာတ်လမ်းအရှုပ်တွေ နင်သိသားနဲ့ ခေမာရာ"

"ကိုဝေကိုထိန်းဖို့ မိုးချိုကိုယူမှာလား ကိုဝေ ဟင်…





ယောက်ျားတစ်ယောက်လုပ်နေပြီး ကိုယ့်ကိုကိုယ် မထိန်းသိမ်းနိုင်ဘူးလေ…သိပ် ခက်တာပဲ…ခေမာက မိုးချိုနဲ့တွေ့ပြီးတဲ့နောက်ပိုင်း ကိုဝေ ခြေငြိမ်ပြီး မှတ်တာ"

ကိုဝေက မိန်းမနဲ့ပတ်သက်ရင် တကယ့်ကို အရှုပ်အယှက်များသောသူဖြစ်သည်။ တစ်ခုကောင်းတာက ဘာပြဿနာမှမပေါ်အောင် ကိုဝေ ထိန်းနိုင်သည်။ ဒါပေမဲ့ ခေမာကတော့ မိုးချိုနဲ့ယူပြီးရင်တော့ ရှေ့ဆက်မရှုပ်စေချင်ပေ။ အိမ်ထောင်ပြုဖို့ တော်တော်ခက်ခဲသော စိတ်အခြေအနေမျိုးမို့ ကိုဝေ့ကို တတ်နိုင်သလောက် ဖြောင်းဖျရသေးသည်။

"ငါ့ကုမ္ပဏီက ကောင်မလေးတစ်ယောက်နဲ့က အခုထိဓာတ်လမ်းဖြတ်လို့ကို မရသေးဘူး၊ ငါ လက်ထပ်တော့မယ်ဆိုတာ ပြောလည်း ရတယ်တဲ့။ ငါ့ကို ဆက်ပြီး ပတ်သက်ချင်နေသေးပုံပဲ"

"ကိုဝေ…မိုးချိုကို တကယ် မချစ်ဘူးလားဟင်၊ ခေမာ့ကို ခေမာလက်ထပ်မဲ့လူက ဒီလိုမျိုး ဖုံးကွယ်ရှုပ်ယှက်နေရင် ကိုဝေ ဘယ်လိုနေမလဲ၊ ကိုယ်ချင်းစာကြည့်လေ"

"စိတ်ရှုပ်တယ်ဟာ၊ ငါ အမေ့ကိုလည်း စိတ်မဆင်းရဲစေချင်ဘူး၊ ပြီးတော့ မိုးချိုကိုလည်း ငါ့နားမှာပဲ ရှိစေချင်တယ်"

"အလုပ်တစ်ခုရဲ့တန်ဖိုးက ဘယ်လောက်ကြီးသလဲကိုဝေ၊ လူ့ဘဝက အလုပ်လုပ်နေမှ အဓိပ္ပါယ်ရှိတာ ကိုဝေက မိုးချိုကို ဘယ်ချင်နေတာပဲ၊ အရုပ်တစ်ရုပ်လို ဝယ်ချင်နေတာလေ။ မိုးချိုအရှိနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတောင်ပံတွေ အားလုံးကိုဖြုတ်ပြီး ကိုဇေ့အနားမှာပဲ အတောင်ပံကျိုးတဲ့ဘဝနဲ့ နေစေချင်နေတာကိုး…''

''သူက ငါပြောရင် ရပါတယ်''

''ခေမာကတော့ အဲသလို မလုပ်စေချင်ဘူး၊ ကိုဇေရဲ့မိုက်မဲမှုနဲ့ မိုးချိုရဲ့အိပ်မက်တွေ မပျက်စီးသင့်ဘူး။ ပြီးတော့ မိဘပေးစားမှ ယူတဲ့ခေတ်ကကုန်ပါပြီ ကိုဇေရာ…ကိုဇေလည်း ကိုယ့်အားကိုယ်ကိုးနိုင်နေပြီပဲ။ မိုးချိုကိုယူလို့ အမေတို့က ဘာလုပ်နိုင်မှာမို့လို့လဲ၊ ကိုဇေ့အိမ်ထောင်ကို ကိုဇေ ထိန်းနိုင်ရင် ပြီးတာပဲ…''

ကိုဇေ့ဘက်မှာ မိုးချိုဘက်မှာ ခေမာ ရပ်တည်ခဲ့သည်။

◆◆◆





မိဘရဲ့ အတွေ့နဲ့အမြင်ဟာ သားသမီးတွေအပေါ်မှာ အရမ်းမကျဉ်းမြောင်းသင့်ဘူးလေ။ မိုးချိုနဲ့ခေမာ အဲဒီအတွက် တစ်ယောက်လက် တစ်ယောက်ဆုပ်ကိုင်ကာ ရင်းရင်းနှီးနှီး ဆွေးနွေးကြဖူးပါသည်။

''မမကို စိတ်မကောင်းတဲ့အကြောင်းနဲ့ အားနာတဲ့အကြောင်းလာပြောတာ။ အမေက သိပ်ရှေးဆန်တယ် မမ၊ ပြီးတော့ အမြင်သိပ်ကျဉ်းတယ်။ အမေ့ကြောင့် မမ စိတ်ညစ်သွားမယ်ဆိုတာ ခေမာ သိပါတယ်''

မိုးချိုက ခေမာ့လက်တစ်ဖက်ကို ဆုပ်ကိုင်ပြီး ခေါင်းငုံ့နေသည်။ အတော်ကြာသည်အထိ စကားမပြောသေးဘဲ ခေမာ့လက်ခုံပေါ် မျက်ရည်ပေါက်တွေ ကျလာတော့မှ မိုးချို ငိုနေမှန်း သိသည်။ ခေမာ တော်တော် စိတ်မကောင်းဖြစ်သွားသည်။ တော်တော်ကြာသည်



www.burmeseclassic.com

www.burmeseclassic.com



အထိ မိုးချို ငိုနေသေးသည်။ ပြီးမှ နှာခေါင်းတစ်ချက်ရှုံ့ကာ မျက်ရည်သုတ်ပြီး ခေါင်းကိုမော့သည်။

မိုးချိုရဲ့မျက်လုံးပြာများသည် တော်တော်ကလေး မှုန်မှိုင်းနေခဲ့သည်။

"မမကို ကိုကို လာပြောပြီးသွားပြီ"

"ဟုတ်လား…ကိုဝေက ဘာတဲ့လဲဟင်"

"မမ အလုပ်ထွက်ရမယ်တဲ့"

"အဓိပ္ပါယ်မရှိတာ၊ ခေမာ ဒီလောက်ပြောထားရက်နဲ့ ကိုဝေ တော်တော် ကြောင်တာပဲ။ မမက ဘာပြောလိုက်လဲဟင် သဘောတူလိုက်လား"

"မဖြစ်နိုင်ဘူး ခေမာ၊ မမ ဒီအလုပ်အတွက် ရင်းနှီးမြှုပ်နှံထားရတာ မနည်းဘူး။ ဘာသာစကားတစ်ခု တတ်ကျွမ်းဖို့ဆိုတာ တော်တော် မလွယ်တဲ့ကိစ္စ။ မမက လေးဘာသာလုံးကို တတ်နေတာ အသုံးချမှ ဖြစ်မှာပေါ့၊ ပြီးတော့ ကိုကို့ကိုလည်း မခွဲနိုင်ပြန်ဘူး။ မမ ဘာလုပ်ရမှန်း မသိတော့ဘူး"

"အမေတို့ သဘောမတူတာကတော့ အလုပ်ကြောင့်ပဲ၊ အခု ကိုဝေကပါ အလုပ်ထွက်ခိုင်းတာတော့ မတရားဘူး။ ခေမာ ပြောမယ်၊ မမ အလုပ်မထွက်နဲ့ ကိုဝေက မမကို မယူဘဲနဲ့ မနေနိုင်ပါဘူး။ မမနဲ့သူ ဝေးသွားရင် သူပဲ ဒုက္ခရောက်မှာ"

"ဒါပေမဲ့ မမကို သူ စိတ်ဆိုးသွားတယ်"





"ဆိုးပစေပေ့ါ၊ သူ လာချော့လိမ့်မယ်"

မိုးချိုက ခေါင်းခါပြသည်။

"မထင်ပါဘူး၊ သူက မမအပြင် တစ်ခြားကောင်မလေးတွေလည်း ရှိသေးတာပဲ။ မမတစ်ယောက် လျော့သွားလို့ သူ ဘာမှဖြစ်မှာ မဟုတ်ဘူး"

ခေမာ လန့်သွားလေသည်။ မိုးချို ကိုဝေရှုပ်တာတွေ သိနေတာပေါ့။ ဒါဆို ဘယ်လိုစိတ်နဲ့ ကိုကို့ကို ခွင့်လွှတ်နေနိုင်တာလဲ မသိ။

"မမသိတယ် ဟုတ်လား"

"သိတာပေါ့…မမဆီ သူ့ကုမ္ပဏီက ကြည်ကြည်လေးဆိုတဲ့ ကောင်မလေးက လူကိုယ်တိုင် လာပြောတာ"

"ဟင်…ရှက်စရာကောင်းလိုက်တာ"

"ဒါပေမဲ့ မမက သူ့ကိုချစ်တော့ ခွင့်လွှတ်ရတာပေါ့လေ"

"သူ့အရှုပ်တော့ သူမရှင်းဘဲ မမကိုပဲ အလုပ်ထွက်ခိုင်းနေတယ်။ သူ ခေမာ့အစ်ကိုမို့လို့ပေါ့"

မိုးချိုက ခေမာ့ကို ခင်မင်သောမျက်လုံးများနှင့်ကြည့်ကာ သူကပင် တစ်ဖန်ပြန်နှစ်သိမ့်ပေးသေးသည်။

"ဖူးစာပါလာရင် မမတို့ ဆုံမှာပေါ့"

ဟုတ်လိမ့်မည်။

ကိုဝေနဲ့မိုးချိုဇာတ်လမ်းက အဲလည်လည်နှင့် ထိုကာလမှာ အတော်ကြာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဝေကလည်း မိုးချိုနှင့်သွားမတွေ့ဘဲ ကြည်ကြည်လေးနှင့် အတွဲမပျက်။ မိုးချိုကလည်း အလုပ်ထဲမှာခေါင်းနှစ်၍ ကိုဝေ့ဆီ မဆက်သွယ်ချေ။ အမေတို့ကတော့…

"ကိုဝေက လိမ္မာတယ်၊ အမေတို့မကြိုက်တဲ့မိန်းမကို မယူဘူး တွေ့လား။ ခေမာ့အလှည့်ကျရင်လည်း ကိုဝေ့လိုပဲ လိမ္မာအောင်လုပ်"

ဟု ခပ်ပြုံးပြုံး ဂုဏ်ယူဝင့်ကြွားသောလေသံဖြင့် ပြောနေခဲ့သည်။

ခေမာ နှာခေါင်းရှုံ့တာ သူတို့မမြင်ပါ။

မိုးချိုက ဟိုတယ်မှာ အလုပ်လုပ်ပေမဲ့ လေးစားစရာကောင်းသောမိန်းမ ဖြစ်သည်။ မိဘပိုက်ဆံ ကျိုကျိုတက်ချမ်းသာပေမဲ့ အဲဒီပိုက်ဆံပေါ်မှာ ယစ်မူးတဲ့မိန်းမ မဟုတ်။ အဲဒီပိုက်ဆံကိုရင်းနှီးပြီး သူ့မိဘဝတစ်လျှောက်လုံး သုံးစားလို့ရမဲ့ပညာရပ်ကို သင်ယူသည်။

ဒါ ဘဝကို နားလည်မှုပဲ။ လူတစ်ယောက်ရဲ့တန်ဖိုးပဲ။ ပိုင်ဆိုင်မှုတွေထဲမှာ အရည်အချင်းနှင့် အရေအတွက်တန်ဖိုးသည် ဘာမှမဆိုင်။ မိုးချိုက မိဘအရေအတွက်ကနေ မိမိအရည်အချင်းကို ပြန်ရှာယူတဲ့စိတ်ဓာတ် ရှိသည်။ တစ်ယောက်တည်းနေရဲတာကိုကပင် ခေမာ့အတွက် အားကျစရာဖြစ်၍ နေလေသည်။

◆◆◆





"မမဆီကို ကိုဝေ ဖုန်းဆက်တယ်"

"ဟုတ်လား…ဘာထူးလို့လဲ မမ"

"ကိုကိုကလေ မမ သူနဲ့မှလက်မထပ်ရင် မမအလုပ်မှာ ပြဿနာ ရှာမယ်တဲ့"

"ဟင်"

ကိုဝေ အဲသလို မိုက်ရူးရဲဆန်လိမ့်မည်ဟု ခေမာ မထင်ထားပါ။ တကယ်တမ်းကျတော့ ကိုဝေ့အတွက် မိုးချိုက မရှိမဖြစ်ပဲလေ။

မိုးချိုတို့ဟိုတယ်ရှေ့မှာ ကားတစ်စီးနဲ့ ခေါက်တုံ့ခေါက်ပြန် ဖြတ်၊ နေ့လည်စာ ဝင်စား၊ ပြီးတော့ မိုးချိုတို့ဟိုတယ်မှာပဲ ဒေါ်လာနှင့် ညအိပ်၊ မနက်လေ့ကျင့်ခန်းကို တကူးတက မိုးချိုတို့ဟိုတယ်မှာပဲ သွားကစားသော ကိုဝေ့နည်းလမ်းများသည် မိုးချိုကို အနေကျဉ်းကျပ်စေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဝေတို့ကုမ္ပဏီ တစ်လတစ်ကြိမ် အစည်းအဝေးပွဲလုပ်တိုင်း မိုးချိုမှာ ကိုဝေ့ကို ရှောင်လို့မရ။ မိုးချို ကြာတော့ စိတ်ညစ်လာသည်။

"မမအိမ်အောက်မှာလည်း ညလုံးပေါက် ကားထိုးပြီး လာအိပ်တယ်၊ ခေမာ စဉ်းစားကြည့် တစ်ယောက်ထဲနေတာ သူ အဲသလိုလုပ်တော့ ကောင်းပါ့မလား။ အလုပ်မှာလည်း အကုန်သတိထားမိကုန်တယ်။ သူက လူတွေရှေ့မှာ သိပ်ကြွားချင်တယ်။ မမ ဒီအလုပ်က မထွက်နိုင်ဘူးလို့ ယတိပြတ် ပြောထားပြီးပြီပဲဥစ္စာ အဲဒါကို စကားတစ်ခွန်းမှမပြောဘဲနဲ့ အနှောင့်အယှက်ပေးနေတာတော့ မကောင်းပါဘူး"

"ခေမာ ဘာပြောရမလဲဟင်၊ အိမ်ကိုလည်း ကိုဝေ ပြန်မအိပ်ဘူး။ ကုမ္ပဏီမှာပဲ အိပ်တယ်"

"သူ့ဖာသာသူ ဘယ်မှာ အိပ်အိပ်ပေါ့ ခေမာ၊ အရေးကြီးတာ မမကို ဒီလို အသံတိတ်နှောင့်ယှက်နေတာ မမ လုံးဝမကြိုက်ဘူး"

"မမ"

"ဟင်"

"ခေမာ တစ်ခုမေးမယ်၊ မှန်မှန်ဖြေနော်"

"အင်း"

"ကိုဝေ့ကို မချစ်တော့ဘူးလား"

ထိုအခါ မိုးချိုဘက်က အကြာကြီး တိတ်သွားပြန်သည်။

"ခက်တယ်"





ဤသို့ ညည်းညူပြန်သည်။

"အစ်ကိုအကြောင်း ညီမရှေ့မှာ ပြောရမှာတော့ သိပ်ကောင်းဘူး"

"မမတို့နှစ်ယောက် ခွဲနေလို့မဖြစ်ဘူးဆိုရင်လည်း ခေမာ ကြံတစ်ခု ပေးမယ်"

"ပြောလေ"

"အမြန်သာ လက်ထပ်လိုက်ကြတော့"

"ဒီကောင်မလေး"

မိုးချိုဘက်က ကြင်လင်စွာရယ်သောအသံကို ကြားရပြန်သည်။

"မိန်းမတစ်ယောက်အတွက် အဆိုးဆုံးခံစားချက်က ကိုယ့်ကိုကိုယ့်ချစ်သူမိဘတွေက သဘောမတူဘူးဆိုတဲ့အသိပဲ ခေမာ"

"ခေမာကတော့…မမတို့ကို သိပ်သဘောတူတာပဲ။ ကိုဝေ့ကို မမပဲ လိမ္မာအောင် လုပ်ပေးနိုင်မှာပါ ဟင်…မမ"

"မမ ခေါင်းရှုပ်လာပြီကွယ်"

မမ ခေါင်းရှုပ်ရုံသာမက ကိုဝေ့လက်ချက်ကြောင့် အမေတို့ ခန်းမှာ ကိုဝေ့ကို သွားထုတ်ရသေးသည်။ အကြောင်းက ကိုဝေ စ်ယောက်မူးပြီး စားသောက်ဆိုင်မှာ သောင်းကျန်းရာ ရဲစခန်းသို့ င်ရှင်က ပို့လိုက်သောကြောင့် ဖြစ်သည်။

အမေကတော့…



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတစ်ယောက်အတွက်နဲ့ ဂုဏ်သိက္ခာမဲ့တဲ့ကောင်"

ဟု ပျစ်ပျစ်နစ်နစ် ဝေဖန်လေသည်။ အမေက စိတ်ဆိုးပြီး ကိုဝေ့ကို အိမ်ပေါ်က နှင်ချလေသည်။ ကိုဝေ ကျောကော့ဆင်းသွား တာကိုကြည့်ပြီး ခေမှာ့မှာ ငိုရအခက် ရယ်ရအခက်။

ကိုဝေဟာလေ ကလေးဆိုးကြီးလိုပဲ။ အဲဒီ ကလေးဆိုးကြီးနဲ့ တူတဲ့ ကိုဝေ့ကိုပဲ မိန်းမတွေက သိပ်သဘောကျကြလေသည်။ ကိုဝေ သာ တစ်ချက်ပြောကြည့် လက်ထပ်ဖို့ ခေါင်းညိတ်မဲ့မိန်းကလေးမျိုး ချည်းပဲ ဖြစ်သည်။

ဒါကြောင့်လည်း ကိုဝေက သူ့စန်းသူမနိုင်၍ မိုးချိုကို အဟန့် အနေဖြင့် အနားမှာထားလိုခြင်း ဖြစ်မည်။

◆ ◆ ◆





## အခန်း [၅]

ဆန္ဒအားကြီးလွန်းသော ယောကျ်ားတစ်ယောက်လို မိုးချို အစက ဘာလို့ကြိုမသိခဲ့ပါလိမ့်။ ကြိုသိလျှင် မိုးချို ပတ်သက်ခဲ့မိမှာ ဟုတ်။ ပိုဆိုးသည်မှာ မိုးချို ထိုလူ့ကို နင့်နင့်သည်းသည်း ချစ်မိခဲ့ခြင်း ပင် ဖြစ်လေသည်။ ဒုတိယအကြိမ်ဆိုတာ မိုးချိုအတွက် သိပ်ခက်ခဲ တဲ့ ကိစ္စတစ်ခုပဲ။

ဒါပေမဲ့ ကိုခကို မိုးချို တွေ့စကတည်းက သဘောကျသည်။ ကိုခမျက်လုံးတွေဟာ ဆန္ဒအားသိပ်နည်းတဲ့ မျက်လုံးမျိုးတွေပဲ။ အဲဒီ လိုမျက်လုံးပိုင်ရှင် ယောကျ်ားတွေဟာ မိန်းမတစ်ယောက်ကိုချစ်တဲ့ နေရာမှာလည်း တော်တော်နူးညံ့မှုရှိမှာပဲဟု မိုးချို ယုံကြည်မိလေသည်။

မိုးချိုတို့အရွယ်ဆိုတာ ရင်ခုန်ခြင်း၊ ချစ်ခြင်း၊ လိင်ကိစ္စအားလုံး ကို ခွဲခြမ်းနိုင်နေသော အရွယ်တွေ ဖြစ်သည်။ နှစ်ဆယ့်နှစ်နှစ်ဟုန်း



www.burmeseclassic.com

www.burmeseclassic.com



ကတော့ မိုးချို ဘာသိခဲ့မှာလဲ။ မိုးချိုသည် အရှုံးအမှုး စွဲလန်းခြင်းကို ခံရသောမိန်းကလေးတစ်ယောက်၊ ပြီးတော့ ကိုကိုက မိန်းကလေး တစ်ယောက်ကို ဘယ်လိုဆွတ်ခူးရမလဲ ဆိုသောပညာကို တစ်ဖက် ကမ်းခတ် ကျွမ်းကျင်တတ်မြောက်သူ ဖြစ်သည်။

ကိုကို့ကို စတွေ့ကတည်းက ကိုကို့ရဲ့စကားပြော ကျွမ်းကျင်မှု ကို မိုးချို သိပ်သဘောကျသွားခဲ့သည်။ မိုးချိုတို့ ချစ်သူဖြစ်စမှာလည်း ကိုကို့နှုတ်ခမ်းနွေးနွေးကို မိုးချို ထိတ်လန့်စွာ တွယ်တာမက်မောခဲ့ ဖူးပါသည်။ ချစ်သူရဲ့လက်တွေဟာ မိုးချိုအတွက် နွေးထွေးမှုနှင့်တကွ ထိတ်လန့်ရင်ခုန်မှုတွေကိုပါ တစ်ပါတည်း ပေးစွမ်းသည်။

ကိုကို့ကို ယတိပြတ်စွန့်ခွာတော့မည်ဟု ဆုံးဖြတ်ချိန်ထိ အိပ်မက်ထဲတွင် ကိုကို့ကို မိုးချို ရူးသွပ်စွာ ဖက်တွယ်ထားဆဲ ဖြစ် သည်။

ပထမဆုံးရည်းစား၊ ပထမဆုံး အနမ်းဦးများနှင့် မိုးချိုဘက်က ကိုကို့အတွက် ဘဝတစ်ခုလုံးကို ပုံအပ်လိုက်သောညကိုမူ မိုးချို ကောင်းကောင်း မှတ်မိသည်။

◆◆◆





မိုးချို တိုက်ခန်းပြတင်းပေါက်ကနေ အောက်ကိုငုံ့ကြည့်လိုက် သည်။ ကိုကို့ကားကို အပေါ်စီးကနေ ဆီးမြင်နေရသလို ကားတံခါး ဖွင့်၍ ထိုင်နေသောကိုကို့ကိုလည်း တွေ့ရသည်။

စီးကရက်တိုတွေ ကိုကို့ခြေထောက်အောက်မှာ ပြန့်ကြဲနေသည်။ ကိုကိုတော့ Rock သီချင်းတွေဖွင့်ပြီး စီးကရက်တွေ တစ်လိပ်ပြီး တစ်လိပ် ထိုင်သောက်နေပုံရသည်။ ရုတ်တရက် မိုးခြိမ်းလိုက်သဖြင့် မိုးချို လန့်သွားသည်။ မကြာခင်မှာ မိုးရွာတော့မယ် တူပါရဲ့။ ကိုကို့ ဟမ်းဖုန်းကိုဆက်ပြီး…

“ပြန်တော့လေ”

ဟု ပြောတော့ ကိုကို့ဆီက သက်ပြင်းချသံ ကြားရသည်။

“ကိုကိုမပြန်ရင် မင်း ဘာလုပ်မလဲ”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုလုပ်နေတော့ ကျွန်မ စိတ်ချမ်းသာမှာလား၊ ကိုဇော်ဝေရော စိတ်ချမ်းသာလို့လား"

"မိုးချို"

"မိုးရွာတော့မယ် ပြန်တော့နော်"

"ဘာဖြစ်လဲ…ကိုယ် ဒီတိုင်း ထိုင်နေမှာပဲ"

"ခက်တာပဲ"

ကိုကိုက ဟာမ်းဖုန်း ပိတ်လိုက်ပုံရသည်။ ခဏကြာတော့ မိုးတွေ တဖြောက်ဖြောက်နှင့် ရွာလာသည်။ မိုးတော်တော်သဲတဲ့အထိ ကိုကို ကားဘေးမှာ မတ်တပ်ရပ်ကာ မိုးချိုအခန်းကို မော့ကြည့်နေ တုန်း ဖြစ်သည်။

မိုးပိုသဲလာတဲ့အချိန်မှာတော့ မိုးချို မနေနိုင်တော့ပေ။ ထီး ယူပြီး ကိုကို့ဆီ ဆင်းလာခဲ့သည်။ ကိုကို့နားရောက်တော့ ကိုကို့အသား တွေက မိုးရေကြောင့် အေးစက်နေပေပြီ။

"ကြည့်ပါဦး…အသားတွေအေးစက်နေပြီ၊ ပြန်တော့လေ"

"မပြန်ဘူး…တစ်ညလုံး ဒီတိုင်းရပ်နေမယ်"

ကိုကို့ပုံစံနှင့် ကိုကို့အပြောကြောင့် မိုးချို မျက်ရည်ဝဲလာ ရသည်။

"ကိုကို သိပ်ပြောရခက်တာပဲ"

"ဒါဆိုလည်း မင်း ငါ့ကို ရဲစခန်းပို့လိုက်ပေါ့။ ရော့…ဖုန်းဆက်လိုက်လေ…ကျွန်မကို လူတစ်ယောက် နှောင့်ယှက်နေပါ





တယ်လို့…မင်း ကိုယ့်ကို မုန်းနေတယ်မို့လား၊ ကိုယ့်ကိုမမြင်ရမှ မင်း စိတ်ချမ်းသာမယ်မို့လားဟင်"

"ကိုကို ဘာတွေရှဲ့ပြောနေတာလဲဟင်၊ မိုးချိုအသဲ ဒီလောက် မမာဘူး ကိုကိုရဲ့။ လာ…အိမ်ပေါ်လိုက်ခဲ့၊ ဒီတိုင်းဆက်နေရင် သေသွားလိမ့်မယ်"

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုလဲဖို့အင်္ကျီက နေဦး…မိုးချိုမှာ ရှပ်အင်္ကျီအသစ်တော့ ရှိတယ်၊ ပုဆိုးတော့ မရှိဘူး။ ညဝတ်အင်္ကျီဘောင်းဘီအသစ်တစ်စုံလည်း ရှိတယ်။ ဘာဟာ ဝတ်မလဲ"

"ညဝတ်အင်္ကျီပဲ ပေးလေ"

ကိုကိုရဲ့ ရေစိုနေသောအင်္ကျီကို ကြယ်သီးဖြုတ်ပေးစဉ်မှာ မိုးချိုရဲ့လက်တွေ မသိမသာတုန်ရင်လျက် ရှိသည်။ ရှပ်အင်္ကျီအောက်က ပေါ်လာသော ကြီးမားကျယ်ပြန့်သည့် ရင်အုံ၊ ပြီးတော့ မွေးညင်းအစိမ်းရောင်နုနုလေးများသည် မိုးချိုရင်ဘတ်ထဲကနှလုံးကို တဒိန်းဒိန်း ပို၍ခုန်စေသည်။

ကိုကိုက မိုးချိုလက်နှစ်ဖက်ကို အသာဆုပ်ကိုင်ကာ မိုးချိုနဖူးကိုငုံ့နမ်းချိန်မှာတော့ မိုးချိုသည် ကြွေကျဖို့အသင့် ဖြစ်နေခဲ့ပြီ။ ချစ်သူ့ရင်ခွင်လောက် နွေးသောနေရာ မရှိတော့။





"ကိုကို ဘယ်လောက်ချစ်ရသလဲ မင်း ဒါကို မသိဘူးလား"

ကိုကို့အသံသည် အဝေးကြီးကလာသလို ထင်ရသည်။

"ဟင့်အင်း…ကိုကို မဖြစ်ဘူး"

ကိုကို့ကို တွန်းဖယ်ဖို့ မိုးချို သုံးကြိမ်ခန့် ကြိုးစားသည်။ ဒါပေမဲ့ ကိုကို့ရင်ခွင်ထဲ တစ်ကိုယ်လုံးမြုပ်ဝင်နေပြီဖြစ်သော မိုးချိုကို ကိုကိုက ပြန်လည်လွှတ်မပေးခဲ့ချေ။

အပြင်က မိုးခြိမ်းသံသည် မိုးချိုရင်ထဲက မိုးခြိမ်းသံလောက် မပြင်းထန်ချေ။

"ကိုကို…မိုးချို မဖြစ်ဘူးလို့ ပြောနေတယ်"

"ကိုကို သိပ်ချစ်တယ် မိုးချို"

"ဟင့်အင်း…မဖြစ်ဘူး မိုးချို ကြောက်တယ်"

ကိုကိုက မကြောက်နဲ့ဟုဆိုကာ ငုံ့နမ်းရင်း ခပ်တိုးတိုး ဆိုပြန်သည်။ ပြီးတော့ မိုးချိုကိုယ်တိုင်လည်း ကိုကို့ကို လွှမ်းဆွတ်နေရတာ ဘယ်လောက်ကြာပြီလဲကွယ်။

အိပ်ခန်းမီးရောင် အဝါရောင်ကျင့်ကျင့်သည် ကိုကို့မျက်နှာပေါ်ကို ခပ်မှိန်မှိန်ဖြာကျနေသည်။ သိပ်ရင်ခုန်စရာကောင်းတဲ့ ညကလေးပဲ။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



မှန်တင်ခုံရှေ့မှာထိုင်နေသော မိုးချိုသည် ပါးပြင်ပေါ်က အေးစက်သောအထိအတွေ့ကြောင့် မှန်ထဲသို့ အကြည့်ရောက်သွားသည်။ မိုးချို ကိုကို့ကို သတိရတိုင်း ငိုရသည်။ ငိုရတိုင်းလည်း ကိုယ့်ကိုယ်ကို ဒေါသထွက်ရသည်။

မိုးချိုတို့ အဆင်ပြေသွားတဲ့တစ်ညလုံး ကိုကို့ဆီက ချစ်တယ်ဆိုသောအသံတွေ ထပ်တလဲလဲ ကြားရသည်။ ထိုအချိန်မှာ မိုးချိုအတွက် ကိုကို့ဆီက လွတ်ထွက်မသွားဖို့သာ အရေးကြီးနေပြီး ကိုကို့ကို အရှုံးအမှုံးကို တပ်မက်မိလေသည်။ မိုးချိုခေါင်းထဲမှာ ဘာ အနာဂါတ်မှ မရှိတော့…။ မိုးချို့ရဲ့ဘဝသည် ကိုကိုရဲ့အစိတ်အပိုင်း ဖြစ်သွားခဲ့ပြီ။ ကိုကိုသည် အထက်စီးနင်းမှုဆန်သော ချစ်ခြင်းမျိုးဖြင့် မိုးချိုခန္ဓာကိုယ်မှာ အမှတ်တံဆိပ်တစ်ခု ရိုက်နှိပ်ပေးလိုက်သကဲ့သို့ ခံစားမိလေသည်။





မနက်မိုးလင်းခါနီးမှ နှစ်ယောက်သား ခဏအိပ်ပျော်သွားပြီး အရင်ဆုံး မိုးချို နိုးလာခဲ့သည်။ ကိုကို့မျက်နှာကို ရဲရဲမကြည့်ဝံ့ချေ။ ခုတင်ပေါ်ကနေ အောက်ကို ခြေသံမကျအောင် ဖွဖြီးအဆင်း ကိုကိုက ဖြန့်ဆွဲလှည့်လိုက်သဖြင့် ကိုကို့ရင်ခွင်ထဲ ပြန်ရောက်သွားလေသည်။

"ဘယ်သွားမလို့လဲ မိုးချို"

ကိုကို့ရင်ခွင်မှာ အတင်းမျက်နှာဝှက်ထားတော့ ကိုကိုက မိုးချိုခေါင်းကဆံပင်တွေကို အသာပွတ်သပ်ပေးကာ ထပ်မေးသည်။

"ရှက်လို့လား"

"အင်း"

"ဘာရှက်စရာရှိလဲ၊ ဒါ သဘာဝပဲ"

"ဟင့်အင်း၊ ဒါပေမဲ့ ဒီနေ့ အလုပ်သွားရဦးမယ် ကိုကို"

"မသွားနဲ့"

"ခွင့်မတိုင်ရသေးဘူးလေ မိုးချို့ ပြဿနာတက်မှာပေါ့"

"တက်ပစေ၊ အဲဒီအလုပ်ပြုတ်တော့လည်း ကောင်းတာပေါ့"

"မိုးချို သိပ်ကြိုက်တဲ့အလုပ်ကိုနော် ကိုကို အဲသလို မပြောပါနဲ့"

"ဒါဖြင့် ကိုကိုနဲ့အလုပ် ဘယ်သူ့ကို ပိုချစ်လဲ"

ကိုကို့ရင်ခွင်ထဲ မျက်နှာဖွက်ထားရာမှ မော့လိုက်ပြီး ကိုကို့ မေးဖျားလေးကို နမ်းလိုက်သည်။ မုတ်ဆိတ်မွေးတွေကစူး၍…



www.burmeseclassic.com

www.burmeseclassic.com



"ရှုးတယ်"

ဟု ပြောတော့ ကိုကိုက ပြုံးသည်။

"ဟင်…ကိုကိုနဲ့အလုပ် ဘယ်သူ့ကို ပိုချစ်လဲလို့"

"ဟာ…အဲဒါက ဘာမှမဆိုင်ဘဲဥစ္စာ"

"ဒါပေမဲ့ မိုးချို ကိုကို့ကို ပိုချစ်တယ်မို့လား၊ ညကတော့ ကိုကို့ကို အချစ်ဆုံးပဲဆို"

"ဟာ အဲဒါ ညကပြောတာ၊ အခု မပြောဘူး"

"မရဘူး၊ အခုလည်း ပြောရမယ်"

"နေဦး…လွှတ်ဦး၊ မိုးချို အလုပ်သွားဖို့ ပြင်ဆင်ရဦးမယ်"

"ဖုန်းဆက်လိုက်ကွာ၊ ကိုကိုလည်း ဒီနေ့ ဘယ်မှမသွားဘူး"

"ကိုကိုက ပိုင်ရှင်လေ၊ မိုးချိုက အလုပ်သမား ဘယ်ရမှာလဲ"

"ကိုကို စိတ်ချိုးတော့မှာနော်"

"ကဲ…ကဲ…မိုးချို ဖုန်းဆက်ပြီး ခွင့်တိုင်လိုက်မယ်"

"အဲသလို လုပ်စမ်းပါ"

"ဒါပေမဲ့…ဒီတစ်ရက်ပဲနော် ကိုကို"

"အင်း"

ကိုကိုရဲ့ဆန္ဒကို မိုးချိုသည် အချစ်ဖြင့်သာ ဖြည့်ဆည်းပေးခဲ့သည်။ မိုးချိုတို့ နှစ်ဦးသဘောတူ ရုံးတက်လက်မှတ်ထိုးပြီးနောက်မှာလည်း ကိုကိုနဲ့မိုးချို ရန်ဖြစ်လိုက်ချစ်လိုက်ဖြင့်သာ အချိန်ကုန်သည်





"မိုးချိုတစ်ယောက်လုံး ရှိရက်နဲ့နော် ကိုကို"

"ဟာ…ဘာဖြစ်လို့လဲ"

"အဲဒီဖုန်းနဲ့ ကောင်မလေးတွေ ပြောနေတာတော့ မကောင်းပါဘူး"

"သူတို့ ပြောလို့ပါ"

"သူတို့ပြောတိုင်း ကိုကို ပြောရလား ကဲ…"

ကိုကို့ကို ဆွဲဆိတ်တော့ ကိုကိုက မိုးချိုကို အတင်းဖမ်းချုပ်ထားကာ…

"တော်တော်သဝန်တိုတဲ့ ငါ့မိန်းမပဲ"

ဟုဆိုကာ ရယ်သည်။

"သဝန်တိုတာ ချစ်လွန်းလို့ပဲ၊ ဒီမယ်နော်…မိုးချို ကိုကိုနဲ့ ဝတ်သက်ပြီး အားလုံးခွင့်လွှတ်နိုင်တယ်။ တစ်ခုပဲ အဲဒီတစ်ခုက မိန်းမရှုပ်တာပဲ၊ မိန်းမရှုပ်တာကို နည်းနည်းမှ ခွင့်မလွှတ်ဘူး"

"မိုးချို အလုပ်ထွက်လိုက်လေ"

"ဘာဆိုင်လို့လဲ"

"ဟုတ်တယ်…ကိုကို မိန်းမမရှုပ်စေချင်ရင် မိုးချို အမြဲအနားမှာနေပေါ့၊ မိုးချိုရှိနေရင် ကိုကို့စိတ်က ဘယ်သူ့ဆီမှ မရောက်ဘူး"

"ကိုကိုဟာလေ…ကိုကို မရှုပ်ဖို့ပြောနေတာကို ဘာတွေလျှောက်ပြောနေတာလဲ၊ အရက်ကို မရှိဘူး။ ကိုကို သိပ်ကဲတာ



www.burmeseclassic.com

www.burmeseclassic.com



မိုးချို သိတယ်နော်၊ စိတ်မထိန်းနိုင်တာ ယောကျ်ားညံ့ပဲ သိလား"

"ညည်းက ယောကျ်ားမှမဟုတ်တာ ဘယ်ကိုယ်ချင်းစာမလဲ"

"ကိုကို…ကြည့်၊ ဒီပုံစံနဲ့ မိုးချို ဘယ်လိုစိတ်ချမလဲ"

"စိတ်မချရင် အလုပ်ထွက်လို့ ပြောနေတယ်လေ"

"အလုပ်ထွက်ပြီး ဘာလုပ်ရမလဲ"

"အလုပ်ထွက်ပြီးတော့ ကိုကို့အနားမှာနေ၊ ကိုကို့ကုမ္ပဏီမှာဝင်လုပ်၊ အဲဒီတော့ ကိုကိုလည်း အလုပ်မှာမောရင် မိန်းမပါးနမ်းပြီး အပန်းဖြေရမှာပေါ့"

မိုးချို ကိုကို့ကို အဲဒီကိစ္စနှင့်ပတ်သက်ပြီး လုံးဝအယုံအကြည်မရှိပေ။ ကိုကိုရဲ့ကျွမ်းကျင်မှုကို ကြည့်ပြီးတော့မှ မိုးချို မယုံတာဖြစ်သည်။ လူပျိုလူလွတ်တစ်ယောက်မို့ တစ်ခါနှစ်ခါကို အပြစ်မတင်လို။ သို့သော် မိန်းမရှိရက်သားနဲ့ စိတ်ဝင်စားတာကို လုံးဝလက်မခံနိုင်။ အိမ်ထောင်ဦးစမှာ မိုးချိုကို ချစ်ခင်တွယ်တာနေပေမဲ့ နောက်ပိုင်းမှာ ဘယ်လိုလုပ်မလဲ။

◆◆◆





နောက်တစ်နေ့ မိုးချို ညနေ အလုပ်က ပြန်လာတော့ ကိုကို ရောက်သေးပေ။ မိုးကလည်း ခပ်သဲသဲရွာနေသည်။ ကားများ တစ်ခု ခုဖြစ်ရင် ဒုက္ခပါပဲ။

အတွေးဖြင့် ရင်ပူကာ မိုးချိုသည် ဖုန်းတစ်လုံးဖြင့် အလုပ် ရှုပ်နေလေသည်။ ကိုကို့ကုမ္ပဏီကို ဖုန်းဆက်တော့ ထွက်သွားပြီ။

ညနေ ခုနှစ်နာရီခွဲမှ ကိုကို ပြန်ရောက်လာလေသည်။ ကိုကို့ ရင်ခွင်ထဲပြေးဝင်ကာ သက်ပြင်းချနိုင်သော မိုးချိုကို…

"စိတ်ပူနေလား"

ဟု ကိုကိုက မေးသည်။

"အင်း…ပူတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မိုးချိုကို မင်္ဂလာဦးလက်ဆောင် ဘာမှမပေးရသေးဘူးလေ အဲဒါ စိန်လက်စွပ် သွားဝယ်တာ နောက်ကျသွားတယ်"

စိန်တစ်လုံးတည်း ပတ်ပတ်လည်မှာ မဟူရာကျောက်သေး သေးလေး ခြောက်လုံးရံထားသောလက်စွပ်ကို မိုးချို၏လက်သူကြွယ်မှာ စွပ်ပေးသည်။

"မဟူရာ ကိုကိုပေါ့၊ မိုးချိုက စိန်ပွင့်ကလေး၊ ကိုကို့ရဲ့ အချစ်တွေက အများကြီးပဲဆိုတဲ့ သဘောပေါ့"

လက်စွပ်ဝတ်ထားသောလက်ကို ထောင်ကြည့်ပြီး မိုးချို ပျော် နေခဲ့သည်။ ကိုကို့လည်ပင်းကို လက်နှစ်ဖက်နှင့်သိုင်းဖက်ကာ ကိုကို့ ပါးကိုနမ်းတော့ ကိုကိုက သဘောတကျ အော်ရယ်သည်။ ပြီးတော့ မိုးချိုကို ပွေ့ချီသည်။

"ဟာ…ကိုကို ပြုတ်ကျတော့မယ်၊ အောက်ပြန်ချပေး"

"မိုးချို ရယ်နေရင် ကိုကို သိပ်ချစ်တာပဲ"

ကိုကို အဲသလိုပြောရင် မိုးချို သဘောပေါက်ရသည်။

"ကိုကို့ကို စိတ်ပူတာနဲ့ ဘာမှမချက်ရသေးဘူး"

"ရတယ်…ကိစ္စမရှိဘူး၊ မိုးချိုကိုချစ်ရင် ဗိုက်ပြည့်တယ်"

မိုးချိုသည် ကိုကို့ရဲ့ရုပ်ရည်ချောမောမှုနှင့် စန်းပွင့်မှုတို့ကို တစ်သက်လုံး ထိန်းချုပ်ထားခွင့် ရချင်ခဲ့သည်။

"ကိုကို မိုးချိုကို နောက် မပစ်သွားရဘူးနော်"

"အခုလည်း ချစ်မယ်၊ နောက်လည်း ချစ်မယ်"





"ခုနေသာ ပြောတာပါ၊ ဒါပဲနော်…မိုးချိုနဲ့ပဲ လုံလောက်ရမယ်။ နောက်ထပ် မိန်းမတစ်ယောက်ဆီက ဘယ်တော့မှ ဒီအခွင့်အရေးမျိုး မယူရဘူး"

"ကိုကို မိုးချိုကို သိပ်ချစ်တာ သိသားနဲ့"

မင်္ဂလာဦးခရီးသည် မိုးချိုနဲ့ကိုကို နှစ်ယောက်ထဲ ဘယ်သူ့အနှောင့်အယှက်မှမရှိဘဲ ပြည့်စုံခဲ့သည်။

◆◆◆

"မမတို့ မင်္ဂလာဧည့်ခံပွဲ မလုပ်ဘူးလား"

"မလုပ်တော့ဘူး ခေမာ၊ နှစ်ဖက်မိဘက သဘောမတူတော့လေ…"

"ဘာပဲဖြစ်ဖြစ်ပေါ့ မမရယ်…အကျဉ်းချုံးတော့ လုပ်သင့်တာပေါ့"

"မမတို့ လက်ထပ်ပြီးတာ ဒီနေ့မှ လေးရက်ရှိသေးတာ"

"အဲဒါကြောင့် ပြောတာပေါ့"

"ရပါတယ်ကွယ်၊ မမက သိပ်ဂရုမစိုက်ပါဘူး၊ ဒယ်ဒီတို့တောင် မမ လက်ထပ်တာ မသိသေးဘူး"

"မမအစ်ကိုရော…"

"ဟင့်အင်း"

"ဒါဆို ခေမာပဲ သိတာပေါ့"

"ကိုကို့အလုပ်သမားနှစ်ယောက် သိတယ်၊ သက်သေ လက်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ထိုးပေးတဲ့ လူတွေပေါ့။ သူတို့က ယုံရပါတယ်၊ နောက်မှ သတင်းစာထဲ ထည့်ကြေငြာမယ် စိတ်ကူးတာပဲ။

ခေမာ ပြန်သွားပြီးနောက် မိုးချိုသည် ကိုကို့ကို ထိုင်စောင့်ရင်း ငိုက်မျဉ်းလာလေသည်။ ကိုကို အလုပ်တွေများလို့နေမှာဟုထင်ကာ တရုတ်ကားတစ်ကားကို ခွေထိုးကြည့်လိုက်သေးသည်။

ညရှစ်နာရီကျော်မှ ကိုကို ပြန်ရောက်လာသည်။

မိုးချိုကိုပွေ့ချီ၍ နမ်းလိုက်သောကိုကိုရဲ့ ရှပ်အင်္ကျီကော်လာနားက နှုတ်ခမ်းနီကိုသာ မတွေ့ခဲ့ဖူးဆိုလျှင် မိုးချို ဒေါသမထွက်ချေ။ သို့သော် မိုးချိုမျက်လုံးကလည်း လျင်သည်။ ဒါမျိုးကို မြင်ဖြစ်အောင်မြင်သည်။

"ကိုကို ဒါ ဘာလဲ"

မိုးချိုအသံကြောင့် ကိုကို မျက်နှာပျက်သွားလေသည်။

"ဘာလဲ မိုးချိုရဲ့"

"ဒီမှာလေ နှုတ်ခမ်းနီရာ…"

"ဟာ မရှိပါဘူး"

"လာခဲ့…မှန်ထဲမှာ သွားကြည့်ချေ"

ကိုကိုက မှန်ထဲမှမြင်ရသော နှုတ်ခမ်းနီရာကိုကြည့်ပြီး မိုးချိုကို သနားစဖွယ်မျက်နှာနှင့် ငေးကြည့်နေလေသည်။

"ရှင် ဘာပြောမလဲ"

"…"





"မေးနေတယ်လေ ကိုဇင်ဝေ၊ ဒါ ဘယ်မိန်းမရဲ့နှုတ်ခမ်းရာလဲ။ ရှင့်ရုံးက တပည့်တွေထဲက တစ်ယောက်လား"

"မိုးချို"

ကိုကိုက ဒေါသဖြင့်တုန်ယင်နေသော မိုးချိုကို ပွေ့ဖက်ရန်ကြိုးစားသည်။

"လာမထိနဲ့ ရွံတယ်"

"မိုးချို…ကိုကို ရှင်းပြပါရစေဦး"

"ဟင့်အင်း မရှင်းပြနဲ့၊ မကြားချင်ဘူး ရှင်နဲ့ ကွာမယ်"

ဒေါသဖြင့် မိုးချိုသည် ရေချိုးခန်းထဲပြေးဝင်ကာ ရေချိုးခန်းတံခါးကို အတွင်းမှ ချက်ထိုးလိုက်သည်။ ရေချိုးခန်းတံခါးကို ကျောမှီထိုင်ချကာ ဒေါသဖြင့် မိုးချိုမှာ ပူလောင်နေလေသည်။ ငိုလည်း ငိုသည်။

မိုးချို တတ်နိုင်သလောက် ကိုကို့ကို ပေးပြီးပြီပဲ။ အပျိုစင်တစ်ယောက်ရဲ့ဘဝကို ကိုကို့လက်ထဲမှာပဲ ချစ်မြတ်နိုးစွာ စွန့်လွှတ်ခဲ့ပြီးပြီပဲ။ ဒါကို ကိုကို မကျေနပ်နိုင်သေးတာ လုံးဝခွင့်လွှတ်ဖို့ ကောင်းတဲ့ ကိစ္စမဟုတ်။

"မိုးချို….မိုးချို"

ရေချိုးခန်းတံခါးကို တဝုန်းဝုန်းထုပြီး ကိုကို အပြင်က ခေါ်သမယ့် မိုးချို ပြန်မထူးပေ။ ရေပိုက်ခေါင်းကိုဖွင့်ချကာ ဒေါသအက်သာလို သက်သာငြား ခေါင်းကို ရေဆွတ်လိုက်သည်။ မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



အရသာက ခါးသီးစွာ မိုးချိုပါးစပ်ထဲ ဝင်သွားသဖြင့် ထွေးထုတ်လိုက်သည်။

"မိုးချို…ကိုကိုတောင်းပန်ပါတယ်၊ ထွက်ခဲ့ပါ။ ကိုကို မှားသွားပါတယ်၊ ကိုကိုလည်း စိတ်ထိန်းတာပဲ ဒါပေမဲ့ မရဘူး"

မိုးချိုသည် ထိုဖြေချင်းချက်ကို ကြားနေရလေ ဒေါသပိုထွက်လေ ဖြစ်သည်။ သိပ်ရှက်စရာ ကောင်းတာပဲ။

"မိုးချို…ကိုကိုပြောသားပဲ၊ အလုပ်ထွက်ပါလို့…"

"ကိုဖင်စေ ရှင် ဗိုက်နော်"

"မိုးချို…အပြင်ထွက်လာပါ၊ ကိုကို့ကို ကြိုက်သလိုလုပ်ကျေနပ်တယ်။ တံခါးကြီးပိတ်ပြီး စိတ်ပူအောင် မလုပ်ပါနဲ့ကွာ"

တစ်ညလုံး မိုးချို ရေချိုးခန်းထဲမှာ စိတ်ဆိုးဆိုးနဲ့ထိုင်နေရာ နောက်တစ်နေ့မှာ အအေးပတ်ပြီး အဖျားတွေကြီးတော့သည်။

◆◆◆





"ကိုကို နောက် လုံးဝဒီအမှားမျိုး မလုပ်တော့ဘူးနော် ကတိပေးတယ်"

မိုးချိုဖျားမှာ တစ်နေ့ကုန်ထိုင်ကာ ပျာလောင်ခတ် ကတိတွေပေးပြီး မိုးချိုအစ်ကို ကိုလွင့်ကိုလည်း ပြေးခေါ်ပြသေးသည်။

ကိုလွင်က…

"မိုးချိုစိတ်က သိပ်ပြင်းတယ်၊ ငါ့ကိုတောင် အစ်ကိုလို့ ထင်တော့တာ။ မင်း နောက်တစ်ကြိမ် မှားလို့ကတော့ မိုးချိုနဲ့ မလွယ်ဘူးဘဲ"

ဟု သတိပေးသွားသည်။

တစ်နေကုန် ဖျားပြီးနောက် မိုးချို အဖျားကျသွားသည်။ ကိုကိုလည်း အဲဒီတော့မှ ပြုံးနိုင်သည်။ မိုးချိုကို ရင်ခွင်ထဲထည့်ကာ နမ်းလိုက်၊ ကတိတွေပေးလိုက်ဖြင့် မိုးချိုစိတ်ကို ပြေအောင်ချော့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက်မှာတော့ မိုးချို အဖျားလုံးလုံး ပျောက်သွားသည်။

"ကိုကို ကုမ္ပဏီ မသွားဘူးလား"

"မိုးချို နေမှကောင်းသေးဘဲ"

"အလုပ်တော့ သွားပါ၊ ပိုက်ဆံမရတဲ့အလုပ်တွေသာ လုပ်မလာနဲ့"

"မိုးချိုကတော့လေ…"

"ဘာဖြစ်လဲ…မဟုတ်လို့လား၊ ဒီလောက်အလိုလိုက်တဲ့ မိန်းမအပြင် နောက်ထပ် ကိုကို လိုအပ်နေတာ ရှက်စရာကောင်းတယ်လို့ နည်းနည်းမှ မထင်ဘူးလားဟင်"

"မိုးချို"

"အချစ်ကိစ္စပြီးရင် ဒီကိစ္စပါလာတာ မိုးချို သိပါတယ် မိုးချို နားမလည်တာ ကိုကိုတို့ယောကျ်ားတွေက ဒီကိစ္စအတွက်နဲ့ မိန်းမတိုင်း ချစ်လို့ဖြစ်လားဟင်၊ မိုးချိုသာ ကိုကို့နေရာမှာဆို ကိုယ့် ဘယ်လိုနေမလဲ။ လက်ထပ်ပြီးတာ ရက်ပိုင်းပဲရှိသေးတဲ့ ယောကျ်ား တစ်ခြားသူစိမ်းမိန်းမတစ်ယောက်နဲ့ ဖနီးကွယ်ရာမှာ ငြိစွန်းတယ်ဆိုတဲ့ အနေအထားကိုလေ မိုးချို မပေးနိုင်ရင်လည်း ထားတော့။ ခုဟာ မိုးချို ရှိနေရက်-မိုးချို ကွယ်တာနဲ့ဖြစ်တယ်ဆိုတော့…သိပ်လွန်တယ်"

"ကိုကို ကတိပေးပါတယ်"

"မယုံဘူး"





"မိုးချိုရယ်"

"ဟုတ်တယ်…မိုးချို ကိုကို့ကို သိပ်ချစ်တယ်၊ သိပ်သဝန်တိုတယ်၊ အဲသလိုပဲ လုံးဝမယုံဘူး၊ ကိုကို့ကို မယုံရအောင် သက်သေတွေရှိနေပြီပဲ"

"ကိုကို့ကို မချစ်တော့ဘူးလား"

"အဲဒီအဖြေက ရှင်းနေတာပဲ ချစ်လို့ပေါ့၊ ဒါကြောင့် ခွင့်မလွှတ်တာ…ကိုကို ကြပ်ကြပ်သတိထားပါ၊ မိုးချို သိပ်ချစ်ရင် သိပ်မုန်းတတ်တယ်နော်၊ မိုးချိုဘဝကို ကိုကို့လက်ထဲ ယုံယုံကြည်ကြည်နဲ့ ထည့်ထားသလို ကိုကို့ဘဝကိုလဲ ယုံကြည်ချင်တယ်"

ကိုကိုက ခေါင်းညိတ်၊ ကတိပေးတွေကာ ဘုရားရှေ့မှာတင် သစ္စာဆိုသည်။ မိုးချို မကျေပေမဲ့ ငြိမ်နေလိုက်ရသည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပြီး ခုနစ်ရက်မြောက်နေ့။

"ကိုကို ဒီနေ့ အလုပ်အကြွေးတွေ အများကြီးလုပ်ရမယ်"

"နောက်ကျမှာပေါ့"

"အင်း"

"မိုးချိုလည်း ဒီည ဟိုတယ်မှာ ဖက်ရှင်ပြပွဲရှိလို့ အိမ်ပြန်နောက်ကျမယ်"

မိုးချိုသည် ပြပွဲမပြီးခင် ခေါင်းတွေသိပ်ကိုက်လာလေသည်။ မနားတော့မဖြစ်တော့။ ကိုကို့ကို လာခေါ်ခိုင်းဖို့ ဖုန်းဆက်ကြည့်သေးသည်။ ကိုကို့ဖုန်း မအားပေ။ ကိုကို့ ကုမ္ပဏီကို ဝင်ခေါ်မယ်အကြံနဲ့ မိုးချို…ကိုကို့ ရုံးခန်းထိ တက်သွားလိုက်သည်။

"ကြည်ရယ်…ကိုယ်…"





"ဆရာ့အများမဟုတ်ဘူး…ကြည်ကိုသာ ဆရာ့ကို မခွဲနိုင်တာ ဆရာရယ်…ကြည် ဘယ်နေရာမှာပဲဖြစ်ဖြစ် နေပါ့မယ်။ ဆရာ့ကို တစ်သက်လုံးချစ်နေရရင် ကျေနပ်တယ်၊ ဆရာ့ဇနီးနဲ့လည်း မပြိုင်ပါဘူး၊ ကြည့်အတွက် ဆရာ့ကိုချစ်ရဖို့သာ လိုရင်းပါ"

"မိုးချို သိရင်မလွယ်ဘူး ကြည်"

"ဆရာ…ကြည့်ကိုရက်စက်တော့မှာလား၊ သုံးနှစ်လောက် ကြည်နဲ့ဆရာ တွဲတူနေခဲ့တာပါ၊ မိုးချိုက ရက်ပိုင်းပဲရှိသေးတာ"

ခေါင်းကိုက်နေသော မိုးချိုသည် ကိုကို့အခန်းထဲက အသံများကြောင့် ခေါင်းကိုက်တာ ဘယ်ပျောက်သွားမှန်းမသိ။

တံခါးကို စိတ်ဒေါသဖြင့် တွန်းအဖွင့် မြင်ရသောမြင်ကွင်းသည် ကြည်ဆိုသောမိန်းမက ကိုကို့ရင်ခွင်ထဲကို ရောက်လုမတတ်။

"ကိုဖိုးဝေ"

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အတန်တန်သတိပေးခဲ့တယ်၊ ကျွန်မ သိပ်ချစ်ရင် သိပ်မုန်းတတ်တယ်လို့"

"မိုးချို…ကိုကို တကယ်တောင်းပန်တယ်"

မိုးချိုသည် ကိုကို့ကို ပြင်းပြစွာ စိတ်နာလျက် လုံးဝမျက်ရည်မကျတော့။

ကွာချင်းစာချုပ်မှာ လက်မှတ်ထိုးပြီးသည့်နောက် လက်ထပ်စာချုပ်ရော ကွာရှင်းစာချုပ်ရော မိုးချို အစိတ်စိတ်အမွှာမွှာ ဆွဲဆုတ်ပစ်လိုက်သည်။

"ကျွန်မကို နာကျင်အောင်လုပ်တဲ့အတွက် ရှင်တစ်သက်လုံး ဘယ်တော့မှ စိတ်မချမ်းသာရဘူးဆိုတာ မှတ်ပါ၊ ဆန္ဒကြီးတဲ့ ယောက်ျား၊ နွားလိုပဲ…တိရစ္ဆာန်လောက်တောင် ရှင့်မှာ စာနာမှုမရှိဘူး"





မိုးချို ပြောသမျှကို ကိုကို ခေါင်းငုံ့၍ခံနေခဲ့သည်။

ကိုကိုနဲ့ယူသောကိစ္စ၊ ကွာသောကိစ္စကို လူလေးယောက်အပြင် ပိုမသိခဲ့ပေ။ မိုးချိုသည် ကိုကို့အကြောင်းကို တွေးလိုက်တိုင်း ငိုရသည်။ဒေါသလည်းထွက်ရသည်။ ပြီးတော့ ဒေါသကြောင့် မျက်ရည်ပြန်တိတ်သွားတတ်သည်။ ကိုကိုက မိုးချိုကို လုံးဝထပ်မဆက်သွယ်ခဲ့ပေ။

ကိုကို အိမ်ထောင်ကျမှန်းသိသောအခါ မိုးချို ရင်ထဲမှာ နင့်ကနဲနေအောင် ခံစားရသည်။ ဒါပေမဲ့ကွယ်…။

ဘဝဟာ တစ်လမ်းစီခြားခဲ့ပြီပဲ။

မိုးချို ဒီတစ်သက်မှာ ကိုကို့ကို အပြစ်ပေးရင်းနဲ့ ကိုယ့်စိတ်အနာကို ကိုယ်တိုင်ခံယူမယ်။ ဘယ်တော့မှ ကိုကို့ကို ခွင့်မလွှတ်။

မုန်ကြည့်တိုင်း မိုးချိုကို စိတ်ဆန္ဒအားကြီးတဲ့ ယောက်ျားတစ်ယောက်နဲ့ လက်ထပ်မိခဲ့တဲ့ အတိတ်က ခြိမ်းခြောက်နေစေရမယ်။

အဲသလိုပဲ ကိုကိုလည်း ဒီဘဝမှာ သေတဲ့အထိ မိုးချိုကြောင့် အမြဲနာကျင်ခွေးမြည့်စေရမယ်။

နောက်အိမ်ထောင်ပြုဖြစ်ခဲ့ရင်တောင်…

မိုးချိုက ပျော်ရွှင်မှုအပြည့်ရှိပြီ

ကိုကိုကတော့ အမြဲစိတ်ဒုက္ခရောက်စေရမယ်။

ဤသို့ကျိန်ဆိုပြီး ကိုကိုနဲ့ လမ်းခွဲခဲ့ခြင်းဖြစ်သည်။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၆]

"သိပ်ချစ်တော့ သိပ်မုန်းသွားတာပါပဲ ကိုခရယ်"

မိုးချိုကို ငေးကြည့်နေသော မင်းခမျက်ဝန်းများသည် ကိုယ်ချင်းစာနာမှုဖြင့် တောက်ပနေလေသည်။ မိုးချို လက်ကလေးတစ်ဖက်ကို အသာလေးဆုပ်ကိုင်ကာ

"ကျွန်တော် ညကစဉ်းစားတယ်၊ မိုးချိုကို ကျွန်တော် အစက တော်တော်တစ်မျိုးထင်ခဲ့တာ...အထင်သေးတာလဲ မဟုတ်ဘူး အထင်ကြီးတာတော့ ရှိတာပေါ့နော်၊ ဒါပေမဲ့ ဒီလိုအတိတ်တွေ ရှိနေခဲ့မယ်မထင်ဘူး၊ ဒါ ဘာဆန်းတဲ့ကိစ္စလဲ...ကျွန်တော်ကတော့ လက်ရှိကိုပဲ ယုံတယ် မိုးချို...ပစ္စုပ္ပန်က မိုးချိုကိုပဲ ကျွန်တော် စိတ်ဝင်စားတယ်၊ အတိတ်က မိုးချိုကို ကျွန်တော် မသိချင်ဘူးဗျာ"





မိုးချိုသည် ရင်ခပ်ဖွဖွခုန်ကာ ခေါင်းကို အသာအယာ ညိတ်ပြလိုက်သည်။ ကိုခက မိုးချိုမျက်နှာကို မျက်နှာချင်းဆိုင်ကြည့်ပြီး ပြုံးသည်။

"ကျွန်တော် မိုးချိုကို သံယောဇဉ်ရှိပါတယ်"

"ဟင်"

"ဟုတ်တယ်...မိုးချိုကို ကျွန်တော် နားလည်အောင်ကြိုးစားမယ်"

"မိုးချို...နင့်ကို ကျေးဇူးတင်ပါတယ်"

ကိုခကို ချစ်သူတော်ခွင့်ရခြင်းသည် မိုးချို မွေးနေ့နောက်ပိုင်း ထူးခြားသောအဖြစ်အပျက်တစ်ခုဖြစ်သည်။

မိုးချိုသည် သူ့ဘဝကို မြှင့်တင်ပေးချင်သူပီပီ အသိကုမ္ပဏီရဲ့ ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်းခွဲမှာ မင်းခကို မန်နေဂျာရာထူးရအောင် ကြိုးစားပေးခဲ့သည်။ ထိုသို့ ကြိုးစားပေးခြင်းအတွက် ယာယီအားဖြင့် မင်းခနဲ့ မိုးချိုဝေးသွားတော့သည်။ မင်းခက ရှစ်မိုင်။ မိုးချိုက မြို့လယ်ခေါင်။

"ကိုခ...ငါ့ကို ညနေတိုင်းလာတွေ့ရမယ်"

"ကျွန်တော်အားရင် ပြဿနာမရှိဘူး မိုးချို"

"မအားလို့မရဘူး"

"တစ်ပတ်တစ်ခါတွေ့ကြရင် ပြီးတာပဲ မိုးချို"

"ဟင့်အင်း...ငါ စိတ်မချဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကိုခက သူမထက်ငယ်သည်။

ပြီးတော့ သူမ ပတ်သက်သမျှ ယောကျ်ားနှစ်ယောက်လုံးက ရုပ်ရည်ချောမောပြီး စန်းပွင့်တာချင်းလည်းတူနေပေသည်။ ညနေတိုင်း လာတွေ့သော ကိုခရဲ့မျက်နှာကိုကြည့်ပြီး မိုးချိုသည် ကိုယ့်စကားရဲ့ ထိရောက်မှုကို ပြန်သုံးသပ်၍ စိုးမိုးနိုင်ရမည်။

မိုးချိုဟာ အမြဲ အဲသလိုပဲ စိုးမိုးနိုင်ရမည်။

♦♦♦





"ခေမာ…ကျွန်တော် မိုးချိုနဲ့ ချစ်သူတွေ ဖြစ်သွားကြပြီ"

ထိုစကားကို သူပြောသောအခါ ခေမာ ဘာမှန်မြောစိတ်ရှိ။ မမရဲ့ဘဝ စိတ်အေးချမ်းရမယ်ဆိုရင်…

"ဒါပေမဲ့ ကျွန်တော် ခင်ဗျားနဲ့ သူငယ်ချင်းပဲနော်"

"မမကို ပြောကြည့်ပါဦး…မမ သဘောတူရင် ကျွန်မတို့ မိတ်ဆွေတွေပဲပေါ့"

"ကျွန်တော်တို့နှစ်ယောက် မိတ်ဆွေတွေဖြစ်/မဖြစ်ဆိုတာ မိုးချိုနဲ့ဆိုင်လို့လား"

ခေမာ သက်ပြင်းတစ်ချက်ချလိုက်သည်။

မမက အရှမ်းသဝန်တိုတတ်တာ သူ သိပုံမရ။

ခေမာကလည်း ပြောလို့မကောင်း။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့လေ…ကိုဝေ့မိန်းမ နေမကောင်းဘူးသိလား ကိုမင်းခ"

"ဘာဖြစ်တာတဲ့လဲ"

"နှလုံးရောဂါပဲ…လေးဖက်နာလို့ပြောတယ်၊ အခု နှလုံးက ဘယ်ဘက်တစ်ခြမ်းလုံးထိနေပြီပြောတာပဲ"

"ဒါဆို ကိုဝေတော့ စိတ်ညစ်နေမယ်ထင်တယ်"

ကျွန်တော့်အထင်က ခေမာ့အဖြေကြောင့် မှားသွားသည်။

"ကိုဝေက ဂရုကိုမစိုက်တာ"

ပြီးတော့ မိုးချိုအတွက် တွေးမိသွားပြန်သည်။ သူတို့နှစ်ယောက် သိပ်ချစ်ခဲ့တာဆိုတော့ တစ်ယောက်က မိန်းမသေရင် ပြန်နီးစပ်ဖို့ မျှော်လင့်နိုင်သေးသည်။ မိုးချိုကို သနားစိတ်ဖြင့် ကျွန်တော် ချစ်ခဲ့ခြင်းဖြစ်သော်လည်း စွန့်လွှတ်လိုက်ရလျှင် အနည်းနဲ့အများ ခံစားရမည်ထင်သည်။

"ကိုမင်းခ…ခေမာတို့ ကုမ္ပဏီက တစ်နှစ်တစ်ခါ ခရီးထွက်ခွင့်ပေးတယ်လေ၊ အဲဒါ လက်မှတ်နှစ်စောင်ရထားတယ်"

"ဘယ်ကိုသွားရမှာလဲ"

"စင်ကာပူ…ကိုမင်းခ လိုက်နိုင်မလား"

"ကျွန်တော့်အလုပ်က ရှိသေးတယ်"

"အလုပ်အဆင်ပြေရင် လိုက်မှာလား"

"အင်း"





ကျွန်တော့်ကို အလုပ်ကလည်း စင်ကာပူ၌ သင်တန်းတက်ရန် တစ်လလွှတ်တဲ့အချိန်နဲ့ သွားတိုက်နေတာမို့ ခေမာနဲ့ ကျွန်တော် လေယာဉ်တစ်စီးတည်းဆုံရလေသည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်ဟာ ကိုယ်နဲ့ အကြိုက်ချင်းတူတဲ့ မိန်းမ၊ မတူတဲ့မိန်းမ ဘယ်သူ့ကို ပိုခင်တွယ်ဖို့သင့်ပါသလဲ။

ကျွန်တော့်လို မပြတ်သားတဲ့လူသည် မိုးချိုချစ်သူဖြစ်နေသော်လည်း ခေမာနှင့်တွေ့လျှင် စိတ်က ပျော့ပြန်လေသည်။

ပြီးတော့ အကြိုက်ချင်းကလည်းတူသေးသည်။

"ကိုမင်းခ…Salad ကြိုက်လား"

"ကျွန်တော် အကြိုက်ဆုံးပဲ"

"ဟယ်…ကျွန်မလည်း သိပ်ကြိုက်တာ"

ကျွန်တော်တို့နှစ်ယောက် ဘယ်လောက်ထိသွားတူသလဲဆိုလျှင် မန်းတောင်ရိပ်ခိုသီချင်းကိုကြိုက်တာ၊ ခေါက်မုန့်ကြိုက်တာ၊ ကြည်အေးနဲ့ ဂျူးရဲ့ ဝတ္ထုတွေကြိုက်တာကအစ တူသည်။ ခေမာက ဂျူးရဲ့ ဝတ္ထုစာသားတွေကအစ အလွတ်ရသည်။





"ကံကြမ္မာကို မယုံကြည်ကြသူများထဲက မြရွက်ညိုကို ကျွန်မ သိပ်ကြိုက်တာပဲ၊ သူ့နေရာကို ဝင်ခံစားလို့ရတယ်သိလား"

"ကျွန်တော်လည်း အောင်ဇော်နေရာကို သဘောကျတယ်၊ သူ့မှာ အပိုင်ရအောင် ဖြတ်လမ်းနဲ့ လိုက်ထားရတာဆိုတော့ ပူလောင်စိုးရိမ်နေရတာလေ"

ခေမာနှင့် အနီးကပ်နေရသောအခါမှာ မိုးချိုနဲ့ ကွာဟချက်ကလေးတွေ အများကြီးတွေ့လာရသည်။ ဥပမာ ခေမာက ကျွန်တော့်ကို ချောင်ပိတ်စေမဲ့ အပြုအမူမျိုး ဘယ်တော့မှ မမေးတတ်ဘဲ မိုးချိုက ခေမာ့ကို မောင် ချစ်ခဲ့ရဲ့လား…မှန်မှန်ဖြေဆိုတာမျိုးဖြင့် နှိပ်စက်လေသည်။

ခေမာနှင့် စကားပြောတာကိုလည်း မိုးချိုက လုံးဝမကြိုက်။

"ကလေးကလား စကားပြောတာမဟုတ်ဘူး ကိုခ…မောင် ခေမာနဲ့ မတွဲစေချင်ဘူး"

"အဲဒါ မိုးချိုဘာသာ စိုးရိမ်နေတာ"

"မောင်တို့က ရိုးချင်းနီးတယ်လေ"

"အဲဒါဆို မိုးချို ဘာလို့ ကျွန်တော့်ကို အလုပ်ပြောင်းခိုင်းလဲ"

"အဲဒီအလုပ်က မင်း ကားနဲ့ဖုန်းရတယ်လေ…ဟိုတယ်မှာ လုပ်ရတာ မင်း ဘာရလဲ၊ ဟိုမှာ မန်နေဂျာရာထူးရတယ်၊ ဒါနည်းတဲ့ အခွင့်အရေးလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် တစ်ခါတလေ ဘာကြောင့် မိုးချိုကိုချစ်တယ်ပြောခဲ့မိပါလိမ့်ဟု နောင်တရတတ်အောင် မိုးချိုက စိတ်ဆင်းရဲအောင် စကားပြောတတ်သည်။ အဆိုးဆုံးက ခေမာနှင့်ပတ်သက်၍ တစ်ချိန်လုံး ပုတ်ခတ်နေတော့တာဖြစ်သည်။

♦♦♦





မိုးချိုနဲ့ချစ်သူဖြစ်ပြီး ခြောက်လအတောအတွင်းမှာ ကျွန်တော့်ကို အဆက်အသွယ်ဖြတ်ဖို့ စဉ်းစားမိတာ အကြိမ်ငါးဆယ်မျှသည်။

အလုပ်ပင်ပန်း၍ စိတ်ဖိစီးမှုဒဏ်ကိုခံရသော ကျွန်တော့်ဘွက်ကို သူ မစဉ်းစား။ သူ့ကိုသွားတွေ့ချိန် နာရီဝက်နောက်ကျခဲ့င် ကျွန်တော့်ကို လူရှေ့မှာ ပက်ပက်စက်စက် ဟောက်ငန်းဖို့ သူ ယ်တော့မှ ဝန်မလေးခဲ့။

ကျွန်တော့်မေကြီးနှင့်လည်း စကားကောင်းကောင်းမပြောချေ။ မိဘတွေကို ဂရုမစိုက်တဲ့ပုံစံမျိုး အမြဲချိုးသည်။

ကျွန်တော် ထမင်းစားနေတုန်း 'အတင်းဆွဲခေါ်တာမျိုး' ည



www.burmeseclassic.com

www.burmeseclassic.com



ကြီးမိုးချုပ် ဖုန်းဆက်တာမျိုး၊ မနက်စောစော အိမ်လာတာမျိုးတွေ ကျွန်တော့်မိဘတွေကမကြိုက်။

အဲဒီအနေအထားမှာ ပြဿနာတစ်ခုက မထင်မှတ်ဘဲ ပေ လာလေသည်။

မေကြီးက ရုံးကိုဖုန်းဆက်သည်။

"ဖေကြီး မူးလဲလို့ ဆေးရုံတင်လိုက်ရတယ်"

ဆေးရုံကိုလိုက်သွားတော့ ဖေကြီးက ဆေးရုံခုတင်ပေါ်က ပြုံးပြုံးကြီးနဲ့ရှိနေသည်။ သို့သော် ဆရာဝန်က ကျွန်တော့်ကို ခေ ပြောလေသည်။

"လူနာက နှလုံးရောဂါဖြစ်နေတာ...ညာဘက်နှလုံးသ နေတာ၊ ဒါကြောင့် ဗိုက်ထဲမှာ ရေဖျဉ်းလည်းရှိတယ်၊ ခြေထောက် တွေလည်း ဖောနေပြီ"

"စိုးရိမ်ရလား ဆရာ"

"ဟာ..စိုးရိမ်ရတာပေါ့...ဆေးအမြဲစွဲသောက်ရမှာ၊ ဒီအပြ အလုပ်ကပါ ထွက်ပစ်မှဖြစ်မှာ"

"ဘာဖြစ်လို့လဲဆရာ"

"သူ့နှလုံးက တစ်ခုလုံးထိနေပြီ၊ အလုပ်က လေးထပ်ရုံး ရုံကို တစ်နေ့အခေါက်နှစ်ဆယ်လောက်တက်နေရတာဆို ခင်ဗျား အဖေ အခုအခြေအနေနဲ့ အလုပ်သာပြန်လုပ်ရင် တစ်ပတ်လောက်ပဲခံမယ်"

"ဗျာ"





ကျွန်တော်တို့မိသားစုမှာ ကျွန်တော်နဲ့ ဖေကြီး နှစ်ယောက် လုပ်အားခကြောင့် လူတန်းစေ့နေနိုင်တာဖြစ်သည်။ အခု တစ်ပင်လဲ တော့မည်။

ကျွန်တော့်အပေါ်မှာသာ မိဘတွေ မှီခိုနေရလျှင်လည်း အဲသလို အခြေအနေမျိုးကို ဖေကြီးက လက်မခံချ။ အလုပ်ထွက်ဖို့ကိစ္စကြောင့် ကျွန်တော်နဲ့ဖေကြီး အကြီးအကျယ် ပြဿနာတက်ကြလေသည်။

"ငါ့ကိုကြည့်စမ်း...ဝလို့ဖြိုးလို့..ငါ မလဲပါဘူးကွ"

"နားသင့်တယ်ထင်လို့ ဆရာဝန်ကိုယ်တိုင် ပြောထားတာပဲ"

"မင်းတစ်ယောက်ထဲ ပင်ပန်းတယ်ငါ့သား"

"ကျွန်တော်က လူငယ်ပဲ"

"မင်းက ငါ့ကို လူမမာထင်နေတာပေါ့လေ...အင်း... လူများ အသက်ကြီးလာရင် သားသမီးကစပြီး မလေးမစားလုပ်တော့တာပဲ"

သူကသာ သူ့ကိုယ်သူ ကျန်းမာတယ်ဟုပြောတာ။ သူ့ရင်ဘတ်မှာ နှလုံးခုန်သံသည် မျက်စိဖြင့်မြင်နေရပြီ။ ပြီးတော့ ခြေချောင်းကလေးတွေက တစ်ချောင်းနဲ့တစ်ချောင်း လုံးဝကပ်နေတဲ့အထိ ဖောင်းပြနေပြီ ဆရာဝန်မှတ်ချက်နှင့် အလုပ်ထွက်ဖို့ ကျွန်တော်နှင့် ဖေကြီး ဆော်တော်အတိုက်အခံဖြစ်ရလေသည်။

ပြီးတော့ ကျွန်တော့်ကို စကားမပြောချေ။ စိတ်ဆိုးပြီး မပြော



www.burmeseclassic.com

www.burmeseclassic.com



ပေမဲ့ ကျွန်တော်နဲ့ မေကြီး မရှိချိန်မှာ ဖေကြီးဒိုတာ ကျွန်တော် မမျှော်လင့်ဘဲ တွေ့မိလေသည်။

ကျွန်တော် စိတ်မကောင်းဖြစ်တာ စာနဲ့ရေးပြလို့ရမယ်မထင်

ရောဂါတစ်ခုဖြစ်လာလျှင် ထိုရောဂါပြင်းထန်သည်။ မပြင်း ထန်သည်။ သေနိုင်သည်၊ မသေနိုင်သည်ကို လူနာကိုယ်တိုင် သိ သည်။ ဒါပေမဲ့ လူဆိုသည်မှာ ကြံဖန်၍ ဖြေသိမ့်ပေးတတ်သောအနွ ဖြစ်သည် ထို့ကြောင့်သာ သက်သာရာရခြင်းဖြစ်သည်။

♦♦♦





အိမ်မှာ လူမမာတစ်ယောက်ရှိတယ်၊ ထိုလူမမာသည် ကိုယ့် အဖေဖြစ်တယ် ထိုအသိဖြင့် ကျွန်တော် အလုပ်လုပ်ရတာ စိတ်မဖြောင့် ပေ။ မိုးချိုကိုလည်း သတိမရ။

ဖေကြီးက အလုပ်လုပ်ချင်ပေမဲ့ မလုပ်နိုင်တော့။ မေကြီးက လည်း နှစ်ပေါင်းများစွာ ပေါင်းသင်းလာသော လင်ယောကျ်ားအတွက် ပူပင်သောကကြီးစွာဖြင့် ပြုစုရသည်။ မိုးချို ဖုန်းဆက်တော့ မေကြီးပဲ ကိုင်သည်။

"ကျွန်မ…ကိုခနဲ့စကားပြောချင်လို့"

"မရှိဘူး"

တကယ်လည်း ကျွန်တော် အဲဒီအချိန်မှာမရှိပေ။ ဆရာဝန် သွားပင့်သည်။ ဆေးရုံကဆင်းသော်လည်း တစ်ပတ်တစ်ခါ ဆရာဝန် နှင့်ပုံမှန်စစ်ဆေးရမှ ဖေကြီး အခြေအနေက ဒီထက်ဆိုးမသွားမှာဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မယုံဘူး"

"ဒီမယ် ညည်းကို ငါက လိမ်မယ်များထင်နေလား"

"မပြောတတ်ဘူးလေ"

"ညည်းလောက် လူမှုရေးညံ့ဖျင်းတဲ့မိန်းမ ငါ မတွေ့ဖူးဘူး မိုးချို၊ မယုံရင် အိမ်သာ လာကြည့်ပေတော့…"

ကျွန်တော့်မေကြီးက စိတ်ဆိုးဆိုးနှင့် ဗိတ်အော်ပစ်လိုက်ကြောင်း ကျွန်တော့်ကို ညမှာ ပြန်ပြောပြခဲ့သည်။ ကျွန်တော် သက်ပြင်းချကာ မေကြီးကို ဘယ်လိုနှစ်သိမ့်ပေးရမှန်း မသိတော့။ မိုးချိုဟာ တစ်ခါတစ်လေမှာ လူမှုရေးခေါင်းပါးတတ်ကာ အပြောအဆိုလည်း ရိုင်းစိုင်းသည်။ မေကြီးက ခေါသကြီးကာ ဖေကြီးရှေ့မှာတင် ပွစိပွစိ ပြောနေသေးသည်။ ဆရာဝန်ကို လိုက်ပို့တုန်းက အခြေအနေ ပိုဆိုးလာကြောင်း ပြောသွားတာမို့ ကျွန်တော့်မိဘတွေကို စိတ်သောက ထပ်ရောက်စေသည့်အတွက် မိုးချိုကို ပိုပြီးစိတ်ပျက်လာရသည်။

◆◆◆





နောက်တစ်နေ့မှာတော့ ကျွန်တော့်အလုပ်ကို မိုးချိုကိုယ်တိုင် ရောက်လာခဲ့သည်။ မျက်နှာက မှုန်ကုတ်လျှက်။

"ငါလာတာ နင်မကြိုက်လို့လား ကိုခ"

ကျွန်တော် ပြန်မဖြေမိပေ။

"နင့်အမေက ငါ့ကိုတော့ မကြည်ပုံပဲ"

"မိုးချို…ကျွန်တော့်အိမ်မှာ ဘာတွေဖြစ်နေလဲ သိလား"

"အဲဒါ ငါ့ကိစ္စမဟုတ်ဘူး"

"စိတ်မဝင်စားဘူးပေါ့"

"ဟုတ်တယ်"

"ခင်ဗျား တော်တော် အတ္တဆန်တယ်"

"လာပြန်ပြီ ဒီမှာကိုခ…ဝတ္တုတွေ လာရွတ်ပြမနေနဲ့၊ နင့်ကိုယ်နှင့် ဘာများမှတ်နေလဲ"

"ခင်ဗျား…ဘာကိုဆိုလိုတာလဲ မိုးချို၊ ကျွန်တော့်ကိုယ် ကျွန်တော် ဘာမှလည်း မမှတ်ပါဘူး။ ခင်ဗျားကိုလည်း ဝတ္တုတွေ ရွတ်ပြနေတယ်များ ထင်သလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အသံ ကျယ်သွားသဖြင့် စကားခဏရပ်ကာ အသက်ကို ခပ်ပြင်းပြင်းရှူသွင်းလိုက်သည်။ မိုးချိုက သူမမျက်လုံးများဖြင့် ကျွန်တော့်ကို စိုက်ကြည့်ကာ နှုတ်ခမ်းကိုညွတ်ကွေးလျက် ပြုံးသည်။ ထိုအပြုံးက ရက်စက်တဲ့အပြုံးမျိုး ဖြစ်သည်။

"ကိုခ…နင်နဲ့ငါ ချစ်သူတွေမဟုတ်ကြရင်တောင် နင် ဒီလိုအခြေအနေ ရောက်လာတာ ငါ့ကြောင့်ဆိုတာ မြဲမြဲသတိရစမ်းပါ"

"မိုးချို"

ကျွန်တော့်အလုပ်စားပွဲကို ဒုန်းခနဲတစ်ချက်ထုလိုက်ပြီး စိတ်ဖြေလို့သာပေါ့။ နို့မို့ ကျွန်တော် သူ့ကို ဆွဲဆောင့်ပစ်မည်လား မသိပါ။ ကျွန်တော့်အသံ ခပ်မာမာနဲ့အပြုအမူကြောင့် သူမ ထပ်ပြုံးပြန်သည်။

"စိတ်ကိုထိန်းပါ ကိုခ၊ မန်နေဂျာတစ်ယောက်ဖြစ်ပြီး customer ကို ဒီလိုဆက်ဆံရလား"

"…"

"ငါ နင့်ဆီ Job နဲ့လာတာ၊ အလကား နင့်ကို တောင်စဉ်ရေမရတွေပြောပြီး နင်နဲ့ရန်ဖြစ်ရအောင်လာတာ မဟုတ်ဘူး။ နင်တို့ကုမ္ပဏီကနေ လွှဲပေးလိုက်တဲ့ စာရင်းတွေအတိုင်းဆိုရင် ရန်ကုန်မန္တလေးခရီးစဉ် အခေါက်ရေတွေ လွဲနေလို့…"

"အဲဒါ ခင်ဗျား အလုပ်မှမဟုတ်ဘဲ"

"ငါ ညီ့ကြီးဌာနကနေ စီမံရေးဌာန ရောက်သွားပြီလေ၊ ရာထူး တက်သွားပြီ"





ကျွန်တော့်ကို လှောင်သလိုတစ်ချက်ကြည့်ကာ…

"နင် ငါ့ကို ဘယ်တုန်းကမှ ဂရုမစိုက်ခဲ့ဘဲ။ ဒါကြောင့် ငါ ဘာဖြစ်နေလဲ နင် မသိဘူး"

ကျွန်တော် ဘာဖြစ်နေလဲ သူမသိဖို့ မကြိုးစားပါ။ အဲဒါကိုတော့ ကျွန်တော် ဘယ်တော့မှ တောင်းဆိုမှာ မဟုတ်။ သူမသည် သူမအတွက်ကိုသာ စဉ်းစားနေသောမိန်းမ ဖြစ်လေသည်။

"ဘာဖြစ်လို့လဲဆိုတော့ နင်မှ ငါ့ကို တကယ်မချစ်ဘဲ ကိုခ၊ နင့်ရင်ထဲမှာ ငါမှ မရှိတာ။ နင့်ရင်ထဲ တစ်ခြားမိန်းမတစ်ယောက် ရှိနေတာကိုး"

သူမအတွက် အရေးအကြီးဆုံးသည် အမြန်ပါတ်တစ် ဖြစ်နေခဲ့သော ဖြစ်သည်။ အချစ်ကိစ္စအတွက် လူတစ်ယောက်အတွက် အရေးကြီးဆုံးဘယ်တော့မှ မဖြစ်နိုင်ချေ။ ဝတ္ထုထဲမှာသာ နံပါတ်စ်သည် အချစ်ဖြစ်သည်။ အပြင်လောကမှာ လူသည် စားဝတ်နေရေး၊ မိသားစုပြဿနာ ပြီးတော့ ကျန်းမာရေးပြဿနာများကို ရင်ဆိုင်ရမည် ဖြစ်သည်။ လူဆိုသည်မှာ အကြောင်းအရာတစ်ခုထဲအတွက် ဘယ်တော့မှ အသက်ရှင်မနေနိုင်ပါ။

"ခင်ဗျား…အခု အလုပ်ကိစ္စနဲ့ လာတာမို့လား၊ ကျွန်တော်တို့ အလုပ်ကိစ္စပဲ ပြောကြရအောင်"

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဖေကြီး နေမကောင်းကြောင်း ခေမာက မပြောလည်းဘဲ ကျွန်တော့်ဆီဖုန်းဆက်ရင်း သိသွားလေသည်။ ပြီးတော့ ညနေပိုင်းမှာ ပန်းသီးအလုံးသုံးဆယ်ခန့် ဝယ်လာခဲ့သည်။ လူနာ လာကြည့်သည်။

"အားနာစရာကြီး ခေမာ"

"အို...ရပါတယ်၊ ကိုမင်းခကလေ ကျွန်မကို ဘာလို့ စောစော မပြောလဲ"

"ဆေးရုံကတောင် ဆင်းပြီပဲ ခေမာ၊ ပြီးတော့ ခေမာလည်း အားပုံမရလို့ပါ"

ကျွန်တော့်မိဘတွေက လိမ္မာယဉ်ကျေးသောခေမာ့ကို ပြန်သွားပြီးနောက် ချီးကျူးကြလေသည်။





"သားက အဲဒါမျိုးလေးတော့ ချွေးမတော်ရအောင် မကြိုးစားဘူး၊ ကြိုးစားတဲ့လူကျတော့ အလဲတလူလူလွင့်နေတဲ့ မိန်းမမျိုး"

ကျွန်တော့်စိတ်သည် မေကြီးရဲ့ ထိုစကားမှန်ကြောင်းကို လက်ခံမိလေသည်။ ကျွန်တော့်မှ ခေမာ့ကို ပြန်ကြိုးစားဖို့ မသင့်တော့တာ။ ကျွန်တော့်ကို ခေမာကိုယ်တိုင် မိုးချိုနဲ့ သဘောတူနေတာ။

"မိုးချိုနဲ့ သား ဘယ်တော့ယူမယ် စိတ်ကူးလဲ"

"အင်း...ကြာဦးမှာပါ"

"စဉ်းစားဦး သားရယ်...ယူပြီးမှ နှစ်ယောက်လုံး စိတ်ဆင်းရဲနေရရင် မကောင်းဘူး"

"သူက သားကိုတော့ သိပ်ချစ်ပါတယ်"

"ဒါကြောင့် ပြောနေတာပေါ့၊ မေကြီးနဲ့ သူ သားကို ဘယ်သူ ပိုချစ်လဲ"

"မတူဘူးလေဗျာ"

"မတူတာတော့ သိတာပေါ့၊ ဒါပေမဲ့ မအေဆိုတာ သားကို ဘယ်တော့မှ စိတ်ဆင်းရဲအောင် မလုပ်ချင်ဘူး။ သမီးရည်းစားကသာ လုပ်မှာ..."

"မင်း ကလေးကို ဘာတွေ လျှောက်ပြောနေတာလဲ"

ဟု ဖေကြီးက ဟောက်လိုက်တော့မှ မေကြီးက ဘာမှ ဆက်မပြောတော့။

သို့သော် ကျွန်တော် မိုးချိုကို ချစ်သူတော်ရသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



သိပ်စိတ်ဆင်းရဲရပါသည်။ ပိုဆိုးတာက ဒီအလုပ်သည် သူ့ကြောင့်ရထားတာ မဟုတ်လား။

ထို့ကြောင့် သူက အမြဲတမ်း ဒီတစ်ချက်နဲ့ ကျွန်တော့်ကို ထောက်နေတော့မှာ ဖြစ်သည်။ အလုပ်ထွက်ပစ်ချင်သော်လည်း လောလောဆယ် ကျွန်တော့်မှာ ငွေကြေးသည် ကျွန်တော့်အဖေကြီးဆေးဖိုးအတွက် ပုံမှန်လိုအပ်လျက် ရှိသည်။

နောက်ထပ် အလုပ်တစ်ခုစောင့်ဖို့က တော်တော် ကြာဦးမည်။ မိန်းမတစ်ယောက်ရဲ့အရိပ်ကို ခိုပြီးသည့်နောက် ထိုမိန်းမရဲ့စက်ကွင်းက ဘယ်တော့မှလွတ်မှာ မဟုတ်တော့။ ကျွန်တော် ခြေချုပ်မိနေလေပြီ။

◆◆◆





"ကျွန်တော် သိပ်စိတ်ပင်ပန်းတယ် ခေမာ၊ ကျွန်တော့်အဖေ တစ်ခုခုဖြစ်ရင် အမေပါ လိုက်လဲမှာ။ ကျွန်တော့်မှာ ဒီလိုစိတ်ဒုက္ခတွေနဲ့ မိုးချုပ်က နားမလည်ဘူး"

"မမက အရမ်းနားလည်တတ်ပါတယ်၊ သူ့စိတ်နဲ့ကိုမင်းခစိတ် နည်းနည်းလွဲနေလို့ ဖြစ်မှာပါ။ ကိုမင်းခ စိတ်ညစ်တာလဲ ကျွန်မ သိပါတယ်"

ကျွန်တော် ခေမာရဲ့ ကျစ်ဆံမြီးအရင်းကို သေးဘက်ကနေ ဘာရယ်မဟုတ် ကြည့်နေမိသည်။ သစ်ခွပန်းအဖြူရောင်ကို ခပ်လျှော့လျှော့ တိုးထားသဖြင့် ကဗျာဆန်နေပြန်သည်။

ခေမာက ကျွန်တော်ကြည့်နေမှန်း သိသွားပြီး မျက်နှာတစ်ချက် နီသွားသည်။

"ဘာကြည့်နေတာလဲ ကိုမင်းခ"

"စဉ်းစားနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေများ စဉ်းစားနေတာလဲ"

"မိုးချိုနဲ့ ခေမာ အယူအဆချင်း တူစေချင်တယ်"

"ကျွန်မက နဂိုကတည်းကအေးတာ ကိုမင်းခရဲ့ တော်ရုံဒူ ကိုလည်း သီးခံနိုင်တယ်။ ဒီတော့ သူများ မတရားလုပ်ရင်လည်း ခံရတယ်။ မမကျတော့ တစ်ခုခုဆို အရမ်း sensitive ဖြစ်တယ်။ ကျွန်မအစ်ကိုဆိုရင်လည်း မမ လုံးဝသည်းမခံနိုင်တဲ့ကိစ္စကြောင့် တစ်ချက်တည်းနဲ့ သူတို့အိမ်ထောင်ရေး ပြိုကွဲသွားတာ…ခုချိန်ထိ အဲဒီနောင်တကို ခံနေရတုန်းပဲ"

"ကျွန်တော် ထွက်ပြေးချင်ပြီ"

"ရှင်"

"ကျွန်တော် မိုးချိုနဲ့ စောစောလမ်းခွဲလိုက်ရင် ကောင်းမယ် ထင်တယ်"

"ကျွန်မအမြင်မှာတော့ ရှင် သူ့ကို သံယောဇဉ် တကယ် ရှိပါတယ်။ အခု စိတ်ရှုပ်နေတုန်းမို့လို့ပါ ကိုမင်းခ မမနဲ့ပတ်သက်ပြီး ဘာကိုပဲဆုံးဖြတ်ဆုံးဖြတ် စိတ်ဇောကို ပထမမထားပါနဲ့။ ပြီးတော့ ကိုမင်းခကို…"

"ဆက်ပြောပါ ခေမာ"

"ကျွန်မအစ်ကိုလို မဖြစ်စေချင်ဘူး၊ လက်လွှတ်ဆုံးရှုံးပြီးမှ ခံစားရတဲ့ဒုက္ခက တစ်သက်လုံးအကြီးဆုံးပဲဆိုတာ ကျွန်မက မျက်မြင် ကိုယ်တွေ့ပဲလေ"





ကျွန်တော်နဲ့ ခေမာ လမ်းခွဲပြီးသောအခါ ကျွန်တော် တစ်ယောက်တည်း စိတ်ပြေလက်ပျောက် ကားလျှောက်မောင်းနေလိုက်သည်။ အရင်တုန်းကထက်စာရင် ခုအနေအထားက တော်တော် အဆင်ပြေသည်။ ကားနဲ့ ဖုန်းနဲ့။ လစာအပြင် ခရီးသည်စာရင်း တက်သည့် အလျှောက် ဘောက်ဆူးလည်း ရသည်။ လူအမြင်မှာတော့ တော်တော် ဘင့်တယ်သည်ဟု ဆိုရမည်။ ကားကျပ်ကျပ်တိုးစီးသူများကို တွေ့ မြင်ရတိုင်း မိုးချိုရဲ့စေတနာကို ခံစားရသည်။ ထို့အတူ 'နင် ဒီလို အခြေအနေရောက်လာတာ ငါ့ကြောင့်ဆိုတာ မြဲမြဲသတိရစမ်းပါ' ဆိုသော စကားကိုလည်း သတိရလေ့ရှိသည်။

သူမပြောတာ မှန်တာပဲ။ မှန်တိုင်း တစ်ဘက်သားက မခံနိုင်ဆိုတာ မိုးချို ထည့်မတွက်ချေ။ သို့သော် ကျွန်တော် မိုးချိုကို ချစ်ပါသည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကုမ္ပဏီဆီကို မိုးချိုတို့ရဲ့ဟိုတယ် နှစ်မတ်လည် နေ့ အခမ်းအနားအတွက် ဖိတ်စာရောက်လာသောနေ့က ကျွန်တော် အလုပ်မှာ ရှိမနေခဲ့။ ကျွန်တော်နဲ့ကုမ္ပဏီပိုင်ရှင် နှစ်ယောက်တွဲတက် ရမည်ဆိုသောအခါ ကျွန်တော် ငြင်းလို့မကောင်းပေမယ့် ဖျော နေမကောင်းတာကို အကြောင်းပြ၍ ငြင်းလိုက်သည်။

"မင်း အရင်တုန်းက အဲဒီမှာလုပ်ဖူးတာပဲ မဟုတ်လား မင်းရဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ပြန်တွေ့ရမှာပဲ မင်းခ"

ပိုင်ရှင်က တရုတ်လူမျိုးဖြစ်သည်။ မြန်မာစကားမတတ် အင်္ဂလိပ်စကားလည်းညံ့သည်။ ကျွန်တော် သူ့ကို ရှင်းပြဖို့ တော် တော်စကားလုံးရွေးရသည်။





"တကယ်ပဲ...ကျွန်တော့်အဖေ နေမကောင်းဖြစ်နေလို့ပါ"

"ပိုင်ရှင်က စိတ်မကောင်းဘူးကွာ...လို့တော့လိုသေးပါ တယ်၊ မင်းအဖေအခြေအနေကြည့်လိုက်ပါဦး၊ ငါ့ကို သန်ဘက်ခါကျ မှ အဖြေပေးပေါ့ဟု အချိန်ခွဲထားပြန်သည်။ ထိုသုံးရက်အတွင်း မိုးချို ကျွန်တော့်ဆီ လာခဲ့မယ်ဟု ကျွန်တော် လုံးဝမထင်ထားပါ။ သို့သော် သူမရောက်လာခဲ့သည်။ ပြီးတော့ ကျွန်တော့်အတွက် အနောက်တိုင်း ဝတ်စုံတစ်စုံပါ လက်ဆောင်ဝယ်လာခဲ့သည်။

"မောင့်ကို ပြန်လာချော့တာ"

ကျွန်တော့်လက်ဖဝါးတစ်ဖက်ကို ငြင်သာစွာဆွဲယူကာ

"ဟင်...ငါ့ကိုစိတ်ဆိုးနေတုန်းပဲလား"

ဟု မေးလေသည်။ သူမ အသံ အဲဒီလို ပျော့ပျောင်းနေလျှင် ကျွန်တော် အင်မတန် ခံရခက်ပါသည်။ မြန်မာစကားပုံတစ်ခုလိုပေါ့။ ပစ်ရမှာလည်း အဆီတဝင်းဝင်း၊ စားရမှာလည်းသဲတရှပ်ရှပ်ဆိုတာမျိုး။ သူမက သူမအမှားတစ်ခုလုပ်ပြီးတိုင်း ပျားရည်နှင့် ဝမ်းချတတ်သေး သူ။ ခံရတဲ့လူကသာ တနုံ့နုံ့ဖြစ်ပြီး ကျန်ခဲ့သည်။

"ကြည့်စမ်းကွယ်...ကိုခ... နင့်လက်သဲတွေရှည်နေပြန်ပြီ၊ နောက်ဆို နင့်ဆီလာရင် လက်သဲညှပ်တစ်ခုတော့ ဆောင်ထားမှထင် တယ် မောင်ရဲ့...နော်"

ကျွန်တော်က အနည်းငယ်ရှည်နေသော လက်သဲများကို ခွ ခြင်ပြီး ရှက်သွားသောအခါ မိုးချိုက ရယ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်တာလဲဗျ"

"သြော်...ဘာမှမဟုတ်ဘူး ဒါနဲ့...ကိုခအဖေ ဆေးရုံတက်ရတဲ့ကိစ္စ ငါမသိဘူး၊ ငါ့ကိုစိတ်မဆိုးပါနဲ့ဟာ...ငါ့ကို မမုန်းလိုက်ပါနဲ့"

ကျွန်တော့်မာနသည် သုညဒီဂရီအောက်သို့ အရည်ပျော်သွားလေပြီ။

"ကျွန်တော်ချစ်တဲ့မိန်းမတစ်ယောက်ကို မုန်းဖို့ ဘယ်ဖြစ်နိုင်ပါ့မလဲ မိုးချို...တစ်ခုတော့ရှိတယ်၊ စိတ်ပျက်သွားရင်တော့ မလွယ်ဘူး"

"ကဲပါ...ဒီမှာ ဒီဝတ်စုံတွေအတွက် ပိုက်ဆံတော်တော်ကုန်သွားမှာပဲ"

"ငါက ချစ်တာကိုး ကောင်ကလေးရဲ့"

နက်ကတိုင်ကလစ်မှာ စိန်တစ်လုံးမြုပ်နှံထားလေသည်။

"နှစ်ပတ်လည်နေ့မှာ နင်ပါလိုက်ရမယ်နော် ကိုခ"

"ကျွန်တော် မသွားချင်လို့ အဖေ့အကြောင်းပြပြီး ငြင်းထားတာ မိုးချို"

"ဒီဝတ်စုံက အဲဒီနေ့အတွက်ပဲ ကိုခ၊ ပြီးတော့ အဲဒီမှာ နင့်ကို မိတ်ဆက်ပေးစရာလူတွေ ရှိနေတယ်လေ"

"မိုးချိုအဖေလား"

"နင် လုံးဝထင်မထားတဲ့ လူတစ်ယောက်ပါ"





"ဒါနဲ့ နှစ်ပတ်လည်ပွဲအတွက် မိုးချို အလုပ်ရှုပ်နေမှာပေါ့"

"အင်း...ခုတော့ ရှုပ်နေတာပဲ၊ ဒါပေမဲ့ အဲဒီအချိန်မှာတော့ ငါ အားပါတယ်။ ငါ့တာဝန်ချိန်က အဲဒီနေ့ ညနေသုံးနာရီမှာ ပြီးမှာလေ"

"ခေမာတို့ကုမ္ပဏီလည်း ဖိတ်ထားမှာပဲ ထင်တယ်"

"ကိုခ နင် ခေမာမပါရင် စကားမပြောတတ်ဘူးလား"

ကျွန်တော် ဆွံ့အသွားလေသည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုမိတ်ဆက်ပေးတဲ့သူက ခေမာ့အစ်ကို ကိုဇင်ပင် ဖြစ်သည်။ တော်တော် ရုပ်ဖြောင့်တဲ့လူပဲဟု ကျွန်တော် တွေးလေသည်။ အရပ်အမောင်း၊ အသားအရည်၊ ပြီးတော့ မိုးချိုကိုကြည့်ကအစ ယောကျ်ားချင်းမို့ သူ့ရင်ထဲ ကျွန်တော် ဝင်ကြည့်သလို နားလည်သည်။ တစ်ခုသေချာတာက သူသည် ကျွန်တော့်ထက် မိုးချိုကို ပိုချစ်တာပဲ ဖြစ်သည်။ ကျွန်တော်နဲ့မိုးချိုမှာ မိုးချိုက လွှမ်းမိုးသူဖြစ်ပြီး သူနဲ့မိုးချိုနှစ်ယောက်မှာ သူက လွှမ်းမိုးနိုင်ပုံရလေသည်။ ကျွန်တော်တို့ တစ်စားပိုင်းထဲထိုင်ကြတာမို့ ညှော်ခံပွဲမှာ သူက အရည်ချည်းဖိသောက်တာ ကျွန်တော် သတိထားမိသည်။ မိုးချိုကလည်း မျက်နှာမကောင်းပေ။ အပြန်မှာ မိုးချိုအသံ တိတ်ဆိတ်နေသည်။

"မိုးချို...ဘာလို့ စကားမပြောတာလဲ"





ကျွန်တော့်မေးခွန်းကို ပြန်မဖြေပေ။ ကြားပုံလည်း မရ။ ကားထဲမှအပြင်ကို ခပ်တွေတွေ ငေးနေသည်။

"မိုးချို"

ဒုတိယအကြိမ်ခေါ်တော့မှ...

"ဟင်"

ဟု ထူးကာ ကျွန်တော့်ဘက် လှည့်လာသည်။

"ဘာတွေးနေတာလဲ"

"ဒီလိုပါပဲ"

မိုးချိုစိတ်ထဲမှာ ကိုဇင်ဝေသည် ကျွန်တော်တို့မသိနိုင်တဲ့ ဝမာဏကြီးကြီးဖြင့် နေရာယူထားဆဲဖြစ်တာ ကျွန်တော် ရိပ်မိသည်။ တစ်ယောက်ဘဝကိုတစ်ယောက် မျှယူတဲ့အထိချစ်ခဲ့ကြတဲ့ လူတွေပဲ။ လွယ်လွယ်ကူကူနဲ့ ဘာကြောင့် ကွာရှင်းခဲ့နိုင်တာလည်းဆိုတာ စဉ်းစားခရ။

"မိုးချို...ကျွန်တော် ဘယ်မှာရပ်ရမလဲ"

သူမအိမ်ရှေ့ ရောက်နေတာတောင် မိုးချို တွေးနေတုန်း ဖြစ်သည်။

"ဩော်...ရောက်ပြီလား"

ထိုအခိုက်...မိုးက ခပ်ဖွဲ့ဖွဲ့ ကျလာလေသည်။

"ထီးယူသွားမလား မိုးချို"

တိုက်ရှေ့က ကားပါကင်နဲ့လှေခါးထစ်နဲ့ တော်တော်ဝေးသေး



www.burmeseclassic.com

www.burmeseclassic.com



တာမို့ လှမ်းမေးလိုက်သည်။ ကျွန်တော့်ကို လက်တစ်ချက်ပြကာ အမြန်ပြေးထွက်သွားပြီး လှေခါးခြေရင်းမှာ ချွန်ထက်သောဒေါက်ဖိနပ် ကြောင့် ချော်လဲသွားသည်။

ကျွန်တော် ပြေးထူပြီးမပေးတော့ မိုးချိုဆီက ရှိုက်သံ တစ်ချက်ထွက်လာသည်။ မိုးချိုမျက်နှာကို အထိတ်တလန့် ကြည့်မိ တော့ ငိုနေသည်။

"ဘာလို့ ငိုနေတာလဲ မိုးချို"

"..."

"ကျွန်တော် ဘာမှားလုပ်မိလို့လဲ"

"ဟင့်အင်း...သွားတော့ ကိုခ"

ထို့နောက် ဒေါက်ဖိနပ်ကိုချွတ်ကာ အပြေးတက်သွားလေ သည်။ တွေဝေမှုများနဲ့ လှေခါးရင်းမှာ ကျွန်တော် ကျန်ခဲ့သည်။ ကျွန်တော့်ကြောင့် ငိုတာတော့ ဟုတ်မယ်မထင်။

♦♦♦





ကျွန်တော့်အိမ်ရောက်တော့ ခေမာ ဖုန်းဆက်သည်ဟု ဆို သည်။

"အခုလေးတင်ပဲသား ပြန်ဆက်လိုက်ဦး၊ ဟန်းဖုန်းကိုဆက် တာ မရဘူးတဲ့"

"ဟုတ်တယ် ကျွန်တော် ပိတ်ထားလို့"

ကျွန်တော် ခေမာ့ဆီလှမ်းဆက်တော့ ခေမာက ဖုန်းနားမှာ ထိုင်စောင့်နေသည်ဟု ဆိုသည်။ ဘာများအရေးကြီးလို့လဲဟု မေးတော့ သက်ပြင်းချသံ ကြားရသည်။

"ကိုကိုနဲ့ မိုးချို တွေ့လာခဲ့တယ်ဆို ကိုမင်းခ"

"ဟုတ်ကဲ့"

"ကိုဝေ အခု ကျွန်မဆီ ရောက်နေတယ်"

"..."



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ အရက်တွေသောက်တာ များသွားပုံရတယ်၊ အန်နေတယ် ကိုမင်းခ၊ ကျွန်မ ဘာလုပ်ရင် ကောင်းမလဲ"

"လူကြီးတွေရော"

"မေမေတို့ ဘုရားဖူးထွက်သွားကြတယ်လေ၊ အခု အိမ်မှာ ကျွန်မတစ်ယောက်တည်း ကိုဝေ့အခြေအနေက တစ်ခုခုဖြစ်သွားမှာ စိုးလို့"

"သူ အရမ်းသောက်တာတော့ တွေ့တယ် ခေမာ၊ အန်ပါစေ အအန် သက်သာသွားရင် အိပ်ပျော်သွားလိမ့်မယ် အမူးလွန်သွားတာပါ"

"ဟုတ်ကဲ့…ဟိုလေ ကိုဝေ တစ်ခုခုဖြစ်ရင် ကျွန်မ ဖုန်းထပ်ဆက်မယ်နော် ရတယ်မို့လား"

"ကျွန်တော့် ဟန်းဖုန်းပဲ ဆက်ပါလေ၊ ကျွန်တော် ကူညီပါ့မယ်။ ရပါတယ် အားနာရမဲ့လူတွေမှ မဟုတ်တဲ့ဥစ္စာ"

"ဟုတ်…ဟုတ်ကဲ့ ကျေးဇူးပါပဲ"

◆◆◆





ပြတင်းပေါက်ကနေ မိုးပေါက်တွေ သဲကြီးမဲကြီးကျနေသော ဘတ္တရာလမ်းကို တစ်ချက်ငုံ့ကြည့်လိုက်သည်။

စောစောက ချောလဲခဲ့သောဒဏ်ကြောင့် မိုးချို ဒူးခေါင်းတစ်ဘက်မှာ တော်တော်လေး ပွန်းသွားခဲ့သည်။ ကိုကိုဟာ ဘယ်အချိန်ထိ မိုးချိုကို အနာတရတွေ ဖြစ်စေဦးမှာလဲ။ ညွှေ့ခံပွဲမှာ အရက်သာဖိ သောက်သော ကိုကို့ကိုမြင်ရတာ ရင်နာလှသည်။

ပြန်ခါနီးမှာ ကိုကို ခေါင်းသိပ်မထူနိုင်။ အသားအရည်သည် အရက်သမားအသားအရည် ဖြစ်၍နေချေပြီ။ မျက်နှာကမူ အရင်ကလို ကြည့်ကောင်း၍ ညို့ငင်နိုင်ဆဲ။ ကိုကို့ရဲ့ဒုတိယအိမ်ထောင်က မိန်းမသည် ကိုကို ဒီလောက်အရက်သောက်တာကို လွှတ်ထားပုံအရ ကိုကို့ အိမ်ထောင်ရေး အဆင်မပြေတာ သေချာနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ချစ်နေရက်နဲ့ ကိုကို တစ်သက်လုံး စွန့်လွှတ်ထားရမယ် ကိုကို၊ အဲဒါ ကိုကို့ကို ကျွန်မတောင်းတဲ့ ကွာရှင်းခွင့်လျှော်ကြေးပဲ"

မိုးချိုအသံသည် မိုးချိုဘေးနားမှာ ကပ်ပြောနေသလို ထင်လာရသည်။ ကိုကို သိပ်စိတ်ဆင်းရဲနေတာ မြင်ရခြင်းသည် မိုးချို ကျိန်စာတွေ မှန်ကန်ခဲ့ကြောင်း သက်သေပဲလေ။

ဒီတိရစ္ဆာန်စိတ်ကို ကိုကို မတွန်းလှန်နိုင်သရွေ့ ကိုကို့ဟာ မိန်းမတွေနဲ့ ပတ်သက်ဦးမှာပဲ။ သို့သော် ချစ်သူနှင့်အတူနေရခြင်းသည် မချစ်သူနဲ့ အတူနေရခြင်းနဲ့ ဘာမှမဆိုင်ချေ။ ကိုယ်ချစ်သောမိန်းမတစ်ယောက်ကို ယုယကြင်နာခွင့်ရတဲ့သူဟာ ချိုမြိန်စရာကောင်းတဲ့ သုခကို ရမှာပဲ။

သို့သော် ကိုယ့်စိတ်ဆန္ဒထကြွမှုကို ဖြေဖျောက်ဖို့ မချစ်သူနှင့် နေရခြင်းဟာ ဘယ်လိုလုပ် ချိုမြိန်စရာကောင်းမှာလဲ။ ကိုကို အခုလောက်ဆို ကောင်းကောင်း သိနေလောက်ပြီ။

"မေတ္တာဆိုတာ တန်ဖိုးကြီးတယ် ကိုကို၊ ကျွန်မ ကိုကို့အပေါ်မှာ ထားခဲ့တဲ့မေတ္တာဟာ နည်းနည်းနောနော ကြီးမားတဲ့ခံစားချက် မဟုတ်ဘူး၊ သိပ်ပြင်းထန်တယ်။ ကိုကို့အတွက် ဘာမဆိုလုပ်ပေးနိုင်တဲ့အထိကို ကျွန်မ မေတ္တာထားခဲ့တာ။ ဒါပေမဲ့ ဝမ်းနည်းစရာသိပ်ကောင်းတာပဲ။ ကိုကိုက ကျွန်မမေတ္တာနဲ့ နည်းနည်းကလေးမှ…နည်းနည်းကလေးမှတောင် မတန်ခဲ့ဘူး"





မိုးချိုပြောသမျှကို ကိုကို ခေါင်းငုံ့ခံနေခဲ့သည်။

အသက်ကို ခပ်ပြင်းပြင်းရှူသွင်းကာ မှုတ်ထုတ်လိုက်သည်။

အခုဆို မိုးချိုက အောင်နိုင်သူပဲ။ မိုးချိုအနားမှာ ကိုခ ရှိနေပြီ။ ကိုကို့လောက် မတော်ပေမယ့် သူက မိုးချိုအတွက် အားကိုးနိုင်မှာပါ။ မိုးချိုသည် ကိုယ့်နှုတ်ခမ်းကိုယ် အသာလက်နဲ့ပိတ်ပြီး မိုးချိုရဲ့တိုက်ခန်းရှေ့က ကားရပ်နားရာနေရာကို သေချာစူးစိုက်ကြည့်မိသည်။

ကားထဲကနေ လူတစ်ယောက် ဒယိမ်းဒယိုင်နဲ့ ထွက်လာသည်။

အို…ကိုကိုပါလား။

ပထမဆုံး ညဝတ်အင်္ကျီပေါ်ကနေ အင်္ကျီလက်ရှည် ထပ်ဝတ်လိုက်သည်။ ပြီးတော့ မိုးချိုအခန်းတံခါးကို သူ လာမခေါက်ခင်သူသာ တစ်ခုခု ကြမ်းခဲ့မယ်ဆိုရင်…ရဲကိုဖုန်းဆက်ခေါ်ဖို့ ဖုန်းခွက်ကိုမကာ အော်တိုဝင်မဝင် နားထောင်ကြည့်သည်။ အိုကေ…အော်တိုဝင်နေသည်။ ဒီအတိုင်းဆို မိုးချိုဘက်က ကာကွယ်နိုင်သလောက်တော့ ပြင်ဆင်ရာရောက်သည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၇]

ဇင်ဝေသည် မှုးမိုက်နေသောခေါင်းကို အနိုင်အနိုင်ထိန်းကာ လှေခါးထစ်များကို တစ်ထစ်ချင်း တက်လာခဲ့သည်။

သူ့မျက်စိထဲတွင် လှေခါးထစ်များသည် စောင်းသွားလိုက်၊ ပြားသွားလိုက်ဖြင့် ပုံစံမျိုးစုံဖြစ်၍နေသည်။ လှေခါးကွေ့ချိုးတစ်ခုတွင်မူ အန်ချင်စိတ်ကို ဘယ်လိုမှထိန်းမရတော့။ သူ ခဏထိုင်ကာ အန်ချလိုက်သည်။ အန်ပြီးတော့ မောနေသေးသည်။ ပြီးတော့ သူ ဆက်တက်ခဲ့သည်။

သို့သော် သူ့ခေါင်းကိုသူ မနိုင်။ သူ တအားမူးနေပြီ။ မိုးချိုရဲ့အထပ်ကို မရောက်သေးတာတော့ သူသိသည်။ ထို့နောက် လှေခါးထစ်တစ်ခုမှာ သူ ချော်လဲကျပြန်လေသည်။ ဒီတစ်ခေါက် ချော်လဲရာတွင် သူ ပြန်မထနိုင်တော့။ ပြီးတော့ သူ့အမြင်အာရုံတွေ မှုန်ဝါးသွားသည်။

◆◆◆





ဇင်ဝေသည် သူကြီးပြင်းခဲ့ရသော မိသားစုကို သူ လုံးဝ
ခ်ပြီပါ။ ငယ်စဉ်ကတည်းက မိုးရွာထဲမှာ တစ်ခြားကလေးတွေလို
ော့ရ။ ပြီးတော့ ရှုးပေါက်ပြီး ဘောင်းဘီမဝတ်ဘဲနေမိလျှင် မေမေ
လက်ဖြင့် ပေါင်တွင်းကြောကို ဆွဲလိမ်တော့တာပဲ။

ဒါ ရှက်စရာကောင်းတယ်။ ထိုသို့ သတ်မှတ်ပေးမှုကို သူ
ကြိုက်ပါ။ ပြီးတော့ တီဗွီမှာဇာတ်လမ်းတွဲလာလျှင် မင်းသမီးနှင့်
သား ဖက်သောအခန်းဆိုလျှင် သူ မကြည့်ရတော့ပြီ။ မေမေက
တ်ကို ပိတ်ပစ်လိုက်ပြီ။ ဆယ်တန်းအောင်ပြီးသည်အထိ သူသည်
တိစ္စများကို လုံးဝနားမလည်ခဲ့ပေ။ သူ ဆယ်တန်းအောင်ပြီးသည့်
ရက်မှာ သူတို့အိမ်ရှေ့ကို ဆေးကျောင်းသူနှစ်ယောက်နှင့် ဆရာဝန်
ယောက်၊ နာ့စ်တစ်ယောက် ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကဆရာမတွေက Final Part I ကျောင်းသူတွေပါ၊ သူတို့စာတမ်း စစ်ချက်တွေအတွက် ဒီအိမ်ကကလေးနှစ်ယောက်ကို မေးခွန်းလေး မေးချင်လို့..."

"ဘာတွေမေးမှာလဲ မသိဘူး"

"လူငယ်တွေရဲ့ အကျင့်သိက္ခာခေါင်းစဉ်နဲ့ပါ"

"ရပါတယ်"

ဆေးကျောင်းသူနှစ်ယောက်က သူ့နားတွင် ဝင်ထိုင်သည်။ မေမေက ခပ်လှမ်းလှမ်းမှာ ဆေးကျောင်းသူလေးတွေသည် မေးရမည့် မေးခွန်းတွေကို ထုတ်ယူလိုက်ကာ သူနဲ့ညီမလေး တစ်ယောက်ချင်းစီ တိုးတိတ်စွာ မေးမြန်းလေသည်။

"မောင်လေးက အသက်ဘယ်လောက်လဲ"

"ဆယ့်ခွန်"

"သြော်...ဆယ်တန်း အောင်ပြီးပြီလား"

"ဟုတ်ကဲ့"

"မမ မေးတဲ့မေးခွန်းလေးတွေကို ပွင့်ပွင့်လင်းလင်း ဖြေနော် ဟို...ကိုယ့်အစ်မလိုပဲပေါ့၊ မမတို့မေးရမဲ့မေးခွန်းတွေက နည်းနည်း ဖြေရခက်လို့ပါ"

"ဟုတ်ကဲ့"

ပထမဆုံးမေးခွန်းက

"တီဗွီမှလာသော သားဆက်ခြားစီမံကိန်းကို ကြည့်ဖူးလား"





"ဟုတ်ကဲ့ ခင်ဗျ"

"အင်း...ပြီးတော့လေ ယောကျ်ားလေးနဲ့ မိန်းခလေး ဖက်ရမ်းနေတဲ့ ပြကွက်မျိုးရော ကြည့်ဖူးလား"

"ဗျာ"

"တစ်ခါတစ်လေ နိုင်ငံခြားကားတွေမှာ ပါတယ်လေ၊ မင်းသားနဲ့ မင်းသမီး ဟိုဒင်း..."

ပြီးတော့ ဆေးကျောင်းသူနှစ်ယောက်သည် ခေါင်းကုတ်ကာ ကလေးတွေကို ဒီလိုမေးရတာ ရာဇဝတ်သင့်နေတဲ့အတိုင်းပဲဟု ပြောပြီး ရယ်ကြပြန်သည်။ သူကတော့ သဘောမပေါက်ပါ။

"မိန်းမရဲ့ Naked ပုံတွေပါတဲ့ Play Boy မဂ္ဂဇင်းတွေ ကြည့်ဖူးလား"

"ဟင့်အင်း"

"သူငယ်ချင်းတွေက ပြောမပြဘူးလား"

"ဗျာ"

"သြော်...မောင်လေးက ဘယ်ကျောင်းက အောင်တာလဲ"

"စိန့်ဩဂုတ်စတင်း"

"ဟင်း...အံ့ဖွယ်ပဲ၊ ဒါဖြင့် မိန်းမတွေ အရျားကြီးယူတဲ့ လူတွေ တွေ့ဖူးလား"

"ဗျာ"

"ဟိုလေ...မိန်းမတွေ အများကြီးယူထားတဲ့လူတွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့…ဟုတ်ကဲ့"

"သူတို့ကို ဘယ်လိုမြင်လဲ"

"ဗျာ…ဟို မမြင်တတ်ဘူး"

"အင်း…တစ်ချို့မိန်းကလေးတွေကပေါ့နော်၊ ခန္ဓာကိုယ်ကို ရင်းနှီးပြီး ဝမ်းစာရှာကြတယ်။ အဲဒါကို ဘယ်လိုမြင်လဲ"

"မကောင်းဘူး"

"အိမ်က ထွက်ပြေးဘူးလား"

"ဟင့်အင်း"

"အိပ်ဆေးတွေရော သောက်ဖူးလား"

"ဟင့်အင်း"

"အိမ်မှာ စိတ်သောကရှိလာရင် အိမ်ကနေ ခွင်းသွားဖူးလား"

"ဟင့်အင်း"

"အဖေနဲ့အစ်မ ဘယ်သူ့ကို ပိုချစ်သလဲ"

အမှန်အတိုင်းဖြေလျှင် သူ လုံးဝမချစ်ပါ။ သို့ရာတွင် အနား မှာ မေမေ ရှိနေသည်။

"မေမေ"

"ဩော်…ညီမလေးနဲ့မောင်လေးကို အဖေအမေတွေက ဘယ်သူ့ ပိုချစ်တယ်ထင်လဲ"

"ဟို မထင်တတ်ဘူး"





ထိုအခိုက် မေမေက နောက်ဖေးချောင်ကို ခဏဝင်သွားလေသည်။ ဆေးကျောင်းသူနှစ်ယောက်အနက် တစ်ယောက်က သူ့ကို ခပ်တိုးတိုးလေး ကပ်မေးသည်။

"တစ်ခါမှ Love Scene မကြည့်ဘူးလား"

"ဟို အိမ်မှာ အဲသလိုလာရင် မေမေတို့က တီဗွီပိတ်ပစ်ရော"

"ဩော်…သူငယ်ချင်းတွေနဲ့ ခိုးမကြည့်ဘူးလား"

"ဟင့်အင်း"

ထိုနေ့ညမှာ သူ တော်တော် စဉ်းစားလေသည်။ သူ့သူငယ်ချင်းထဲမှ တော်တော်များများသည် ရည်းစားရှိ၏။ ထိုကောင်မလေးများကို ဘယ်လိုနမ်းလိုက်ကြောင်း ဘယ်လိုရင်ခုန်ရကြောင်း သူ့ကို ပြန်ပြောပြလေ့ ရှိသည်။

ထိုအခါမျိုးတွင် သူသည် မသိစိတ်က နားထောင်ရခြင်းကို ကျိတ်ပြီး သာယာနေတတ်သည်။ ဖိုနဲ့မ သဘာဝကို မိဘတွေက ရက်စက်စွာ ဖုံးကွယ်တားဆီးထားတာကို သူ မကြိုက်ပေ။ ချုပ်တီးရသောစိတ်သည် အန္တရာယ်များလှသည်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ပထမဆုံးအတွေ့အကြုံသည် စက်မှုတက္ကသိုလ် ပထမနှစ် ကျောင်းသားဘဝမှာ စသည်။

"မင်းကွာ…ယောကျ်ားမဟုတ်ဘူးလား"

သူ ပထမဆုံးရသောရည်းစားသည် သူ့ထက် အများကြီးရဲတင်းသည်၊ သွက်လက်သည်၊ အပွေ့အဖက် အနမ်းအရှိက်မှာ ကျွမ်းကျင်သည်။

သူကတော့ ထိုအတွေ့အကြုံကို တော်တော်စွဲလန်းပြီးနောက် ထိုရည်းစားကို မတွေ့ရရင် မနေနိုင်တော့ချေ။

သူ့စိတ်ရဲ့ပုံမှန်ကစားမှုကို သူ့မိဘများက တရားလွန်ချုပ်တီးမှုရဲ့အကျိုးဆက်အဖြစ် သူသည် ဆီးသွားရခက်ခဲသောရောဂါကိုပင် ရရှိခဲ့လေသည်။ ဆရာဝန်ကို ပွင့်ပွင့်လင်းလင်း ပြောပြသောအခါ…

"ဒါ လူပျိုပေါက်မှာ ဖြစ်တတ်ပါတယ်"

ရွှေထီးမိုးစာပေ



ဟု ဆိုသည်။ ထို့နောက် သူသည် စိတ်ရဲ့အပြေးကို လူကပါလိုက်ရတဲ့သူ ဖြစ်သွားတော့သည်။ ဇင်ဝေဆိုတဲ့ကောင်ဟာ နပ်တယ်၊ အကုန်ကျွမ်းတယ်၊ နူးတဲ့နပ်တဲ့နေရာမှာ ပြိုင်ဘက်မရှိဘဲ။ သူသည် မိန်းမနှင့်ပတ်သက်၍ ဤသို့ ကျော်စောလာခဲ့သည်။

သူ့ရဲ့ရိုးသားမှု များကို မိုးချိုထံမှာ ပြန်ရှာတွေ့ခဲ့ချိန်၌ သူ အလွန်စိတ်ချမ်းသာရသည်။ မိန်းမရဲ့ပါးပြင်လောက် နူးညံ့သောအရာ မရှိချေ။ သို့ရာတွင် ချစ်ခင်မြတ်နိုးစိတ်နှင့် နမ်းရှိုက်ရသောအခါ ထိုပါးပြင်သည် မြတ်နိုးတန်ဖိုးထားစရာ ဖြစ်သွားလေသည်။ သူရှုပ်သမျှ မိုးချိုက နားလည်ပေးခဲ့သောအခါ အတိုင်းမသိ ဝမ်းသာရပြန်သည်။

"ယောကျ်ားလေးပဲ ကိုကိုရာ…ဘာဖြစ်လဲ၊ အချိန်တန်လို့ လက်ထပ်ပြီးရင်တော့ မကဲနဲ့ပေါ့"

မိုးချိုကို သိပ်ချစ်လာတဲ့အခါ သူသည် အချစ်နောက်တအောဆန္ဒကို ကြပ်မတ်ရသည်။ မိုးချိုနှင့် လက်ထပ်ဖြစ်ဖို့ကိုပဲ သူလိုလားသည်။ မိုးချိုကွယ်တာနဲ့ အတွေ့မှာ သူမျောတာတော့ ဘယ်လိုဖြင်ဖြင် မရ။ ယောကျ်ားဆိုတာ ဖယောင်းနဲ့တူကာ အတွေ့သည် မီး ဖြစ်၏။

ထိုအသိဖြင့် သူသည် အတွေ့မှာ အကြိမ်ကြိမ် ပျော်ခဲ့သည်။ ဘာမှဆန်းတာ မဟုတ်။ မိနစ်ပိုင်းမျှသာကြာသော ကိစ္စတစ်ခုအတွက် သူ့စိတ်ရဲ့ပြင်းထန်မှုကို သူ ခက်ခက်ခဲခဲ ထိန်းချုပ်ရသည်။ စိတ်ရောဂါ ဆရာဝန်တစ်ယောက်နဲ့လဲ ပြခဲ့သည်။

ရွှေထီးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား အိမ်မှာမနေဘဲ တစ်ယောက်ထဲနေရင် ပိုကောင်းလိမ့်မယ် ကိုဇင်ဝေ၊ အိမ်က ချုပ်ထိန်းမှုလွန်လို့ ခင်ဗျားမှာ ဒီစိတ္တဇ ရှိနေတာ လွတ်လွတ်လပ်လပ် နေရတဲ့အခါကျတော့ ဒီစိတ်က သိသိသာသာ လျော့နဲသွားနိုင်ပါတယ်"

"ဆရာ ကျွန်တော့်ချစ်သူနဲ့ပဲ လက်ထပ်ချင်ပါတယ်၊ ပြီးတော့ ဒီကိစ္စကို သူ သိသွားရင် ကျွန်တော် ရှက်လှချည့်ရဲ့ ဆရာ"

"စိတ်ဆိုတာလည်း ရောဂါတစ်ခုပဲ ကိုဇင်ဝေ၊ ခင်ဗျား အမျိုးသမီးကို နားလည်အောင် ကြိုပြောပြထားပေါ့"

"အမျိုးသမီး မဟုတ်ပါဘူး ဆရာ၊ ကျွန်တော်တို့ ခရီးမလွန်သေးဘူး။ ကျွန်တော်လဲ အဲဒါကို ကြောက်တာပါ။ လက်ထပ်ဖို့ ရည်ရွယ်ထားတာဆိုတော့ ဆရာ ဒီကိစ္စသိသွားရင်…"

"စိတ်ကို စိတ်နဲ့ပဲ ကုရပါတယ် ကိုဇင်ဝေ၊ ခင်ဗျား တရားထိုင်ပါ။ ပြီးတော့ အဲဒီကိုချည်း စိတ်မရောက်ပါနဲ့။ စိတ်ရောဂါထဲမှာ ဒီရောဂါက နုပါတယ်။ Sadism နဲ့ Masochism တွဲနေနိုင်တာ မှန်ပေမဲ့ ခင်ဗျားက နုပါတယ်"

သူများကို နာကျင်အောင်လုပ်ရင်း ကိုယ်တိုင်က အနာကျင်ခံချင်သော သူ့စိတ်ဝေဒနာအတွက် သူသည် ပူပင်သောကကြီးစွာ ရောက်ခဲ့သည်။

◆◆◆





မိုးချိုနဲ့လက်ထပ်ပေးဖို့ အဆင်မပြေသောအခါ သူ့မိဘတွေ ကို သူ ပိုမိုကြည့်မရတော့ပေ။

မိုးချို အနားမှာရှိနေမှ သူ့စိတ်က သက်သာသည်။ ထို့ကြောင့် အလုပ်ကထွက်ခိုင်းခဲ့တာ ဖြစ်သည်။ မိုးချိုအပြင် တစ်ခြား ဘယ်မိန်းမ နှင့် သူ မပတ်သက်ချင်ပါ။ သို့ရာတွင် သူ့စိတ်ကိုသူမနိုင်။ ထိုစိတ် ကြောင့်ပင် မိုးချိုနဲ့မှားယွင်းကာ လက်ထပ်ဖြစ်ခဲ့သည်။ ထိုစိတ်ကြောင့် ပင် မိုးချိုနှင့် လမ်းခွဲခဲ့ရသည်။ ထိုစိတ်ကြောင့်ပင် သူသည် မချစ်ဘဲ [illegible]းမယူခဲ့ရသည်။

မူးလာရင် သူ့မိန်းမသည် သူ့စိတ်ထဲမှာ မိုးချိုပဲ ဖြစ်သည်။ [illegible]ကြောင့် မူးအောင် ပိုသောက်သည်။ ပိုသောက်ရင် မူးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အချစ်နဲ့ ဘာမှမဆိုင်ချေ။ မိုးချိုကိုကျတော့ သူချစ်တာ သူ့မိန်းမကို မမွေးတဲ့အချိန်မှာ ကြည့်လို့မရချေ။ မိုးချိုကိုသာ တသသ သတိရနေခဲ့သည်။

မိုးချိုကတော့ သူ့ကို မုန်းတီးရွံရှာသွားခဲ့ပြီ။ ဒီတစ်သက် မိုးချိုကို သူ ဘယ်လိုမှ ပြန်မရနိုင်တော့။ ဒါပေမဲ့ ရှင်းပြချင်သေး သည်။ သူ့စိတ်ရောဂါကို မိုးချိုသိမှ သူ့ကို ခွင့်လွှတ်နိုင်မည်။

♦ ♦ ♦





သူ သတိရလာသောအခါ ဆေးရုံပေါ်တွင် ရောက်နေခဲ့သည်။ သူ့မိန်းမက သူ့ဘေးမှာ အငိုမျက်လုံးနှင့် သူ့ကို ငေးကြည့်နေသည်။ မမြင်ချင်သဖြင့် သူ မျက်နှာလွှဲလိုက်သည်။ ဆေးရုံကို သူ ဘယ်လို ရောက်လာလဲဆိုတာ စဉ်းစားလို့မရ။ ခေမာ ရောက်လာမှပဲ ရှင်းသည်။

"ကိုကို လှေခါးထစ်မှာ အန်ဖတ်တွေထဲ ခေါင်းထိုးပြီး မှောက်လဲနေတာ ခေမာနဲ့ ကိုမင်းခ လိုက်လာလို့ပေါ့။ နို့မို့ဆို သေချင် သေမှာ..."

"ငါသေတော့လည်း ကောင်းတာပဲ"

ခေမာက သူ့ကို စာနာမှုဖြင့် ကြည့်နေသည်။

"ငါ့ကို အဲဒီမျက်လုံးတွေနဲ့ မကြည့်ပါနဲ့ ခေမာ ငါ ရှက်စရာ ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရင်နာတာက ခေမာပါ ကိုဝေ၊ ကိုဝေ ခုလိုဖြစ်တော့ ကိုဝေ့မိန်းမလဲ စိတ်ညစ်တာပဲ။ မိုးချိုသိရင်လည်း စိတ်ပျက်မှာပါ။ မိုးချိုနဲ့က ဓာတ်လမ်းပြီးသွားပြီပဲ ကိုဝေ။ အခု ကိုဝေ့အိမ်ထောင်ရေး ပိုအဆင်ပြေဖို့ပဲ ဦးစားပေးသင့်တယ်"

"ငါ ကွာရှင်းပစ်လိုက်မလို့"

"မဖြစ်နိုင်တာ ကိုဝေပဲ သူ့ကို ကိုယ့်ဟာကိုယ် ယူခဲ့တဲ့ ကိစ္စ၊ ကွာရှင်းတယ်ဆိုတာ မြန်မာမတစ်ယောက်အတွက် သိပ်စွန့်စားရတဲ့အလုပ်ပဲ။ ကိုဝေသာ ကွာရှင်းလိုက်မယ်ဆို ကိုဝေ့မိန်းမ မကြည်က ဒုက္ခတွေခံပြီး စောင့်ရှောက်လာခဲ့တာ အလကားပဲပေါ့။ ပြီးတော့ မိုးချိုက ဘူးဆိုဖရုံမသီးတဲ့ မိန်းမမျိုးပဲ။ ဒါကို ခေမာ့ထက် ကိုဝေ ပိုသိပါတယ်ကွယ်..."

ပြတ်သားမှုရှိတဲ့နေရာမှာတော့ မိုးချိုကို သူကိုယ်တိုင်ပင် လိုက်မမီပါ။

"မေတ္တာဆိုတာ တန်ဖိုးကြီးတယ် ကိုကို"

ဟုတ်တယ်၊ အဲဒီစကား မှန်ကန်တဲ့အကြောင်း သူ့ကို အမြဲ နှိပ်စက်နေသော အဖြစ်အပျက်က သက်သေပဲလေ။ သူ မှားခဲ့သည်။ ထို့ထက်ပိုဆိုးတာက သူသည် မိန်းမတစ်ယောက်မရှိဘဲ ဘယ်လိုမှ မနေနိုင်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် သူ နောက်မိန်းမ ထပ်ယူခဲ့ရသည်။

ဒီလောကမှာ ရှုံစရာကောင်းသော ယောကျ်ားတွေထဲတွင်





သူလည်း တစ်ယောက်အပါအဝင်ဖြစ်ကြောင်း ထိုအချက်က သက်သေ ထူခဲ့သည်။ ဒါပေမဲ့ ခုနောက်ပိုင်း သူ့မိန်းမနှင့်သူ လုံးဝတစ်ခန်းထဲ မနေတော့။ ထိုမိန်းမကြောင့် သူနဲ့ မိုးချို ကွဲခဲ့ရသည်။ သူ့အမှားကြောင့် ထိုမိန်းမကို သူ လက်ထပ်ခဲ့ရသည်။

ခုတစ်ဖန် မိုးချိုကိုမြင်တော့ သူသည် သူ့မှာရှိသောအရာ အားလုံးနှင့် လဲလှယ်ယူဖို့ပင် စိတ်ကူးမိပြန်သည်။ အချစ်ဟာ မိုက်မဲမှု ကိုပဲ ပေးတယ်။ ဘယ်တော့မှ ငြိမ်းချမ်းမှုကို မပေးဘူး။ အခုလည်း မိုးချိုကို ချစ်သောအချစ်နဲ့ သူ မိုက်မဲဦးမည်။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com



သူ့မိန်းမသည် ကမ္ဘာပေါ်တွင် အအေးဆုံးမိန်းမတော့မဟုတ်။ သူ့ကိုယူပြီးနောက်ပိုင်းမှာတော့ ယခင်ကလို သွက်သွက်လက်လက် မရှိတော့ဘဲ သူ့မျက်နှာကို အမြဲကြည့်နေရသောမိန်းမ ဖြစ်လာသည်။ သိပ်မူးလာလျှင် မိန်းမကိုရိုက်တတ်သော၊ ရိုက်ပြီးသွားလျှင် သူသည် နံရံကို လက်သီးနဲ့ထိုးကာ ထိုနာကျင်မှုကို သာယာတတ်သော ယောကျ်ားမျိုးကို သူ့မိန်းမသည် ဘယ်လိုသီးခံမှုနှင့် အောင့်အီးနေခဲ့ပါသနည်း။ သေချာတာက သူ့မိန်းမသည် သူ့အပေါ် ကောင်းမွန်သော အမျိုးအစားဖြစ်သည်။

မိုးချိုနှင့် တစ်ပတ်ကြာမြင့်သော အိမ်ထောင်သက်တွင် သူ နာကျင်မှုကို နှစ်ခြိုက်သောစိတ် လုံးဝပျောက်နေခဲ့သည်။ အဲဒါ မိုးချို အပေါ်မှာထားသောအချစ်ကြောင့်ပဲ။ မိုးချို နာကျင်သွားမှာကို သူ ဘယ်လိုမှ အရသာမခံနိုင်။





မိုးချိုနဲ့ကွဲရခြင်းသည် သူ့ရောဂါကို ပိုဆိုးလာစေခဲ့လေပြီ။ စိတ်ကုဆရာဝန်ကပင် သူ့အကြောင်းကို နားထောင်ပြီး…

"စိတ်နဲ့ ဖြေသိမ့်နိုင်တဲ့ရောဂါမျိုးက အခုလိုမလိုလားအပ်တာတွေ ထဖြစ်တော့ ခင်ဗျားကိုယ်ပေါ်မှာပဲ အားလုံးမူတည်ပါတယ် ကိုဇင်ဝေ"

ဟု နှစ်သိမ့်ပေးသည်။

သူ့ရောဂါ ဒီထက် ပိုဆိုးလာလျှင် သူ့မိန်းမ ဒီထက် ပိုဒုက္ခရောက်တော့မည်။

ဒါကို လူတွေသိအောင် သူမပြောရဲပါ။

"ငါ မင်းကို စကားပြောချင်တာကြာပြီ"

"ကိုဝေ ဘာပြောချင်လဲဆိုတာ ကြည် သိပါတယ်"

သူ့မိန်းမက ခေါင်းငုံ့ထားရာမှ ပြောသည်။

"ငါတို့နှစ်ယောက် ရှေ့ဆက်သွားဖို့…အင်း…မင်းအများကြီး နစ်နာနေပါပြီ မကြည်"

"ဒါပေမဲ့ ဆရာ့ကို ကြည် ချစ်တာပဲ၊ ဆရာ့နားမှာ ကြည် အမြဲရှိနေချင်တယ်၊ ဆရာ မလိုအပ်ပေမဲ့ ကြည်က ရှိနေချင်တာပေါ့"

"ငါ…"

"ဆရာ့ကို ကြည် မကွာပေးနိုင်ဘူး"

"မင်းလိုအပ်သလောက် ငွေကို ငါ ပေးပါ့မယ် ကြည်…



www.burmeseclassic.com

www.burmeseclassic.com



မင်း နေချင်ပေမဲ့ ငါ့နားမှာ မင်းရှိနေတာ မင်းရော ငါ့အတွက်ရော စိတ်ဆင်းရဲတာပဲ အဖတ်တင်တယ်''

''ဆရာ..မိုးချိုကြောင့်လား''

ထိုမေးခွန်းမှာ သူ ခေါင်းငိုက်စိုက်ကျသွားတော့သည်။

မိုးချိုကို မေ့လို့မရတော့မဲ့အတူတူ ရှိတဲ့မိန်းမကို ကိစ္စပြတ်ကွာရှင်းထားတာမှ ကောင်းမည်ဟု သူ တွေးမိသည်။

သူ့ရောဂါကို ပိုမဆိုးလာဖို့အတွက် သူ့စိတ်ကို အမြဲနှိုးဆွပေးနေသောအရာများကို ဖြတ်ပစ်တဲ့ အဓိပ္ပာယ်နဲ့ ကွာရှင်းချင်တာဖြစ်သည်။ နာကျင်မှုကို ကြိုက်နှစ်သက်တဲ့ယောကျ်ားဟာ အချစ်နဲ့ ပတ်သက်ပြီးတော့ နည်းနည်းမှ နာကျင်မခံချင်ပါဘူး မိုးချို။

ပြီးတော့ ငါ့ကြောင့် တခြားတစ်ယောက်ကိုလည်း ထပ်နာကျင်အောင် ငါမလုပ်သင့်တော့ဘူး။

◆◆◆





မိုးချိုသည် သူမကားသော့လေးကို လက်ညှိုးမှာစွပ်ကာ သီချင်းတစ်ပုဒ်ညည်းရင်း ခပ်ဖြည်းဖြည်း လျှောက်လာနေသည်။ သူ နာရီတစ်ချက် ငုံ့ကြည့်လိုက်သည်။ ညနေ ငါးနာရီထိုးရန် ဆယ့်ငါးမိနစ်မျှ လိုသေးသည်။

ကံကောင်းချင်တော့ မိုးချိုကားနဲ့ သူ့ကားကြားမှာ ကားတစ်စီးသာ ကွာတော့သည်။

ထို့ကြောင့် သူ့ကို မိုးချိုမမြင်ပါ။ ကားပေါ်ရောက်တဲ့အထိ သီချင်းအဆိုမပျက်သေး။ မိုးချိုကိုကြည့်ရတာ တော်တော်စိတ်ချမ်းသာပုံပေါက်နေသည်။

သူ့ကို ကားထွက်ခါနီးမှ မြင်သွားပုံရသည်။ ထို့နောက် သူမမျက်နှာက ချက်ချင်းတည်သွားသည်။ ခေါင်းကိုဆတ်ခနဲလွှဲကာ ခပ်ကြမ်းကြမ်း ကားမောင်းထွက်သွားလေသည်။

မိုးချို သူ့ကိုရှုံ့နေတုန်းပါပဲလား။

ထိုအသိသည် သူ့ရင်ကို ဓားပါးပါးနဲ့မွှန်းနေသလိုခံစားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့ရောဂါကလည်း ရှုံစရာမဟုတ်လား။ သူကိုယ်တိုင်ပင် ဒီရောဂါအတွက် စိတ်ဓာတ်ကျဆင်းနေတာ။ ကိုယ်တိုင် မခံစားရသူအတွက်ကတော့ ရှုံစရာပဲပေါ့။

မိုးချို ကားနောက်ကနေ တောက်လျှောက်လိုက်မောင်းတော့ မိုးချိုက မင်္ဂလာဒုံဘက်သို့ ကားကိုလမ်းကြောင်းပြောင်းလိုက်သည်။

ပြီးတော့ ထောက်ကြန့်အကျော်မှာ ကားကို လမ်းဘေးထိုးရပ်လိုက်သည်။ သူလည်း မိုးချိုကားရှေ့မှာပိတ်၍ ကားကိုရပ်လိုက်သည်။

ပတ်စန်းကျင်သည် တစ်ခါတစ်ရံ ဖြတ်သွားသော အိပ်စ်ဝရက်ကားများမှလွဲ၍ရှင်းလင်းသည်။ ကားတံခါးဖွင့်၍ သူ ဆင်းချိန်မှာ မိုးချို သူ့နားကို ရောက်နေခဲ့ပြီ။

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အတန်ကြာသည်အထိ စကားမဆိုမိကြ။ ပထမဆုံးစကားစပြောသူမှာ မိုးချိုဖြစ်သည်။

"ကျွန်မနောက်ကို ဘာကိစ္စလိုက်လာတာလဲ ကိုဇင်ဝေ"

"........."

"ကိုယ့်လမ်းကိုယ်လျှောက်ခဲ့တာ...လေးနှစ်ကျော်ခဲ့ပြီ၊ ကျွန်မလည်း မကြာခင် လက်ထပ်တော့မှာ၊ ကိုဇင်ဝေ ကျွန်မနောက်ကို လျှောက်မလိုက်သင့်ဘူး"

သူသည် ဝမ်းနည်းမှုနှင့် ဒေါသတို့ရောနေသော ခံစားချက်အား မျိုချပြီး ဇွေတွေးငေးငေးကြည့်ဖြစ်သည်။





"အခု...ကျွန်မကို ဘာပြောမလို့လဲ"

"........."

"မပြောချင်တာပဲဖြစ်ဖြစ် ပြောစရာရှိနေရင်ပဲဖြစ်ဖြစ် ပြောမနေပါနဲ့တော့...ကျွန်မ ရှင့်မျက်နှာကို မတွေ့ချင်တော့ဘူး"

"မိုးချို"

သူ့အသံသည် ဖန်ခွက်တစ်ခွက်ကျကွဲသွားသလို ထင်ရလေသည်။

ဘယ်တုန်းကမှ မစွန့်လွှတ်ချင်ခဲ့ဘူးအချစ်ရယ်၊ ဒါပေမဲ့ ကိုယ့်ကို မင်းအမြဲတားဆီးပိတ်ပင်ခဲ့တယ်။ သူသည် ထိုခံစားချက်ဖြင့် လေးနှစ်ခွဲတိတိ မျိုသိပ်ထားရသမျှကို ပြောမိလေသည်။

"မပြောနဲ့လို့ မင်းတားခဲ့တယ်...ဟုတ်တယ်၊ လွန်ခဲ့တဲ့ လေးနှစ်ခွဲကတည်းက ကိုယ်ရှင်းပြတာ ဘာမှ နားမဝင်ခဲ့ဘူး၊ ကိုယ်ပြောတာ တစ်လုံးတစ်လေမှ မင်း နားမထောင်ခဲ့ဘူး၊ ဘာမဆို မင်းသဘော မင်း ထင်မြင်ချက်နဲ့ပဲ ဆုံးဖြတ်ခဲ့တယ်။ ကိုယ့်ဘက်ကို နည်းနည်းမှ ထည့်မတွက်ခဲ့ဘူး"

"ဒါဆို ကျွန်မက တစ်ဖက်သတ် စွဲချက်တင်ခဲ့တာပေါ့ ဟုတ်လား ကိုဇင်ဝေ၊ အမိပ္ပါယ်မဲ့လိုက်တာ"

"မင်း မပြောနဲ့ဆိုရင် ငါ ဆက်မပြောဝံ့တော့ဘူး မိုးချို၊ မင်းမျက်လုံးက အမုန်းဒဏ်ကို ငါလုံးဝမခံနိုင်ခဲ့ဘူးလေ။ မင်းဟာ ကိုယ့်ကို လွှမ်းမိုးချုပ်ကိုင်ထားနိုင်ခဲ့တယ်။ ကိုယ်ပြောချင်တာတွေ မင်း ဘယ်နားထောင်ချင်တော့မှာလဲ...ကိုယ့်အသံက မင်းနားထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ခါးနေပြီ။ တစ်ခြားတစ်ယောက်ကို ကိုယ့်နေရာမှာ မင်း အစားထိုးခဲ့ပြီပဲ"

မိုးချိုမျက်နှာသည် အသားဖြူသူမို့ ပန်းရောင်ရဲခနဲ တက်သွားလေသည်။

"ကိုယ့်ကို မင်း မုန်းခဲ့တယ်၊ အခုထိ ရှိနေတုန်းပဲ။ အေး… ကိုယ့်ကိုယ်ကိုလည်း မင်းထက် ပိုမုန်းတယ် မိုးချို၊ ကိုယ့်ကို နားလည်မှုမရှိတဲ့ မင်းကိုတော့ ကိုယ် ခွင့်လွှတ်နေနိုင်တုန်းပဲ။ မင်းကို ရှင်းပြဖို့ ကိုယ် ဘယ်က စပြောရမလဲ ကိုယ် လုံးဝမစဉ်းစားတတ်ဘူး"

"ရှင် အဲဒီမိန်းမနဲ့ လက်ထပ်ဖြစ်ခဲ့တာတောင် ကျွန်မကို ရှင်းပြချင်နေတုန်းပဲကိုး၊ ကိုဇင်ဝေ…ကျားကိုက်ပါတယ်ဆိုမှ အပေါက်လေးနဲ့လားလို့ ကျွန်မ မေးတတ်မယ်လို့များ ရှင် ထင်ထားလား ကိုဇင်ဝေ၊ ရှင်ပြောချင်တာတွေ ရှင်တစ်ယောက်တည်း ပြောခွင့်ပေးခဲ့တာပဲ။ ရှင့်တစ်ယောက်တည်းအပေါ်မှာ ကျွန်မ တတ်နိုင်သမျှ ပုံအောပြီး ရှင့်ကို လက်ထပ်ခဲ့တာပဲ။ ရှင်ကသာ သစ္စာရှိခဲ့မယ်ဆို ကျွန်မက ဘာလို့ ကွာရှင်းရမလဲဟင်…ကျွန်မမှာ ပညာ၊ ငွေ အားလုံးရှိတယ်။ ယောကျ်ားတစ်ယောက်ဆီက ကျွန်မ လိုချင်ခဲ့တာ အချစ်နဲ့သစ္စာပဲ။ အဲဒီနှစ်ခုလုံး ကျွန်မကို ရှင် သန့်သန့်စင်စင် ပုံအောမပေးနိုင်ခဲ့ဘူးလေ။ ရှင်ကပဲ ရှင့်ဘဝနဲ့ကျွန်မဘဝကို နာကျင်အောင် လုပ်ခဲ့တာ၊ ရှင် ကိုယ်တိုင်ပဲ ကျွန်မကိုရော ရှင့်ကိုပါ ဖျက်ဆီးခဲ့တာ ရှင့်ကို ကျွန်မ သိပ်မုန်းတယ်"





"မိုးချို"

မိုးချိုရဲ့လည်ပင်းနဲ့ ရင်ညွန့်နှစ်ခုကြားမှနေရာသည် အသက်ဖြင်းဖြင်းရှူလိုက်တိုင်း ခွက်ဝင်ကာ မိုးချိုမျက်လုံးများသည် နီရဲလာလေသည်။

"ဒါကြောင့်…ကျွန်မကိုယ်ကျွန်မ အမြဲဆုံးမတယ်၊ ရှင့်ကို အမြဲမုန်းတီးနေအောင် အမြဲရှုံရှာနေအောင်…"

"မင်း အဲဒီအတွက် စိတ်ချမ်းသာလို့လား ကလေးရယ်"

သူ့မေးခွန်းမှာ သူရော မိုးချိုရဲ့နှလုံးသားတွေ တစ်စစီ ပဲ့ကြွေသွားလေသည်။ မိုးချိုမျက်ဝန်းထဲမှာ တစ်ခုခုကို သူ တွေ့လိုက်ရသည်။

မိုးချိုဟာ သူ့ကို ချစ်နေတုန်းပဲ။ အသက်နှစ်ဆယ့်တစ်နှစ်အရွယ်က မိုးချိုလိုပဲ အခုမိုးချိုဟာ သူ့ကို နင့်နင့်သီးသီး ချစ်နေတုန်းပဲ။ ဒါကြောင့် သူမကိုယ်သူမ နာကျင်ခံပြီး သူ့ကို စိတ်ဒုက္ခပေးနေတုန်းပဲ။ ရည်ရွယ်ချက်ကတော့ မိုးချိုရဲ့မာနကြီးသော အချစ်သည် ကြီးမားသော ထုထည်ရှိသလို ကြီးမားသော အမျက်ကြီးတယ်ဆိုသော အဓိပ္ပါယ်ပဲ။

"ကျွန်မ ပြောခဲ့သားပဲ…ကျွန်မအပေါ်မှာ ရှင် တစ်ခုခု မှားယွင်းခဲ့ရင် ကျွန်မကိုယ်ကျွန်မ အပြစ်ပေးပြီး ရှင့်ကို နာကျင်အောင် ကိုလုပ်ရမှ ကျေနပ်မယ် ကိုဇင်ဝေ၊ အခု ရှင့်အိမ်ထောင်ရေးမှာ အမြဲ စိတ်ဆင်းရဲနေရတယ်မို့လား…ကျွန်မကတော့ ရှင်နဲ့ဆန့်ကျင်ဘက် ပျော်ရွှင်ချမ်းမြေ့တဲ့ဘဝတစ်ခုကို ရအောင်ယူဦးမှာ"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကိုကိုမသိနိုင်တာ ကိုကို့ရှေ့က ပြန်ထွက်ခဲ့သော အချိန်မှစ၍ ကားမောင်းရင်း မိုးချို ငိုနေတာကိုပဲ ဖြစ်သည်။

ကားလမ်းမီးများသည် တရိပ်ရိပ်ကျန်ခဲ့သည်။

"မိုးချိုဆီက ဘာများ ထပ်လိုချင်သေးလဲ ကိုကို၊ မိုးချိုဆီမှာ ကိုကို့အတွက်ပေးစရာ ဘာမှ မကျန်တော့ဘူး"

နောက်ကားက ဟွန်းတအားတီး၍ ဘက်ခ်မှန်မှကြည့်လိုက်တော့ ကိုကို့ကား။ မိုးချိုကားရှေ့က ပိတ်ရပ်လိုက်တာမို့ လမ်းဘေးကို ထိုးရပ်လိုက်ရသည်။ ကျိုက်ကလဲ့ဘုရားနှင့် သိပ်မဝေးတော့ပေ။ မိုးချိုကားပေါ်က မဆင်းတော့ဘဲ ကိုကိုကသာ မိုးချိုကားဘေးနားကို ဆင်းလာလေသည်။ ကားမှန်ချလိုက်သည်။

"ဘာပြောစရာ ကျန်သေးလို့လဲ ကိုဇင်ဝေ"





"ကိုယ့်ကို အပြစ်ပေးချင်တာနဲ့တော့ နောက်ထပ်ဘဝတစ်ခု ထူထောင်စရာမလိုပါဘူး မိုးချို။ ဘာလို့လဲဆို အဲဒီယောကျ်ားက ကိုယ့်လောက် မင်းကို မချစ်မှာ သေချာနေလို့ပဲ"

ထို့နောက် သူ့ကားပေါ်ပြန်တက်ကာ မောင်းထွက်သွားတော့ သည်။

မိုးချိုသည် ဒေါသဖြင့် တက်တစ်ချက်ခေါက်လိုက်သည်။

"စောင့်ကြည့်နေပေါ့ ကိုကို"

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



အခန်း [၈]

"ကိုခ…သိပ်ပိန်သွားတာပဲကွယ်၊ ကိုခ တော်တော် စိတ်
ဆင်းရဲနေလား"

"စိတ်ညစ်တာပေါ့ မိုးချိုရာ၊ ကိုယ့်အဖေတစ်ယောက်လုံး
အိပ်ရာပေါ်မှာ ပက်လက်၊ တစ်နေ့နေ့ဆိုတာ သူ စောင့်နေရတာ
ကိုယ်ချင်းသာ စာကြည့်တော့"

မိုးချိုက ပခုံးတွန့်ကာ ပြုံးသည်။ ပြီးတော့ နာနတ်သီး
ကလေးတွေကို သူ့ပန်းကန်ထဲ ရွေးထည့်ပေးသည်။

"ကျွန်တော် နာနတ်သီး မကြိုက်ဘူး"

"နာနတ်သီးက စိတ်ကြည်တယ် ကိုခ…"

ကိုခမျက်နှာက မှုန်တေတေနှင့် နာနတ်သီးစိတ်တွေ ယူ
လေသည်။ ကြက်သားနဲ့ နာနတ်သီးချက်ထားတဲ့အရသာကို သူ





မကြိုက်ပေမဲ့ အဲဒါ မိုးချိုအကြိုက်ဆုံးမို့ သူ့ကို အတင်းကျွေးခြင်း
ဖြစ်သည်။

"ကိုခက ကလေးဆန်တုန်းပဲကိုး"

"ဘာဖြစ်လို့လဲ"

"မိုးချိုအမြင် ပြောမယ်နော်၊ အဖေအမေ နေမကောင်းတာနဲ့
စိတ်ဆင်းရဲစရာ လိုလို့လား"

"ဟာ…မိုးချို ဘယ်လိုပြောလိုက်တာလဲ"

"ကိုယ်ထင်တာ ပြောတာပဲလေ၊ တစ်ယောက်ယောက်
နေမကောင်းဖြစ်ရင် အဲဒီတစ်ယောက်ယောက်အတွက် စိတ်ဆင်းရဲပြီး
အနားမှာ ငုတ်တုတ်ထိုင်ပေးရုံနဲ့ တာဝန်ကျေတယ်ဆိုတာ နည်းနည်းမှ
အဓိပ္ပါယ်မရှိဘူး။ ကိုယ်လုပ်စရာရှိတာ ဆက်လုပ်ရမှပေါ့…မင်း
မျက်နှာကြီးက ဒီလောက်ရှုပ်နေတာ ဆွေ့သည်တွေနဲ့ ဘယ်လို စကား
ပြောလဲ၊ ငါသာ မင်းဆွေ့သည်ဆိုရင် အသက်မပါတဲ့ မင်းပြုံးနေတာ
ကြီးကို သိပ်စိတ်ပျက်မှာပဲ"

"မိုးချိုက တစ်ယောက်ထဲနေတဲ့လူကိုး၊ မိသားစုဆိုတာ
ဘယ်နားလည်ပါ့မလဲ"

"နင် အဲသလိုပဲ ထင်လား ကိုခ…ဟင်"

"မြင်နေတာ ပြောတာလေ"

"ငါ တကယ်ပဲ ပျော်ရွှင်ချမ်းမြေ့တဲ့ မိသားစုဘဝကို လိုချင်
ခဲ့ဖူးပါတယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် မိုးချို အတိတ်ကိုသွားဆွရာ ရောက်ပြီ။ အဲသလို မရည်ရွယ်ပါ။ သို့သော် မိုးချိုသည် တစ်ခါတစ်လေ လူနားမလည်နိုင်အောင် တင်းမာပြတ်သားနေလေသည်။

"လူတစ်ယောက်ဟာ မအေဆီက မွေးလာတယ်၊ ဖအေက ပိုက်ဆံရှာတယ်။ ပြီးတော့ သူ့မှာ ပျော်ရွှင်စရာကောင်းတဲ့ဘဝကို သူ့မိဘတွေ ညီအစ်ကိုမောင်နှမတွေဆီက ရနေတယ်၊ အချိန်တန်တော့ သူ့ကို နားလည်တဲ့သူနဲ့ အိမ်ထောင်ပြုတယ်၊ သားသမီးတွေ ရလာမယ်၊ အဲဒီ သားသမီးတွေရဲ့ အနာဂါတ်အတွက် သူ့ပစ္စုပ္ပန်ကာလက အဓိပ္ပါယ်ရှိလာရော...

အဲဒါ လူတွေရဲ့ဘဝပဲ ကိုခ၊ ငါလဲ လူပဲ...မိသားစုဘဝကို လိုချင်တာပဲ။ ရမယ်လို့မျှော်လင့်ပြီး လူတစ်ယောက်ကိုလည်း ငါ လက်ထပ်ခဲ့ဖူးတယ်။ ပြီးတော့ ခါးသီးမှုတွေနဲ့ အဲဒီအိမ်ထောင်ကို ငါကိုယ်တိုင်ပဲ ဖျက်ပစ်ခဲ့ရတယ်။ အခု ငါ ဒုတိယအကြိမ် အိပ်မက်မိပြန်ပြီ။

ငါ့အိပ်မက်ထဲမှာ အသိဉာဏ်ပြည့်စုံပြီး ငါ့ကိုချစ်တဲ့လူတစ်ယောက်နဲ့ လက်ထပ်ရလိမ့်မယ်...အဲသလို အခု ငါ မျှော်လင့်နေတယ် ကိုခ၊ ကိုယ်ချင်းမစာဘူးတို့ နားမလည်ဘူးတို့ ငါ့ကို ဘယ်တော့မှ မပြောပါနဲ့။ ငါ့အမြင်နဲ့ နင်တွေ့နေတဲ့လူတွေရဲ့အမြင် ဘယ်တော့မှ တူမှာမဟုတ်ဘူး။ ငါက ကိုယ့်ကိုယ်ကို ပိုင်တဲ့ မိန်းမလေ... ငါ့ဘဝကို ငါ့မိဘက ပုံစံချပေးခဲ့တာ မဟုတ်ဘူး။ ငါ့ဖာသာ ငါလိုချင်တဲ့





ပုံစံခွက်ထဲချယူတာ ပြီးတော့ ကျန်းမာရေးကိစ္စမှာ ငါ့အမြင်က ငါတို့ထက် ဆရာဝန်တွေက ပိုနားလည်တယ်။ ငါတို့တွေက သူတို့နဲ့ယှဉ်ရင် လူပြိန်းပဲ...ဆိုလိုတာက လူတွေမှာ အလုပ်ခွဲခြားလုပ်ကိုင်ခြင်း ဆိုတာ ရှိတယ်လေ..."

"မှန်ပါတယ် ဆရာဝန်က လူနာ့ကူမှာပဲ၊ ဒါပေမဲ့ သားသမီးရဲ့ ယုယတာကို မိဘတွေက မလိုအပ်ဘူးဆိုတာ မရှိပါဘူး မိုးချို"

"ငါတို့ ဆက်ဆွေးနွေးရင်..."

"ကျွန်တော်တော့ မပြောတော့ဘူး"

"ငါတို့ ပြဿနာဖြစ်မှာ စိုးလို့လား"

"ကျွန်တော် မိုးချိုနဲ့ အငြင်းမပွားချင်ဘူး၊ ပြီးတော့ မိုးချိုလည်း ဘယ်တော့မှ မိုးချိုအတိတ်အကြောင်းကို ထပ်မပြောပါနဲ့။ ကျွန်တော်တို့နှစ်ယောက်ကြားမှာ ကျွန်တော်တို့နှစ်ယောက်အပြင် တစ်ခြားတစ်ယောက် မရှိစေချင်ဘူး"

"အဲဒါ ငါက ပြောရမှာပါ ကိုခရယ်"

"..."

"ငါ နောက်တစ်ကြိမ် ထပ်ချစ်ဖို့ကြိုးစားနေတယ် ကိုခ၊ အဲဒီသူကို ငါ ယုံကြည်ချင်နေတယ်။ ပြီးတော့ ငါနဲ့နင် မဝေးသွားလောက်ပါဘူးနော်။ နင် ဘာကိုပဲဆုံးဖြတ် ဆုံးဖြတ်ပါ၊ ငါ နင့်အပေါ်မှာ စေတနာ ထားခဲ့တာကိုတော့ ယုံပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မိုးချိုလက်ကလေးကိုကိုင်ကာ ခေါင်းညိတ်ပြလိုက်သည်။ တစ်ခါတစ်လေကျရင်တော့ မိုးချိုရဲ့နူးညံ့မှုကို ကျွန်တော် မြတ်နိုးရပါသည်။ ဒါပေမဲ့ အမြဲနူးညံ့မနေတတ်တာတော့ မိုးချိုရဲ့ အားနည်းချက် ဖြစ်သည်။

"ကျွန်တော်ကလည်း မိုးချိုကို တစ်ခုပြောချင်တယ်"

"ဟင်"

"ကျွန်တော့်ကို မိုးချို ရှေ့ဆက် မချစ်နိုင်တာသေချာတဲ့အခါ ထားခဲ့လို့ရပါတယ် မိုးချို"

"ဒါ ဘာစကားလဲ ကိုခ"

"ဆုံးအောင် နားထောင်ဦးလေ မိုးချို၊ ကျွန်တော်က ကျွန်တော့်ကြောင့်တော့ မိုးချို စိတ်မဆင်းရဲစေရပါဘူးဗျာ၊ ကျွန်တော့်ကိုလည်း စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့..."

ကျွန်တော့်စကားကြောင့် မိုးချိုက တစ်ခစ်ခစ် ရယ်လေသည်။ ချစ်သူရည်းစားဘဝမှာ ဒီနေ့လိုမျိုး ကြည်နူးစရာလေးတွေကလည်း တော်တော်များသည်။ ကျွန်တော့်အိမ်ပြန်ရောက်တော့ စိတ်က ပြန်ဆင်းရဲသွားသည်။

ဖေကြီးအခြေအနေက မသက်သာ။

◆◆◆





ဗိုက်က ဖောင်းလိုက်ကျလိုက်နဲ့၊ ဆေးဖိုးလည်း မနည်းတော့ …း ဗိုက်ကို တစ်ခါဖောက်တိုင်း သွင်းရသောဆေးပုလင်းကလေးတွေ …း တစ်ပုလင်းကို တန်ဖိုးတစ်သောင်းခွဲကျော်။

ပြီးတော့ ပြန်ကောင်းလာဖို့ မဖြစ်နိုင်တဲ့အတွက် ဒီတိုင်းမက … ထိုင်ကြည့်နေရအောင်လည်း ကိုယ့်အဖေ။ ဘယ်လောက်ကုန်ကုန် …ရပေမည်။ မေကြီး လက်ကောက်နှစ်ရံကိုထုတ်ပြီး ကျွန်တော့်ကို …ောင်းခိုင်းတော့ ကျွန်တော် စိတ်မကောင်းလှပေ။

"လိုနေလို့လားဗျာ"

"လက်ထဲမှာ ပိုက်ဆံရှိနေမှ သားရဲ့၊ ဒီနှစ်ရံ ရောင်းလိုက်ပါ …ဘ် ဆယ်ကွင်းတောင် ရှိသေးတာပဲ"

"သား လခရနေတာပဲ ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"သားလခက အိမ်စရိတ်နဲ့ ဆေးဖိုးနဲ့တင် သားရု ရှေ့လဆို အိမ်က စာချုပ်စေ့ပြီ၊ စပေါ်ငွေ ထပ်တင်ရမယ်။ အဲဒီအတွ လည်း ပိုက်ဆံလိုသေးတယ်၊ မင်းအဖေ မသိစေချင်ဘူး သားရယ်"

မေကြီး လက်ကောက်တစ်ကွင်းမှ ငါးမူးသားပဲ ရှိသ နာတာရှည် လူမမာတစ်ယောက်ရှိသောအိမ်ရဲ့ ငွေယိုပေါက်သည် ငွေထက်အများကြီး ကြီးမားပါသည်။

ကျွန်တော့်အခက်အခဲကို မိုးချိုက သိဟန်လည်းမပြ၊ စိ လည်း မဝင်စား။ ကျွန်တော့်အခက်အခဲကြောင့် သူမနှင့်လည်ပတ်လျ ကုန်ကျငွေကို သူမပဲ ပေးသည်။ စားသောက်စားရိတ်က ဟိုတယ် မှာပဲ တက်စားတာ များသည်။

ကျွန်တော်က အားနာပေမဲ့ မိုးချိုဘက်ကကြည့်လျှင် ပိုက်ဆံသည် ဘာမှမပြောပလောက်ဖွယ်ရာ မရှိ။ အလုပ်လုပ်နေ သူချင်းအတူတူ ကျွန်တော်ရှာသောပိုက်ဆံသည် မလောက်ဘဲ မိုး အတွက်ကမူ မုန့်ဖိုးအတွက် လုပ်နေတာနှင့် တူတော့သည်။ ပြီးတေ မိုးချိုလစာက ကျွန်တော့်ထက် နှစ်ဆကောင်းသည်။ ရှေ့ဆက် ရာ တက်ဖို့ပဲ ရှိတော့သည်။ မိုးချိုကတော့ တစ်နေ့ သူဖြစ်ချင်တာဖြ သေချာပါသည်။ ဟိုတယ်လုပ်ငန်းကို ကျွမ်းကျင်စွာ စီမံအုပ်ချု သော မိန်းမဆိုတာ ယုံမှားဖွယ်ရာမရှိ။ ပြီးတော့ မိုးချိုမိဘတွေ မိုးချိုဖြစ်ချင်တာကို ကောင်းကောင်း ထောက်ပံ့ပေးနိုင်သော မိဘ ဖြစ်သည်။





"ဘာတွေ စဉ်းစားနေတာလဲ သား"

"ဘာမှ မဟုတ်ပါဘူးဗျာ"

မေကြီးက သက်ပြင်းတစ်ချက်ချကာ…

"ငါ့ကို နေ့လည်က ပြောတယ်၊ သားကို သူ စိတ်ချပြီတဲ့။ ငါ့ကိုလည်း စိတ်ချတယ်တဲ့…သူ့ကိုယ်သူ သိနေပါပြီလေ"

ပြောရင်းနဲ့ ငိုတော့သည်။

လူတစ်ယောက် မသေခင်၊ သေချိန်၊ သေပြီး ကာလသုံးခုမှာ မသေခင်ကာလသည် ရင်ဆိုင်ရန်အခက်ခဲဆုံး ဖြစ်လေသည်။ မသေခင် ဆို သေမှာလည်းသိနေရက် ငွေကုန်၊ လူပင်ပန်း၊ စိတ်ဆင်းရဲကာ ဝန်ထုပ်ဝန်ပိုးတစ်ခုကို ခေါင်းပေါ်တင်ထားရတာနဲ့ တူသည်။ သေချိန် မှာ ခဏတော့ ဗျာပါဒပူဆွေးသောက ရှိသည်။ သေပြီးနောက်မှာ တစ်ခါတစ်လေတော့ လွမ်းမည်။ သို့ရာတွင် ငွေမကုန်တော့ချေ။ လူပင်ပန်းမှုလည်း မရှိတော့။ စိတ်ဆင်းရဲမှုဆိုတာတော့ သတိရချိန်မှာ သာရှိပြီး ကျန်အချိန်မှာ မရှိတော့ချေ။ ထို့ကြောင့် သေသောသူကြာရင် မေ့ဟု ထွင်ထားခဲ့ကြတာ ဖြစ်မည်။ မသေခင်ကာလကတော့ လူတိုင်း ရင်ဆိုင်ဖို့ မလွယ်။

ထိုအချိန်သည် စိတ်ဓါတ်နှင့်လည်းဆိုင်သည်။ ဘာသာတရား နဲ့လည်း ဆိုင်သည်။ ကျွန်တော်ကတော့ သားတစ်ယောက်အနေနှင့် အကောင်းဆုံးဖန်တီးပေးမည်။ မိဘကို သေမှမငိုချင်။ အချိန်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွက် မေကြီးကို အကောင်းဆုံး ကျေးဇူးဆပ်ရန်အချိန် ဖြစ်သည်။

"မငိုပါနဲ့ မေကြီးရာ"

"ဟဲ့ နင့်အဖေသေရင် ငါ မုဆိုးမဖြစ်ပြီဟဲ့"

"မေကြီးကလည်း ယောကျ်ားရှိတဲ့ မိန်းမတိုင်း ယောကျ်ား အရင်သေရင် မုဆိုးမဖြစ်ကြမှာချည်းပဲ။ အိမ်ထောင်ရှင်မိန်းမတိုင်းမှာ မုဆိုးမဖြစ်ဖို့ Risk ရှိပြီးသားပဲ။ မေကြီးက အသက်ပဲငါးဆယ်ကျော် နေပြီ။ တစ်ချို့ဆို ငယ်ငယ်လေးနဲ့ မုဆိုးမဖြစ်တာ၊ အသက်ကြီးမှဖြစ် တာ တော်ပါသေးတယ်"

"ငယ်ငယ်လေးနဲ့ ဖြစ်တာ တော်တာပေါ့ဟဲ့"

"ဘာလဲ မေကြီးက နောက်တစ်ယောက် လိုချင်သေးလို့ လား"

ငိုနေရာမှ ကျွန်တော့်ကို ပွစိပွစိနဲ့ ရေရွတ်ပြီး ဆဲနေတော့ သည်။ ဘာပဲဖြစ်ဖြစ် လောလောဆယ် အငိုတိတ်သွားပြီ မဟုတ်လား။

♦ ♦ ♦





ကျွန်တော်တို့ကုမ္ပဏီရဲ့ ခရီးစဉ်တစ်ခုမှာ လိုက်မည့်ညွှန်ကြား ဘစ်ယောက် ရုတ်တရက် နေမကောင်းဖြစ်ရာ အခြားတစ်ယောက်နှင့် အစားထိုးရန် လူရှာမရပေ။

ထိုအချိန်မှာ ခေမာ့ဆီက ဖုန်းဝင်လာသည်။

"ဟာ…ခေမာလား"

"ဟုတ်ကဲ့ ကိုမင်းခ"

"အတော်ပဲ အခု ခင်ဗျား အားလား"

"ရှင်"

"ကျွန်တော် ကျိုင်းတုံခရီးစဉ် သွားမဲ့အဖွဲ့မှာ ညွှန်ကြားနစ် ယောက် တစ်ယောက် နေမကောင်းဖြစ်နေလို့ဗျာ ခေမာများ အားမလား လို့ အကူအညီတောင်းတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ နောက်နှစ်ရက်အထိ အင်းလျားလိတ်က ညှော်သည် နှစ်ယောက်ကို ရန်ကုန်မြို့တွင်းခရီးစဉ် တာဝန်ယူထားရတယ် ကိုမင်းခ"

"အဲဒီနှစ်ရက်ပြီးရင်…"

"လောလောဆယ်တော့ မရှိသေးဘူး"

"ကျွန်တော်တို့က သုံးရက်လိုသေးတယ်၊ မိုတာပေါ့ ခေမာ ဘယ်လိုလဲ ကူညီမှာလား ကူညီပါဗျာ၊ ဒီမှာ ခရီးစဉ်အားလုံး သူ့ ညှော်ကြိုတွေနဲ့သူ ပြည့်နေပြီမို့ပါ ခေမာ နော်"

"ကျွန်မ စဉ်းစားပါရစေဦး"

"ခေမာ ကျွန်တော်တို့ ဒီတစ်ခေါက်ညှော်သည်တွေထဲမှာ ဟိုတယ်လုပ်ငန်း ကြီးကြပ်မှုအရာရှိတစ်ယောက် ပါလာတယ် အဲဒါ ကြောင့်ပါ"

"ဒါဆိုလည်း ကူညီမယ်လေ"

"ဟာဗျာ ကျေးဇူးတင်လိုက်တာ"

"ရပါတယ်ရှင်"

"ဒါနဲ့ ခေမာ ဒီနေ့ညနေ အားမလား"

"ရှင် ဟုတ်ကဲ့"

"ကျွန်တော်တို့ ရွှေအင်းယားမှာ တွေ့ရအောင် ညစာကျွေး ချင်လို့ပါ"

"အင်း ကျွန်မလည်း ကိုမင်းခအဖေ အခြေအနေ မေးမလို့"

"ဒါဆို ညနေမှာ တွေ့မယ်လေ"





"အိုကေ ဆီးယူ"

ခေမာ့ဆီက ဖုန်းချပြီးနောက် အလုပ်အတွက် စိတ်အေးသွားပြီမို့ သက်ပြင်းချတုန်းရှိသေး မိုးချိုဆီက ဖုန်းဝင်လာပြန်သည်။

"ကိုခ ဒီညနေမှာ ကိုလွင် FR.CS ရတဲ့အတွက် ဂုဏ်ပြုပွဲလုပ်မလို့တဲ့ အဲဒါ နင့်ကို ငါ ဝင်ခေါ်မယ်"

"မိုးချို ကျွန်တော် မအားဘူး"

"ဘာကိစ္စရှိလို့လဲ"

"ကျွန်တော် ညှော်သည်နဲ့ ချိန်းထားလို့"

"ဖျက်လိုက်"

"နိုင်ငံခြား ညှော်သည်ဗျ"

"ဟင်း…ကောင်းပြီလေ၊ ဒါဆိုလဲ ပြီးရော"

♦♦♦



www.burmeseclassic.com

www.burmeseclassic.com



။

နောက်ကျမှရောက်သာမိုးချိုသည် ကုလားထိုင်ကို အမြန်ဆွဲ ယူထိုင်လိုက်ပြီး ဟိုဟိုဒီဒီ မျက်စိကစားလိုက်လေသည်။ ဟိုးထောင့် ဘက် စားပွဲဝိုင်းမှာ မြင်နေရသောမြင်ကွင်းသည် မိုးချိုအတွက် ခါးသီး လှသည်။ မိုးချိုက ဖုန်းဆက်တုန်းကပြောသော နိုင်ငံခြားချေ့သည် ဆိုတာ ကိုခ လိမ်ပြောခဲ့တာပဲ။ ခုတော့ ခေမာနဲ့သူက ပျော်လို့ မိုးချိုနောက်ကွယ်မှာ ကိုခ ဖောက်ပြန်ခဲ့ပြီ။

"မိုးချို ဘာဖြစ်နေတာလဲ"

ကိုလွင်က လက်မောင်းကို အသာကိုင်လှုပ်ပြီး မိုးချိုကြည့် နေသော စားပွဲဝိုင်းကို လှမ်းကြည့်သည်။

"ဘယ်သူလဲ"

"This is my personal"

မိုးချိုက စိတ်မရှည်သလို ခပ်ဆတ်ဆတ် ပြောသောအခါ 'အိုကေ အိုကေ' ဟု ဘာမှ ဆက်မပြောဘဲ နေသည်။

ကိုလွင့် လုပ်ဖော်ကိုင်ဖက် ဆရာဝန်ကြီးများရဲ့ စကားသံများ ကြားမှာ မိုးချို အတူလိုက်နိုင်ဖို့ကြိုးစားရင်း ကိုခတို့စားပွဲကို ကျောပေး ထိုင်လိုက်သည်။





"ဒါ…ခွဲစိတ်အထူးကုပဲ ဦးစိုးညွန့်မောင်တဲ့ မိုးချို၊ ကိုညွန့် ဒါ မိုးချိုလေ…ကိုညွန့် သိပါတယ်"

နောက်ဆုံးမှ ရောက်လာသူတစ်ယောက်ကို မိတ်ဆက်ပေးပြီး နောက် မိုးချိုအနီးတွင် ထိုသူကဝင်ထိုင်သည်။

"ကိုယ်က ဇင်ဝေနဲ့ရော မိုးလွင်နဲ့ရော ခင်တယ်၊ ညီမရဲ့ ဩော် ဒါနဲ့ ဇင်ဝေနဲ့ညီမ တွေ့ဖြစ်သေးလား ကိုယ်က ညီမနဲ့တွေ့ချင် လို့ ဒီကို သက်သက်လာတာ"

မိုးချိုသည် ဒေါသကိုထိန်းနေရင်းမှ ဇင်ဝေဆိုသော နာမည် ကြားသောအခါ ထိတ်ခနဲရင်ခုန်သွားပြန်သည်။ ဘာများ ဖြစ်ပြန်ပြီလဲ မသိပါ။

"ဇင်ဝေက ကိုယ်တို့ဆရာ စိတ်ရောဂါအထူးကုတစ်ယောက် ရဲ့ ပေးရှင့်ဆိုပါတော့၊ တကယ်ဆို ကိုယ်တို့ဆရာဝန်တွေက လူနာ အတွင်းရေး စောင့်စည်းရတယ် ညီမ။ ဒါပေမဲ့ ညီမက မိုးလွင်ညီမ ဆိုတော့ ကိုယ့်ညီမလိုပဲ သဘောထားပြီး ဇင်ဝေ့အတွက် တိုင်ပင် တာပါ။ ရော့…ကိုယ့်လိပ်စာကတ်ဒ် ဒီထက်ပိုသိချင်ရင် ဖုန်းသာ ဆက်မေး ဟုတ်လား"

မိုးချိုကို ခပ်တိုးတိုးကပ်ပြောပြီးနောက် ကိုလွင်တို့နဲ့သူတို့ ခွဲစိတ်တဲ့အကြောင်းတွေပြောပြီး ရယ်နေကြတာမို့ စကားစပြတ်သွား သည်။

မိုးချို ဒီနေရာမှာ ဆက်ထိုင်နေလို့ အပိုပဲ။ ထို့ကြောင့် မိုးချို သည် ကိုလွင့်ကိုခွင့်တောင်းပြီး အိမ်ပြန်လာခဲ့တော့သည်။

♦♦♦



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲက လိပ်စာကတ်ဒ်ထက် အခု စိတ်ပိုဆိုးနေတာက ကိုခရဲ့လိမ်ညာမှုပင် ဖြစ်သည်။ မျက်နှာချင်းဆိုင် သွားတွေ့လျှင် မိုးချိုပဲ အလိုက်ကန်းဆိုးမသိရာ ကျဦးမည်။

"ကိုခ…နင် တော်တော် လည်ပါလား၊ မိန်းမနှစ်ယောက်ကို ဟိုချိန်းဒီချိန်းနဲ့ နင့်ကို ငါ ပညာပြန်ပေးဦးမယ်"

မှန်တင်ခုံစားပွဲရဲ့အံဆွဲကို ထုတ်လိုက်သည်။ အထဲမှာ… စာရွက်အစိမ်းရောင်လေးတွေချည်း…။ အားလုံးသည် ကိုခကို ဝယ်ပေးသောပစ္စည်းများ၊ စားသောက်ဆိုင် ကုန်ကျစရိတ်များကို နေ့စွဲ အချိန်နှင့် သေချာမှတ်ထားခြင်း ဖြစ်သည်။

ပထမဆုံး မိုးချိုသည် ဖုန်းနံပါတ်တစ်ခုကို လှည့်လိုက်သည်။

"ကျွန်မ အဲဒီဌာနက ကိုနိုင်ဦးနဲ့ တွေ့ချင်လို့ပါ…ရှင် ဟုတ်ကဲ့၊ ဒေါ်မိုးချိုလွင်လို့ ပြောပေးပါ ဟုတ်ကဲ့"

ခဏကြာတော့ ယောကျ်ားအသံ ခပ်အက်အက်ကို ကြားရသည်။





"ဟဲလို ကျွန်တော် နိုင်ဦးပါ"

"ဟုတ်ကဲ့ ကျွန်မ မိုးချိုပါ"

"ဘာများကိစ္စရှိလို့လဲ မသိဘူး ခင်ဗျာ"

"ပြောရမှာ အားနာလိုက်တာရှင်"

"ဗျာ"

"ဟိုလေ…ကိုမင်းခနဲ့ ကိုနိုင်ဦးက သူငယ်ချင်းတွေဆိုတော့လေ ကိုနိုင်ဦးကိုပဲတစ်ဆင့် ပြောသင့်တယ်ထင်လို့ပါ"

"ဟုတ်ကဲ့ ရပါတယ်ခင်ဗျ၊ မင်းခ ဘာဖြစ်လို့ပါလဲ ခင်ဗျာ"

"ဟုတ်ကဲ့ ကျွန်မ သူ့ဆီက အကြွေးရစရာရှိလို့ပါ…"

"ကျွန်တော်က အဲဒီအတွက်…"

"ကျွန်မကိုယ်တိုင် မတောင်းချင်တော့ ကိုနိုင်ဦးပဲ မသိလိုက်ဟသာ ပြောပေးပါလားရှင်၊ အားလုံးပေါင်း ရှစ်သိန်းနှစ်သောင်းငါးထောင့်ခြောက်ရာတိတိ ရှိပါတယ် ကိုနိုင်ဦး ကျွန်မလည်း သူ့ကို ခင်လို့ ယုံကြည်မိပါယ်"

"အားလုံးပေါင်း ရှစ်သိန်းကျော်ပေါ့နော်"

"ဟုတ်ကဲ့ အစွန်းထွက်ပေးနိုင်ရင်တော့ ပြဿနာမရှိပါဘူးလေ၊ ရှစ်သိန်း ပြန်ရရင်ပဲ ကျေနပ်ပါတယ်"

"ဟုတ်ကဲ့၊ ကျွန်တော် ပြောကြည့်ပါမယ်၊ ဒါပေမဲ့ အာမတော့မခံဘူး မမိုးချို၊ ကျွန်တော် ဖုန်းဆက်ပေးရုံတော့ အဆင်ပြေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်လိုက်တာရှင် ကျွန်မ နားကပ်လုပ်မယ်ဆိုပြီး ဖယ်ထားတဲ့ ပိုက်ဆံတွေလေ၊ သူ့အဖေ သိပ်နေမကောင်းဖြစ်တော့ သူ ငွေလိုမှန်းသိလို့ ကျွန်မ လက်လွှယ်မိတာပါ။ အခု တော်တော်ကြာနေလို့ပါ၊ ပြီးတော့ သူက မသိချင်ဟန်ဆောင်နေတော့ ကျွန်မ ပြောရခက်တာပေါ့နော…"

"ဪ"

"သူ့အတွက် ကျွန်မ အလုပ်ကောင်းကောင်းလဲ ရှာပေးထားတော့ ဒီအချိန်မှာ ပြန်ပေးသင့်တယ် ထင်တာပါပဲရှင်"

"ဒါပေါ့ ခင်ဗျာ"

"ဒါဆို ကျွန်မ ဖုန်းချလိုက်တော့မယ်နော်၊ ကူညီတဲ့အတွက် အရမ်းကို ကျေးဇူးတင်တာပါပဲရှင်"

မိုးချိုသည် ဖုန်းခွက်ကို ကိုင်ထားရင်း နီရဲနေမည့်ကိုခမျက်နှာကို စိတ်ထဲမှာ မြင်မိလေသည်။ ပြီးတော့ မိုးချိုကိုမမြင်ဘဲ မိုးချိုကသာ မြင်နေရသော ကိုခနဲ့ခေမာရဲ့ ပျော်ရွှင်ရယ်မောနေပုံကို မြင်ရပြန်သည်။

ထိုအခါ မိုးချိုသည် ကိုယ့်ကိုတစ်ပတ်ရိုက်သွားသော ယောက်ျားကို အထိရောက်ဆုံးနည်းဖြင့် အကွက်ကျကျ ထိုးနှက်တိုက်ခိုက်ရန် ထပ်မံဆုံးဖြတ်မိလေသည်။

"ငါ သံသယရှိတာကိုသိရက်နဲ့ ငါ့ကို ညာတယ်၊ အညာခံရတာထက် သိက္ခာကျတာပိုဆိုးတာ နင် သိစေရမယ် ကိုခ၊ ငါ





သိပ်ချစ်ရင် သိပ်မုန်းတတ်တယ်။ နင် ငါ့ကို ညာတယ်၊ သစ္စာမရှိဘူး။ အကယ်မကြိုက်ရင်လည်း အစကတည်းက ငါ့ကို ချစ်တယ်လို့ မပြောခဲ့ပါနဲ့လား၊ နင် လှမ်းခဲ့လို့ငါ လက်ကမ်းခဲ့တာပါ။ နင့်ကို အမြင့်ရောက်အောင် ဆွဲတင်ပေးမဲ့ငါ့လက်ကို နင် ပုတ်ထုတ်ရက်လိုက်တာကွယ်"

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



"ငါ မင်းကို ပြောစရာရှိလို့"

ထိုသို့ နိုင်ဦးက ပြောတုန်းက ကျွန်တော့်စိတ်ထဲ ဘာမှ ထူးထူးခြားခြားဟု မထင်ခဲ့ချေ။ သူ့မျက်နှာက ပြောရခက်နေပုံမြင်မှ စိတ်ထဲမှာ သံသယဝင်လာသည်။

"မင်း ဘာဖြစ်နေတာလဲ"

နိုင်ဦးက ခေါင်းတစ်ချက် ကုတ်လိုက်သည်။

"ငါ…မင်းခဲ၊ မင်း မိုးချိုကို အကြွေးပြန်ဆပ်လိုက်ကွာ"

"ဘာကွ"

ကျွန်တော် အရမ်း ဒေါသထွက်သွားလေသည်။ ပြောထွက်လိုက်တာ၊ အကြွေး ကျွန်တော် ဘယ်တုန်းကမှ မိုးချိုဆီက အကြွေး မယူဘူးခဲ့ချေ။ တစ်ခါမှကို မယူဘူးခဲ့။

"မင်း ဒေါသ မထွက်ပါနဲ့ကွာ"





"ဟ…မင်း ကြောင်နေပြီ နိုင်ဦး၊ ငါ့ကို လာပြောတဲ့ အကြွေးက လူမှားနေတာလား ငါ မိုးချိုဆီက အကြွေးတစ်ခါမှ မယူဖူးဘူး"

"မင်း ဒီလို ပြောမယ်လို့ ငါထင်တာပဲ၊ ဒါပေမဲ့ မိန်းမ တစ်ယောက်ဆီကတော့ မယူသင့်ဘူးကွ။ ပြန်ပေးလိုက်ပါ"

တစ်ခုခုတော့ မှားယွင်းနေခဲ့ပြီ။ ကျွန်တော့်ဒေါသကို လျှော့ချလိုက်သည်။ လေသံကို ခပ်အေးအေးထားသည်။ ပြီးတော့ ရေတစ်ချက် ကုန်အောင်သောက်သည်။

"ငါ သိပ်နားမလည်ဘူး နိုင်ဦး၊ ငါ မိုးချိုဆီမှာ ဘာအကြွေးမှ မရှိဘူး။ နေပါဦး မင်းက ဘယ်လိုလုပ် ဒါတွေလာပြောနေတာလဲ"

"ဒီလိုကွာ မိုးချို ငါ့ဆီ ဖုန်းဆက်တယ်"

"အင်း"

"မင်းဆီမှာ အကြွေး ရှစ်သိန်းကျော် ရစရာရှိတယ်လို့ ပြောတယ်"

"ရှစ်သိန်းကျော်"

ကျွန်တော့်ခေါင်းသည် နစ်ဆမျှကြီးသွားသလို ပူထူလာသည်။ ရှစ်သိန်းကျော်…ရှစ်သိန်းကျော်ဆိုတာ နည်းတဲ့ပိုက်ဆံမှ မဟုတ်တာ။ ကျွန်တော် သောင်းဂဏန်းမျှပင် မယူဘူးခဲ့။

"ဟုတ်တယ်၊ မင်းကိုသူ ပြောရခက်နေလို့ ငါ့ကို အကူအညီ တောင်းတာ…အဲဒါ ပြန်ပေးလိုက်ကွာ"

www.burmeseclassic.com



"နေပါဦး…ငါ သူ့ဆီက အကြွေးယူမယ်လို့ မင်းရော ဆင်လား နိုင်ဦး"

"ဒါကတော့ ငါ မသိဘူးလေကွာ၊ သူပြောတော့ ငါ လက်ခံရတာပေါ့"

"မင်း ယုံလား"

"မဟုတ်ဘဲနဲ့ မိုးချိုက ပြောမလား မင်းခ"

"မိုးချိုနဲ့ငါ့မှာ ငါ့ကို မင်း မယုံဘူးပေါ့"

"ခက်တာပဲ"

"အေးလေကွာ"

"ငါ့နေရာကနေ စဉ်းစားဦးကွာ၊ သူ တကူးတက ဖုန်းဆက် ပြောတာ…ငါ့ကို သူ နောက်မလား"

"မင်း ယုံယုံ မယုံယုံ အမှန်အတိုင်းပြောတာပဲ၊ ငါ တကယ် သူ့ဆီက ဘာမှမယူဘူး"

"ဟင်…မင်းကို ဒီအလုပ်ရအောင် သူပဲ ရှာပေးခဲ့တာလေ မင်းခ"

ထိုစကားမှာ ကျွန်တော် နာကျင်သွားရသည်။ ကျွန်တော့် အပေါ်မှာ မိုးချိုအရိပ်က အများကြီးလွှမ်းမိုးနေခဲ့ပြီ။ ပတ်ဝန်းကျင်က ကျွန်တော့်အပေါ်မှာ မိုးချိုရဲ့အရှုပ်လို့ သတ်မှတ်ထားခြင်း ခံနေရပြီ။

"နိုင်ဦး…မင်းပါမယုံရင် ငါ ဘယ်လို ရှင်းပြရမလဲ"

"မသိဘူးကွာ…ငါ တကယ် မယူဘူး"





ထိုပြဿနာကိုသိရန် မိုးချိုထံ ကျွန်တော် ဖုန်းဆက်သည်။ လုံးဝ ဖုန်းမကိုင်ချေ။ လူကိုယ်တိုင် သွားတွေ့တော့လဲ ဟိုတယ်မှာ မရှိ။ အိမ်မှာလဲ သော့ခတ်ထားသည်။

ပိုဆိုးတာက ကျွန်တော့်ဆီ ဟိုတယ်မှာလုပ်တုန်းက ခင်ခဲ့ သည့်သူငယ်ချင်းများက ဖုန်းတဂွမ်ဂွမ်ဆက်ကာ မိုးချိုရဲ့အကြွေးကို ဆပ်ရန် ပြောကြခြင်းပင် ဖြစ်သည်။ ကျွန်တော် ဒေါသသိပ်ထွက်နေ ခဲ့ပြီ။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ဖေကြီးအခြေအနေက တော်တော်ဆိုးနေပြီမို့ ဆေးရုံ ထပ်တင်လိုက်ရသည်။ ဆရာဝန်တွေက လက်လျှော့လိုက်ပြီမို့ ကျွန်တော့်မှာ မျက်ရည်လည်ရွဲဖြစ်နေသော မေကြီးအား နှစ်သိမ့်ပေး ရသည်။

"ပိုက်ဆံက သိပ်မကျန်တော့ဘူး သား၊ ဒီနှစ်ကွင်းပဲ သွား ရောင်းလိုက်တော့"

ကျွန်တော့်လက်ထဲမှာ ဖေကြီးရဲ့နောက်ဆုံးခရီးအတွက် ဆေးကုရန်ပိုက်ဆံအပြင် အပိုလုံးဝမရှိပေ။ ထို့ပြင် မိုးချိုအကြွေးဆိုတာ ဘာမှန်းမသိဘဲ ပေါ်လာပြန်တော့ စိတ်ဆင်းရဲရပြန်သည်။ မေကြီးသိလို့ မဖြစ်ချေ။

ဖေကြီးရဲ့ နောက်ဆုံးနေ့ရက်များသည် တိတ်ဆိတ်လှသည်။ ဆေးရုံပြတင်းပေါက်ကနေ အပြင်ကို လှမ်းကြည့်နေသော ဖေကြီး မျက်ဝန်းများသည် အဓိပ္ပါယ်မဲ့လှသည်။

"ငါ မသေချင်သေးဘူးကွာ"





ကျွန်တော် ဖေကြီးလက်ကိုဆုပ်ကိုင်ပြီး အားပေးရန် စကား လုံး ရှာမရချေ။ ကျွန်တော် ဘာပြောရမည်နည်း။

"ငါ့အသက် ငါးဆယ်ဆိုတာ သေဖို့သင့်ပြီလား"

"..."

"သား...ဖေကြီး သေသင့်ပြီလား"

ကျွန်တော့်လက်ခုံပေါ် မျက်ရည်တစ်ပေါက် ကျသည်။ မတတ်နိုင်။ ဟန်မဆောင်နိုင်တော့ ဖေကြီးခုတင်နားမှာ ဒူးထောက် ထိုင်ချလိုက်ပြီး ဖေကြီးလက်တစ်ဖက်ပေါ် ခေါင်းတင်ကာ ကျွန်တော် ရှိုက်ကြီးတငင် ငိုမိတော့သည်။

ဖေကြီးက သူ့ရဲ့ကျန်လက်တစ်ဖက်ဖြင့် ကျွန်တော့်ခေါင်းကို ပွတ်သပ်သည်။

"မငိုပါနဲ့ သားရာ"

"..."

ကျွန်တော်သည် တစ်ဦးတည်းသောသား ဖြစ်သည်။ ကျွန်တော့်ဘဝမှာ မေကြီးနဲ့ဖေကြီးမှလွဲ၍ ဘယ်သူမှ အပြည့်အဝ မကောင်းနိုင်ပေ။

"ကျွန်တော် ဘာလုပ်ရမလဲ ဖေကြီး"

"မင်း ယောက်ျားပဲ"

"..."

"မင်းတောင် ဒီလိုပျော့ညံ့နေရင် မင်းအမေကို ငါမရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်မှာ ဘယ်သူစောင့်ရှောက်မှာလဲ မင်းခ၊ မင်း ခုမှ အသက် ငယ်ငယ်လေး ရှိသေးတယ် ငါ့သား၊ ရှေ့လျှောက် ဒီထက်ဆိုးတာတွေ မင်း ကြုံရမှာပဲ။ ဒီလောက်တောင် ခံနိုင်ရည်မရှိရင် မင်း ဘယ်လို ရှေ့ဆက်မလဲ ဖေကြီးက ငါ့သားကို သိပ်အားကိုးတာ"

"ကျွန်တော်...ကျွန်တော် ငိုပါရစေ ဖေကြီးရယ်"

"မငိုနဲ့"

ထိုအသံသည် ကျွန်တော့်နောက်မှ ထွက်ပေါ်လာသောအသံ ဖြစ်သည်။

◆◆◆





"ကျွန်မ ကိုမင်းခကို စိတ်ဓာတ်ကြံ့ခိုင်မယ်လို့ မျှော်လင့်ထား ခဲ့တာ..."

ခေမာက ဆေးရုံကင်တင်းမှ အပြင်ဘက်သို့ ခပ်ငေးငေး ကြည့်ရင်း ဆိုသည်။

"ကျွန်မတို့လူတွေမှာ တွန်းလှန်လို့မရတဲ့အရာဆိုလို့ ဒီ သေခြင်းတရား တစ်ခုပဲရှိတာ ကိုမင်းခ၊ အဲဒီတစ်ခုသာ မရှိခဲ့ရင် လူတွေ ဘယ်လိုမွေးဖွားလာကြမလဲ သေခြင်းတရားရှိနေလို့ မွေးဖွား ခြင်းဆိုတာ ရှိနေတာပါ။ ခုချိန်မှာ ရှင့်အဖေဟာ သေသွားတာမဟုတ်ဘဲ လောကသစ်တစ်ခုကို သွားရတော့မယ်၊ အဲဒီမှာ သူ့အတွက် ပျော်ရွှင်မှုတွေပဲ ရှိမယ်၊ ဒီလိုရောဂါဆိုး မရှိဘူး၊ ဒီဘဝထက် သာလွန်ကောင်းမွန်တဲ့ ဘဝမျိုးရမှာပဲလို့ ရှင် တွေးပြီး တာဝန်ကျေသင့်တယ်။ ရှင်



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုငိုနေတော့ သူ ဘယ်စိတ်ကောင်းမလဲ၊ ရှင့်အမေကလည်း ရှင့်ကို အားကိုးပြီး နေသွားရမယ်။ ရှင်တောင်မှ စိတ်ခတ်ကျနေရင် ရှင့်အမေက ဘယ်လိုနေရမှာလဲ…သူနဲ့ နှစ်အကြာကြီး ပေါင်းသင်းလာခဲ့တဲ့ လူတစ်ယောက် သူ့အရင် လောကထဲက စွန့်ခွာရတော့မယ်…ဇနီးမယားတစ်ယောက်အနေနဲ့ သူ ဘယ်လောက် ခံစားရမယ် ထင်လဲ ကိုမင်းခ"

"ခေမာ ဒါတွေ တွေးတတ်တယ်နော်"

"ကျွန်မက မိန်းကလေး ကိုမင်းခ၊ ပြီးတော့ ကျွန်မ ကိုယ်တိုင် ခံစားရတာမှ မဟုတ်တာ။ အဟင်း…ကျွန်မသာ ရှင့်နေရာမှာဆိုရင် ရှင့်ထက် ပြိုလဲမှာသေချာပါတယ်။ သူများကို အကြံပေးရတဲ့အလုပ်က အလွယ်ဆုံးပဲလေ ကိုမင်းခရဲ့ အထူးသဖြင့် အားငယ်နေတဲ့လူတွေကို ဖေးမတဲ့အခါမှာပေါ့"

"ကျွန်တော် အရမ်းကျေးဇူးတင်ပါတယ်"

"မလိုပါဘူးရှင်…ဒါ မိတ်ဆွေတွေရဲ့ တာဝန်ပါပဲ"

ကျွန်တော်တို့နှစ်ဦး ခဏမျှတိတ်ဆိတ်သွားပြီး ကင်တင်းမှာ လက်ဖက်ရည်မှာသံ၊ ထမင်းမှာသံတွေသာ ကြီးစိုးနေလေသည်။ ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်ပြီးနောက် ခေမာက…

"ကျွန်မလည်း ညီ့သည်တွေနဲ့ သွားစရာရှိသေးတယ်၊ သြော်…ကျွန်မ အခု နိုင်ငံခြားသွားဖို့ အလုပ်ရှုပ်နေတာ"

"ဗျာ"





"ဟုတ်တယ်၊ ဒီနေ့မနက်ပဲ ကျွန်မကို အလုပ်ခန့်စာ ဂျာမနီက ရောက်လာတယ်လေ ဂျာမနီက သတင်းဌာနတစ်ခုမှာလေ။ ကျွန်မ မိဘတွေတောင် မသိကြသေးဘူး"

ကျွန်တော့်ရင်ထဲမှာ ဟာခနဲ ဖြစ်သွားသည်။

"တကယ် သွားတော့မှာပေါ့လေ"

"အင်း…ကျွန်မ ကိုမင်းခကို မှာချင်တာလေးရှိလို့"

"ဟုတ်ကဲ့"

"မမနဲ့ပတ်သက်ရင် ကိုမင်းခ မာနကို လုံးဝထည့်မစဉ်းစားပါနဲ့ရှင်၊ ကျွန်မ အဲဒါကို စိတ်ပူလို့ပါ ပြီးတော့ ကိုမင်းခကို သူ တကယ် နှစ်သက်မယ်လို့လည်း မျှော်လင့်ပါတယ်"

ကျွန်တော် ဘာမှ ပြန်မပြောနိုင်ပါ။ ပြဿနာတွေ ရှိနေတာ ခေမာ သိပုံမရ။ မသိတာပဲ ကောင်းပါသည်။

"ကဲ…လာတာလဲ ကြာသွားပြီ ပြန်လိုက်ဦးမယ်"

"ဟုတ်ကဲ့"

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အလုပ်ရှင်က ကျွန်တော့်ရုံးခန်းထဲမှာ အရင်ရောက်နေသဖြင့်...

"ကျွန်တော့်ကို ကြိုအကြောင်းကြားထားပါလား ခင်ဗျာ၊ စောင့်နေရသလို ဖြစ်နေပြီ။ အားနာလိုက်တာ"

ဟု တောင်းပန်ရသည်။

"ရတယ်...ကိုယ် ကိစ္စတစ်ခု လာပြောတာ၊ ကိုယ့်ဆီ မင်းနဲ့ပတ်သက်တဲ့ အမျိုးသမီးတစ်ယောက် ဖုန်းဆက်တယ်"

"ဟုတ်ကဲ့"

"မင်းခ...ယောက်ျားကောင်းတစ်ယောက်ဟာ အမျိုးသမီးဆီက ငွေချေးပြီး ပြန်မဆပ်တာမျိုး မလုပ်သင့်ဘူး"

♦♦♦





ကျွန်တော့်တစ်ကိုယ်လုံး ဒေါသဖြင့် စပ်ဖျဉ်းဖျဉ်း ဖြစ်နေသည်။ ရုံးမှာ ဟိုလူက ကွက်ကြည့်ကွက်ကြည့်နဲ့ ကျွန်တော့်အကြောင်း ပြောနေမှန်း သိသာသည်။ ပြီးတော့

"မင်းခလား...မိုးချိုအကြွေး ဆပ်ပြီးပြီလား"

ဟု ဟိုတယ်က သူငယ်ချင်းတွေက နေ့တိုင်းဖုန်းဆက်သည်။ နိုင်ဦးကတော့...

"အလုပ်ထဲမှာ သတင်းကိုကြီးနေတာပဲ၊ မင်းကို ဘယ်သူမှ အထင်မကြီးတော့ဘူး။ မိုးချိုဆီက တကယ်မယူထားလဲ သူနဲ့တွေ့ပြီး ရှင်းလိုက်ပါ"

"ငါ တွေ့ဖို့ကြိုးစားတယ်၊ လုံးဝမတွေ့ဘူး"

"အိမ်မှာရော"

"မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး…ငါ စုံစမ်းပေးမယ်"

"ကူညီပါကွာ၊ ငါ့အဖေကလဲ အသဲအသန်ဖြစ်နေတာ"

"ငါ သိပါတယ်ကွာ"

နိုင်ဦး စုံစမ်းပေးမှ မိုးချို မြစ်ကြီးနားမှ ဟိုတယ်ခွဲတစ်ခု ဆောက်မည့်အစီအစဉ် ရေးဆွဲရန်အဖွဲ့တွင်ပါဝင်ကြောင်း၊ ပြီးတော့ အဲဒီဟိုတယ်ခွဲကို မိုးချိုအဖေက ရှယ်ယာတစ်ဝက်ထည့်ထားကြောင်း လောလောဆယ် ဟိုတယ်တွင် မိုးချိုမရှိကြောင်း ကျွန်တော် သိရသည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ မိုးချိုရဲ့ဒဏ်ကို မရှုမလ ခံနေရပြီဖြစ်ကြောင်း နောက်နှစ်ရက်မှာ သိခဲ့သည်။

ကျွန်တော်တို့ကုမ္ပဏီတွင် မိုးချိုအဖေရဲ့ရှယ်ယာတွေ ပါဝင်နေသဖြင့် မိုးချိုကကန့်ကွက်မှုကြောင့် ကျွန်တော့်ကို သူဌေးက အလုပ် ထုတ်ပစ်လိုက်သည်။ ထိုသတင်းကြောင့် ကျွန်တော့်မှာ မျက်နှာထား စရာနေရာပင် မရှိတော့။

လူတွေရဲ့ပါးစပ်ပေါက်က သိတဲ့အတိုင်းပဲ။ ကျွန်တော်သည် ရုပ်ပြကာ ချူစားသူအဖြစ် သတင်းဆိုးထွက်နေလေသည်။ ကျွန်တော့် ကို နားလည်ပေးသူ မရှိ။ လူအားလုံးသည် မိုးချိုဘက်မှာပင် ရပ်တည် ကြသည်။ နိုင်ဦးကလည်း မယုံတစ်ဝက် ယုံတစ်ဝက်။

"မင်းကို အလဲထိုးပစ်လိုက်တာပဲကွ၊ မိုးချိုအရှိန်က မသေး ဘူးဆိုတော့ လူတွေအားလုံးက သူ့ဘက်ကပဲယုံကြမှာ မင်းခ၊ မင်း အခု ဘာဆက်လုပ်မလဲ"





"ငါ ဘာလုပ်နိုင်မှာလဲ သူက မြစ်ကြီးနားမှာ သူ့နောက်ကို လိုက်သွားရင် ငါ့အဖေအသက် ငါ ဘယ်မှီမလဲ။ သူနဲ့ငါ စာရင်းရှင်း မှာပါ၊ ဒီငွေရှစ်သိန်းကိစ္စပေါ်လာတာ ငါ အရမ်းအံ့သြတယ်။ ထင်ကို မထင်ထားဘူး မိုးချိုဟာ သိပ်ကြောက်ဖို့ကောင်းတဲ့ မိန်းမ"

"အင်း…ဘာပြောရမှန်းတောင် မသိတော့ပါဘူးကွာ၊ အဲဒီ ငွေရှစ်သိန်းက ဟုတ်ဟုတ် မဟုတ်ဟုတ် နာမည်ထွက်နေတာ။ ခုနေ မင်း ကုမ္ပဏီတစ်ခု ထပ်လျှောက်လည်း မလွယ်ဘူး"

"ငါ့အဖေက ဆေးရုံခုတင်ပေါ်မှာ သေမဲ့ရက်စောင့်နေတာ၊ ငါ့အမေက မျက်ရည်လည်ရွဲနဲ့၊ ဒီအချိန်မှာ ငါက နာမည်ဆိုးနဲ့ အလုပ် ထုတ်ခံရတယ်၊ ငါ့မိဘတွေကို ဘယ်လိုပြောရမှန်းတောင် မသိတော့ ဘူး"

"အကောင်းဆုံးက လက်ရှိ မင်းအဖေအတွက်ပဲ စဉ်းစားပါ သူငယ်ချင်း"

"အေး…ငါ့အဖေအတွက်ပဲ ငါ စဉ်းစားမှာပါ"

"မင်းကိုယ်မင်း မှန်တယ်ထင်ရင် မိုးချိုနဲ့သွားတွေ့လိုက်၊ ပြေလည်သွားပါလိမ့်မယ်"

"ငါ သူ့ကို လုံးဝ မေ့လိုက်တော့မယ်"

"ငါ့ကို ဒီလောက် ရက်စက်တဲ့မိန်းမမျိုးကို ငါ လက်တွဲ နေရင် ငါ အရူးပဲ။ လူတွေ ငါ့ကိုကြည့်တဲ့အကြည့်ကို ငါ ကောင်း ကောင်း သဘောပေါက်တယ်။ သိုက်သမားဆိုတဲ့အကြည့်မျိုး ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကြတာ ဘယ်လောက် ခါးသီးဖို့ကောင်းသလဲ။ ပြီးတော့ ငါပဲ လိမ့်ခံနေရတယ်၊ တစ်ဖက်လူက ရှောင်နေတယ်"

"အကုသိုလ်ဆိုတာ အတွဲလိုက်ပါလာတတ်တာကိုးကွ"

ထိုစကားကို ကျွန်တော် ယုံသွားပါသည်။ ကျွန်တော့်အဖြစ်က ဝဋ္ဋ ဘယ်လောက် ဆန်းသလဲ။ အဖေက အသဲအသန်၊ ကိုယ်ကတော့ ဘာမှန်းမသိဘဲ နာမည်လည်းပျက်၊ အလုပ်လည်း အထုတ်ခံရ။ ဒီသတင်းကို မေကြီးသိလို့ကတော့ ချက်ချင်း အသက်ထွက်မှာပဲ။

◆◆◆





မသိစေချင်သော်လည်း ဘယ်သူ့လက်ချက်လဲ မသိ။ မိုးချိုငွေကိစ္စကို မေကြီး သိသွားလေသည်။ ကျွန်တော့်ကို ဖက်ငိုသည်။

"သားရယ် ပေးလိုက်ပါ သူ့ပိုက်ဆံကို..."

ဘယ်လောက်ထိ ကျွန်တော် ရင်နာရသည်လဲ။

"မေကြီး ယုံလား ဟင်...သား သူ့ပိုက်ဆံယူတယ်ဆိုတာ ယုံသလားလို့...သား ဒီနေ့ဒီအချိန်အထိ သူ့အကူအညီလက်ခံခဲ့တာ အလုပ်တစ်ခုပဲ ရှိတယ်။ အဲဒီအလုပ်တောင် အခု ပြုတ်သွားပြီ အခု မေကြီးကပါ ဒီကိစ္စကိုယုံတယ်"

"နင့်ကို အဲဒီမိန်းမနဲ့ မပတ်သက်ပါနဲ့လို့ ငါ ပြောသားပဲ"

"ခက်တယ်ဗျာ၊ သား မယူဘူးဆိုတာ မေကြီး မယုံဘူးလား"

www.burmeseclassic.com



ကျွန်တော့်အမှန်တရားကို ဘယ်သူ သိမှာပါလိမ့်။ မြတ်စွာဘုရား ဒီအခြေအနေတွေ ဘာကြောင့် ဖြစ်လာတာပါလိမ့်။

ကျွန်တော့်မှာ ထွက်ပေါက်မရှိသလို ခံစားရသည်။ ခဏ မေးခနဲပျော်သွားရင်တောင် ငွေရှစ်သိန်းဆိုသောစကားကြောင့် လန့်နိုးလေသည်။ ဖေကြီးအခြေအနေက တစ်နေ့ထက်တစ်နေ့ နိမ့်လာပြီ။ ကျွန်တော့်ခါးမှာ ဖုန်းမရှိတော့သောအခါ ရပ်ကွက်ထဲက လူတွေက စူးစမ်းသည်။ ကားနဲ့မသွားနိုင်ဘဲ ခြေလျှင်လျှောက်တာမြင်တော့ ပိုဆိုးသည်။

ဘယ်သူက ဖွလိုက်သလဲ မသိပါ။ ကျွန်တော့်သတင်းသည် သိပ်မကြာခင် ရပ်ကွက်ထဲမှာပါ ပြန့်လေသည်။ မေကြီးကလည်း စိတ်ဆိုးပြီး စကားမပြောချေ။ ခုနေ မိုးချိုသာရှိနေရင်…ကျွန်တော်လည်ပင်းညှစ်မိမှာပဲ ထင်သည်။

◆◆◆





"ခေမာ သိတယ် ကြားတယ်၊ ကိုမင်းခကို ယုံတယ်လေ။ အဲဒါ သေချာအောင် လာမေးတာ"

"ကျွန်တော် ဘာပြောရမှာလဲ ခေမာ၊ ကျွန်တော့်ကို သူ ဒီလို လုပ်ရလောက်အောင် သူ့ကို ကျွန်တော် နစ်နာအောင် ဘာတစ်ခုမှ မလုပ်ခဲ့ဘူး အခုဗျာ…"

"ကျွန်မ မိုးချိုကို ဆက်သွယ်ကြည့်မယ်"

"ရတယ်၊ ကျွန်တော့်ကိစ္စ ကျွန်တော့်ဖာသာ ရှင်းမယ်"

"မဟုတ်တာ၊ ကျွန်မ တာဝန်ထားပါ။ ကိုမင်းခအဖေက ဒီလောက်ဖြစ်နေတာ"

ကျွန်တော် ခေမာ့ကို ကျေးဇူးတင်စွာဖြင့် ကြည့်မိသည်။ ကျွန်တော် ဘာကြောင့် မိုးချိုကို ရွေးမိခဲ့ပါလိမ့်။ ကျွန်တော် ခေမာ့ကိုသာ ရွေးမိခဲ့ရင် ဒီလိုတွေဖြစ်မှာ မဟုတ်။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



ခေမာ့အတွက် မမကိုရင်ဆိုင်ရခြင်းသည် ဒီတစ်ခါမှာတော့ ပြတ်သားနေလေသည်။ မမက ခေမာပြောသမျှ နားထောင်နေကာ ပြုံးသည်။

"ခေမာ ငယ်သေးတယ်"

"ဟုတ်တယ်၊ အဲဒါကြောင့် မမကို နားမလည်တာပဲ"

"ခေမာ လူတစ်ယောက်ကို မမ စီးပွားရေးနဲ့ မတွက်ဘဲ အချစ်တစ်ခုတည်းနဲ့ လက်ထပ်ခဲ့ဖူးတယ်"

"ကျွန်မ သိပါတယ်"

"မမ အဲဒီလူဆီက ဘာပြန်ရခဲ့လဲဆိုတာ ခေမာ သိလား"

"..."

ခေမာ ဆွံ့အသွားလေသည်။

"အဲဒီလူဆီက မမပေးသလောက် ယုံကြည်မှုတွေ၊ လေးစားမှုတွေအစား သစ္စာမဲ့တာတွေပဲ ရခဲ့တယ်။ လက်ထပ်ပြီးစ မိန်းမတော်





ယောက်ဟာ သူ့ခင်ပွန်း ခြေရှုပ်တာကို ဘယ်လိုခံစားချက်မျိုးနဲ့ ခွင့်လွှတ်ရမလဲ ခေမာ"

"အဲဒါက ကိုဝေနဲ့ ပတ်သက်တာလေ"

"ဟုတ်တယ်လေ အဲဒီလို အတွေ့အကြုံရှိတဲ့မမဟာ နောက်ထပ် လူတစ်ယောက်ကို အရင်လူလိုပဲ ယုံကြည်မှုတွေ၊ လေးစားမှုတွေ တနင့်တပိုးကြီး ထပ်ပေးမယ်လို့ ခေမာ ထင်နေလား"

"ရှင်"

"မမဟာ စီးပွားရေး သိပ်ဆန်တယ်၊ ကိုခနဲ့ ပတ်သက်ပြီး ရှင်းရှင်းပြောရင် မမ ရင်းနှီးမြှုပ်နှံထားတာပဲ။ လူတစ်ယောက်ဟာ သူ့ဘဝကိုမြင့်အောင်လုပ်ပေးတဲ့ မိန်းမမျိုးကို သစ္စာမဲ့မယ်၊ ကလိမ်ကျမယ်လို့ တို့ မထင်ထားဘူး။ ဒါပေမဲ့ တို့ ပြင်ဆင်ထားခဲ့တယ်"

"အဲဒါ မရက်စက်လွန်းဘူးလား"

"မင်းကို ပြောပြမယ်လေ၊ မင်းက မင်းချစ်သူနဲ့တွေ့ဖို့ နေရာတစ်ခုကို ချိန်းတယ်၊ အဲဒီနေရာကို မင်းမဟုတ်တဲ့ တစ်ခြားတစ်ယောက်နဲ့သွားဖို့ မင်းကိုအကြောင်းပြပြီး ငြင်းမယ်၊ ဒါကို မျက်ဝါးထင်ထင်တွေ့ရင် မင်း ဘယ်လိုနေမလဲ"

"အဲဒါ အထင်လွဲတာလဲ ဖြစ်နိုင်တာပဲ"

"တော်စမ်းပါ ခေမာ၊ မင်းလဲ မင်းအစ်ကိုလိုပဲ။ ကိုဝေက တို့ဘဝကို ဒဏ်ရာရအောင်လုပ်တယ်၊ မင်းက တို့ရဲ့ဘဝသင်္ဘောကို ဖျက်ဆီးဖို့ ကိုခနဲ့ပတ်သက်တယ်။ တို့ ဘယ်လိုခွင့်လွှတ်ရမလဲပဟင်။



www.burmeseclassic.com

www.burmeseclassic.com



တို့ အထင်လွဲတာ ဖြစ်ကောင်းဖြစ်မယ်၊ ဒါပေမဲ့ တို့ကို လိမ်တာ သိပ်မုန်းတယ် သိလား တို့ကို လိမ်တဲ့လူကို တို့ အမြဲနာကျင်အောင် လုပ်မှာပဲ"

"ခေမာနဲ့ ကိုမင်းခကို မမ အထင်လွဲနေတာ"

"တို့ ပြောပြီးပြီလေ တို့ အထင်လွဲတာ ဖြစ်ရင်တောင်မှ တို့ကို လိမ်တဲ့အတွက် ခွင့်မလွှတ်ဘူးလို့"

"ဒါဆို ငွေရှစ်သိန်းကိစ္စက..."

"ဟုတ်တယ်၊ တို့နဲ့သူ နှစ်နှစ်အတွင်း သွားခဲ့လာခဲ့စားခဲ့တာတွေထဲက တစ်ဝက်ရယ်၊ သူ့ကို လက်ဆောင်ပေးခဲ့တဲ့ တန်ဖိုးတွေ ပေါင်းထားတာပဲ။ တို့ဆီမှာ ဘောင်ချာတွေ ရှိတယ်"

"ဘုရား...ဘုရား၊ မမ စိတ်မှမှန်သေးရဲ့လားဟင်။ ဘယ်မိန်းမကမှ ကိုယ့်ရည်းစားအတွက် ကုန်ကျစားရိတ်ကို အကြွေးပြန်တောင်းမှာ မဟုတ်ဘူး၊ ဒါ အကြွေးမှ မဟုတ်ဘဲ"

"အကြွေးပဲပေါ့၊ တို့ သူ့အပေါ်မှာ ပုံထားခဲ့တာ ဒီငွေရှစ်သိန်း မဟုတ်ဘူး။ ယုံကြည်မှုတွေပဲ တို့သစ္စာရှိသလို သူလဲ သစ္စာရှိမယ်လို့ တို့ မျှော်လင့်ထားခဲ့တာ။ ဒီမယ် ခေမာ ငွေဟာ တို့အတွက် အဓိက မဟုတ်ဘူး၊ တို့အတွက် အဓိကက သစ္စာတရားပဲ"

"မမ မှားတော့မှာပဲ၊ မမအတွက် သစ္စာတရားက အရေးကြီးသလို ကိုမင်းခအတွက် ယောကျ်ားဂုဏ်သိက္ခာ ဘယ်လောက်အရေးကြီးမယ် ထင်သလဲဟင်။ ပြီးတော့ ဒီလိုလုပ်တဲ့အတွက် မမ





နောက်ဆက်တွဲ ဘာဖြစ်နိုင်လဲ ကိုမင်းခက မမကို သိပ်ချစ်သွားမှာ"

"တို့ကို သူ အစကတည်းက မချစ်ဘဲ"

"..."

"တို့ အဲဒါ ကောင်းကောင်း သိတယ်၊ သူချစ်တာ ဘယ်သူလဲလို့ ပြောပြရဦးမလား"

"မမ"

"ခေမာ သိပါတယ်၊ ဒီဇာတ်ကို ဒီတိုင်းဆက်ကရင် ဘာဖြစ်မလဲ တို့ အရှုံးနဲ့လမ်းမခွဲဘူး ခေမာ။ တို့ကို သစ္စာမဲ့ပြီး သူ မင်းနဲ့တွဲတာကို တို့ ထိုင်စောင့်မကြည့်နိုင်ဘူး"

"မမ အထင်လွဲနေတာလို့ ပြောနေတယ်"

"မဟုတ်ဘူး၊ တို့ သိနေတယ်။ တို့စိတ်ထဲက သိနေတယ်၊ ကိုခ တို့ကို ဖွင့်ပြောတဲ့နေ့မှာပဲ တို့ သိတယ်။ သူ တို့ကို သနားတာ၊ တို့ကို သနားတာပဲရှိတယ် သိရဲ့လား"

"ဒါဆို မမကရော...မမကရော သူ့ကို တကယ်ချစ်လို့လား"

မိုးချို ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားသည်။

စားပွဲကို လက်နဲ့လှမ်းအထောက်မှာ စားပွဲတင်ပန်းအိုးသည် ခုံစွန်းမှ ပြုတ်ကျကွဲသွားသည်။ ခေမာ့အသံတွေက မိုးချိုနားထဲကို ဒူးဒူးရှရှ ဝင်လာသည်။

"မမက ရင်းနှီးမြှုပ်နှံတာလို့ ပြောခဲ့တယ်၊ လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဘဝကို မြှင့်တင်ပေးပြီး အဲဒီလူနဲ့ လက်ထပ်ဖို့ထိ ဆုံးဖြတ်ရဲတဲ့သတ္တိဟာ မိုက်ရူးရဲဆန်တာပဲ။ ဘာလို့လဲဆိုတော့ မမမှ သူ့ကို မချစ်တာ၊ မမ ခုချိန်ထိ ကိုဇော့ကို…"

"တော်တော့…"

"မတော်နိုင်ဘူး၊ ကိုမင်းခရဲ့စိတ်ကို ပျက်အောင်လုပ်တာ မမကိုယ်တိုင်ပဲ သိလား။ ခေမာလေ မမကို သိပ်အားကျခဲ့တယ်။ မမ အသက်နှစ်ဆယ်ကျော်မှာ Language လေးခု တတ်တယ်။ အခု ခေမာ နှစ်ခုပဲတတ်တယ်။ မမကို နေရာတကာ အားကျခဲ့တာ ဒီတစ်ချက်နဲ့တင် သိပ်အံ့သြသွားပြီ။ အချစ်ဆိုတာ တိရစ္ဆာန်တစ်ကောင် မဟုတ်ဘူး မမ။ ဒါကြောင့် မွေးမြူလို့မရဘူး၊ သတ်လို့မရဘူး၊ လိုးဖြတ်ပြီး ရောင်းစားလို့မရဘူး။ ပြီးတော့ ယောက်ျားတစ်ယောက်ဟာ လူတစ်ယောက်ပဲ သူ့ဘဝကို ငွေနဲ့ဝယ်လို့ ရချင်ရမယ်။ သူ့ဂုဏ်သိက္ခာကို ငွေနဲ့ဖျက်ဆီးလို့ မရဘူး"

ခေမာ့စကားများသည် သံစူးသကဲ့သို့ နာကျင်လှသည်။ မိုးချို ကိုကြည့်သောမျက်ဝန်းများသည် မုန်းတီးမှုဖြင့် တောက်လက်နေကြသည်။

"အခု မမလုပ်လိုက်တာ လူတစ်ယောက်ရဲ့ဂုဏ်သိက္ခာကို အပိုင်းပိုင်း လုပ်ပစ်လိုက်တာ။ ဒီဟိုတယ်လုပ်ငန်းထဲမှာ ကိုမင်းခ ဘယ်လိုနာမည်နဲ့ ပြန်ဝင်လာမလဲ ဟင်၊ မမ သူ့ဘက်ကို ဘာငဲ့လဲ။ သူ ဘာတွေဖြစ်နေလဲ မမသိအောင် မကြိုးစားဘူး။ သူ့ကို နင်းခြေဖို့





အနိုင်ယူဖို့ပဲ သိတယ်။ မမဟာ ဘယ်တော့မှ အချစ်စစ်နဲ့ မတွေ့ဘူး"

"တော်တော့ တော်စမ်း၊ Get Out"

"ဘာလို့လဲဆိုတော့ ကိုယ့်ကိုပဲ ခစားစေချင်တယ်၊ ကိုယ်က ဒူးမထောက်ချင်ဘူး။ လောကဆိုတာ ပေးတာနဲ့ယူတာ ညီမျှမှ အဓိပ္ပါယ်ရှိတာပါ မမရာ"

ခေမာ မိုးချိုအခန်းထဲက ပြေးထွက်သွားလေပြီ။

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ဖေကြီးသည် မျက်လုံးကို စုံမှိတ်ထားလျှက် အသက်ကို အားတင်းလျက် ရှူနေသည်။ ဆရာဝန်ကို ပြေးခေါ်တော့ အသက်ကယ်ဆေးတစ်လုံး ထိုးပေးသည်။ သို့သော် သိပ်မကြာခင်မှာ...

ဖေကြီးခုတင်ကို screen အစိမ်းနဲ့ကာလိုက်ပြီးနောက် အီးစီဂျီဆွဲသူ၊ အောက်စီဂျင်ပေးသူ စသဖြင့် အလုပ်ရှုပ်နေကြသည်။ ဒါလူ့ဘဝတစ်ခုရဲ့ နောက်ဆုံးအချိန်ပဲ။

ဖေကြီးသည် ရောဂါဝေဒနာကို မချိမဆန့် ခံရသော်လည်း ငြိမ်သက်စွာဖြင့် မနက်ဆယ့်တစ်နာရီခွဲမှာ ဆုံးသွားလေသည်။

ရင်ထဲက တစ်စုံတစ်ခု ထုတ်ပေးလိုက်ရသလို ကျွန်တော်ခံစားရပါသည်။ မေကြီးက ငိုရင်းတက်သွားသဖြင့် အရေးပေါ်ခန်းထဲပို့ရသေးသည်။ နိုင်ဦးနဲ့ခေမာ ရှိနေသောကြောင့်သာ ဖေကြီးအလောင်း





မြေကျဖို့ကိစ္စ အဆင်ပြေသွားသည်။ အသုဘရက်လည်မှာ မေကြီးကိုကားပေါ်ကနေ အောက်မဆင်းစေဘဲ အောက်စီဂျင်ပေးထားရလေသည်။

ကျွန်တော်ကတော့ မငိုအားတော့ပါ။ တစ်ယောက်ထဲနဲ့ အများကြီး ရင်ဆိုင်ရဦးမည်လေ။ ဖေကြီးရက်လည်မှာတော့ မိုးချိုရောက်လာသည်။ မေကြီးက

"နင့်မျက်နှာ ငါ မတွေ့ချင်ဘူး"

"ကျွန်မ အဒေါ်နဲ့ လာတွေ့တာ မဟုတ်ဘူး"

"နင်...နင်လေ..."

"မိုးချို...ခင်ဗျားဆီ ကျွန်တော် သန်ဘက်ခါ လာပါ့မယ်၊ အခု ပြန်ပါ"

ကိုခက မိုးချိုကို မကြည့်ဘဲပြောသည်။ မိုးချိုသည် ဝိုင်းကြည့်နေကြသော မျက်စိတွေအလယ်မှာမို့ သိပ်ရှက်သွားရသည်။ ထို့ကြောင့် အိတ်ထဲကဘောင်ချာတွေထုတ်ကာ ကိုခလက်ထဲ ထည့်လိုက်သည်။

"နင်လာရင် အဲဒါတွေပါ ရှင်းဖို့ မမေ့နဲ့ဦး"

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မိုးချို လုံးဝမစဉ်းစားခဲ့မိသော အရာတစ်ခု ရှိသည်။ အဲဒါ အရှုံးနှစ်ခုကို ပူးတွဲခံစားရခြင်း ပြဿနာ ဖြစ်သည်။ ထိုခံစားချက်ကိုသိပါက မိုးချိုသည် ကိုခအား ထိုဘောင်ချာများ ပေးခဲ့မှာမဟုတ်နိုင်ဖို့ဟာ အဲဒီလောက်ထိ အရေးမပါမှန်း မိုးချို သိပါ သည်။

ကိုကိုက မိုးချိုဆီ ဖုန်းဆက်သောအခါတွင်မူ ပိုအံ့သြရလေ သည်။

"မိုးချို…ကိုကို ကြားတယ်၊ အဲဒီလို ဘာလို့လုပ်ရတာလဲ မိုးချို..ဟင်"

ကိုကို မေးသောအခါ မိုးချို မဖြေနိုင်ပေ။

ကိုကို့ရှေ့မှာ မိုးချို အမြဲခေါင်းငုံ့နေခဲ့ရတာပဲလေ။

ခုလဲ ကိုခနဲ့ပတ်သက်ပြီး မိုးချိုကို ကိုကိုပြောတော့မှာသိသည်။





"ဖြေလေ"

"မဖြေဘူး",

အပြင်လူတွေကတော့ မိုးချိုဘက်ကပဲ အမှန်ထင်ကြမှာ… ဒါပေမဲ့ ကိုကိုသိတယ်၊ မိုးချိုစိတ်ကို ကိုကိုသိတယ်…မိုးချိုဟာ လူတစ်ယောက်ကို အပြစ်ပေးချင်ရင် ကိုယ့်ကိုကိုယ် အနာကျင်ခံပြီးမှ ပေးတဲ့မိန်းမမျိုး…ကိုကို့ကိုလဲ ဒီလိုလုပ်ခဲ့တာပဲ၊ အခု နောက်တစ် ယောက်ကို ထပ်လုပ်ပြန်ပြီ"

"ကျွန်မဆီ ဒါတွေပြောဖို့လာတာဆိုရင် ပြန်တော့"

ဇင်ဝေသည် မချင့်မရဲဖြစ်လာကာ မိုးချို ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်တော့ ဆတ်ခနဲရုန်းသည်။

"ကိုယ့်ကို ညာလို့မရဘူး မိုးချို…ကောင်လေးက အဖေ ဆုံးသွားပြီတဲ့"

"ခေမာ ပြောပြတာလား"

ထိုအသံသည် ခြောက်ကပ်နေလိမ့်မည်ထင်၏။

ရယ်စရာကောင်းလိုက်တာ။ မိုးချိုရဲ့အသံဟာ ဘာကြောင့် ခါတိုင်းလိုမဖြစ်နေတာလဲ။ လိပ်ပြာမသန့်မှုကြောင့်လား။

"ဟုတ်တယ်"

"ဒါဆို…ခေမာပြောပြတာနဲ့တင်လုံလောက်တာပဲဥစ္စာ… ကျွန်မကို လာမေးစရာမလိုဘူး"

"မိုးချို…အဲသလိုလုပ်လိုက်တော့ရော ပျော်လားဟင်…



www.burmeseclassic.com

www.burmeseclassic.com



အခု မိုးချိုကြောင့် အဲဒီကောင်လေး သိက္ခာကို မရှိတော့ဘူး၊ ယောကျ်ား တစ်ယောက်အတွက် ဂုဏ်သိက္ခာဆိုတာ နံပါတ်တစ်ပဲ၊ မိုးချိုတို့မိန်းမ တွေထက် ကိုယ်တို့ယောကျ်ားတွေမှာ လုပ်ငန်းခွင် ဂုဏ်သိက္ခာပိုကြီး တယ်"

"အခု...ဘာမှလုပ်လို့မရတော့ဘူး"

"ဟုတ်တယ်...အဲဒါ အခုဘာပြောတာပဲ၊ မိုးချို နောက်ထပ် သူ့ကို ဘာမှထပ်မလုပ်ပါနဲ့"

"ကိုဇင်ဝေနဲ့ ဘာဆိုင်လို့လဲ"

"ဘာဆိုင်လို့လဲ...ဟုတ်လား၊ အင်း...ဘာမှတော့မဆိုင် ပါဘူး မိုးချို...ဒါပေမဲ့ ကိုယ်က ပထမဆုံး မင်းပေးတဲ့ အပြစ်ဒဏ် ကို ခံရတဲ့သူပဲ...ကိုယ်လုပ်တဲ့အပြစ်နဲ့ ကိုယ်ရတဲ့အပြစ်ဒဏ် မညီမျှ တာ မင်းက အပြစ်ပေးတဲ့လူပဲ...ဘယ်စဉ်းစားမလဲ...ခံရတဲ့သူကပဲ သိတာပေါ့...ကိုယ်ဆို ခုချိန်ထိ နာလံမထူနိုင်ဘူး"

"အဲဒါ ကိုဇင်ဝေကိုယ်တိုင် ရွေးခဲ့တဲ့လမ်းပဲ"

"အေး...ဟုတ်တယ်၊ အဲဒီလမ်းကြောင့် ကိုယ့်ဘဝဆုံးတော့ မှာသိလား မိုးချို"

ဇင်ဝေသည် သူ့လက်နှစ်ဖက်ကိုဆုပ်ကာ မိုးချိုရှေ့မှာ ထောင် ပြလိုက်သည်။ ညိုမဲ့ကာ ဗရပွဖြစ်နေသောဒဏ်ရာတွေ။

" Masochism နဲ့ Sadism ဆိုတာ ကြားဖူးသလား မိုးချို"





မိုးချိုသည် ထိုစကားလုံးနှစ်လုံးကို ကောင်းကောင်းသိတာ ပေါ့။ နာကျင်မှုကိုကြိုက်ပြီး သူများကို နာကျင်အောင်လုပ်ရတာကို သဘောကျသော ကိုယ်တိုင်လဲ အနာကျင်ခံချင်သော စိတ်ဝေဒနာများ။

"အဲဒီနှစ်ခုလုံး ရှိနေတဲ့လူတစ်ယောက်ဟာ မယုံနိုင်လောက် အောင် မင်းနဲ့အတွေ့မှာ ပြောင်းလဲခဲ့တယ်"

"ရှင်"

"ဒါပေမဲ့ ကိုယ့်အမှားကို မင်း တစ်ချက်မသုံးသပ်ဘူး၊ ဒီနှစ်တွေမှာ မင်းကိုယ်မင်း ဒုက္ခပေးသလို ကိုယ်လဲ ဒုက္ခရောက်ရ တယ်၊ ကိုယ့်အမျိုးသမီးဟာ လက်ထပ်ထားရုံနာမည်ကလွဲလို့ ကိုယ့် ဒုက္ခတွေ ခါးစီးခံရတာပဲ အဖတ်တင်တယ်၊ ကိုယ့်ကို မင်း ကျိန်ဆို ခဲ့သလိုပဲ...ကိုယ် မင်း ကျိန်စာကို ပြည့်ပြည့်ဝဝ ခံစားရတယ်၊ အဲဒီအတွက် ကိုယ့်စိတ်ဟာ ပိုဆိုးလာတယ်၊ ဒါကို အရက်နဲ့ဖျောက် တယ်၊ ကိုယ် လူမိုက်ကြီးဖြစ်နေပြီ မိုးချို...ဒါပေမဲ့ ကိုယ်ကျေနပ် တယ်၊ ဘာလို့လဲဆို မင်းကိုချစ်တာကိုး၊ မင်းအပေါ်မှာ တင်ခဲ့တဲ့ အကြွေးကို ကိုယ် ဆပ်နေရတာကိုက ကျေနပ်နေတယ်၊ အခု ကိုယ့်လို လူတစ်ယောက်ကို မင်း ဒုက္ခပေးပြန်ပြီ...ဒီတစ်ခါ မင်း အောင်မြင် မယ်ထင်သလား၊ ဒလိမ့်ခေါက်ကွေး ဒုက္ခရောက်သွားလိမ့်မယ် မိုးချို၊ မင်းအပေါ်ကို မချစ်တဲ့လူနဲ့ ချစ်တဲ့လူ တုံ့ပြန်မှုနှစ်ခု ဘယ်တော့မှ မတူနိုင်ဘူး"

"ကျွန်မကို ဒါတွေပြောပြရုံနဲ့ ပျော့ပျောင်းသွားလိမ့်မယ်ထင်



www.burmeseclassic.com

www.burmeseclassic.com



သလား ကိုဇင်ဝေ၊ ဘယ်သူပဲဖြစ်ဖြစ် ကိုယ်မှားရင် ကိုယ့်တာဝန်ပဲ၊ ဘယ်သူမှ ဝင်အစားခံလို့မရဘူး"

"မိုးချို…ဘာလို့ ဒီပုံစံဖြစ်သွားတာလဲဟင်…မင်း သိပ်ပြောင်းလဲသွားခဲ့ပြီ"

"ဘာလို့လဲဆိုတော့ ကျွန်မကို လူတစ်ယောက်က သစ္စာမဲ့ခဲ့လို့ပေါ့"

ဇင်ဝေ ခေါင်းငိုက်စိုက်ကျသွားလေသည်။ ဒီအမှားကို ဒီတစ်သက် ပြန်လည်ပြင်ဆင်ခွင့်မရှိတော့။ မိုးချို-နာမည်နဲ့လိုက်အောင် ထစ်ချုန်းရွာတတ်တဲ့မိန်းမပဲ။ အညိုးတကြီးနဲ့။ ပြီးတော့ အခုပိုပြီး မြတ်နိုးဖို့ကောင်းနေလေသည်။

◆◆◆





ကျွန်တော်ရှေ့ရှိ စာရွက်ကလေးသည် အားလုံး အစိမ်းရောင်တွေချည်းဖြစ်သည်။ အားလုံးပေါင်း ဆယ့်ငါးစောင်တိတိ။ စာရွက်တွေပေါ်မှာ ရေးထားသောနေ့စွဲတွေ၊ ပစ္စည်းတွေနဲ့ တန်ဖိုးငွေတွေသည် ကျွန်တော့်ယောက်ျားဂုဏ်သိက္ခာကို တစ်စစီ ခွဲခြမ်းမွလျက် ဟားတိုက်လှောင်ရယ်နေသကဲ့သို့ရှိသည်။

မိုးချို…မင်းကို ငါချစ်တယ်လို့ ဘာကြောင့်ပြောခဲ့မိပါလိမ့်။

"ကိုမင်းခလား"

ဖုန်းထဲမှာ စီးမျောလာသောအသံသည် ချိုသာနေသည်။ မိုးချိုကတော့ နာမည်နဲ့မလိုက်အောင် ခါးသက်သောမိန်းမဖြစ်သည်။ ခမောကို ကျွန်တော် စကားမဆိုဘဲ နားထောင်နေလိုက်သည်။ ဆက်ပြင်းချသံသဲ့သဲ့ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခေမာ သိပါတယ်…ကိုမင်းခ…ဖုန်းကိုင်ထားတယ်မို့လား"

"………"

"ခေမာ ကိုမင်းခကို တွေ့ချင်တယ်၊ ဘယ်လာခဲ့ရမလဲ၊ Blue Cafe မှာပဲ တွေ့ကြမလား"

"ဘာကိစ္စရှိလို့လဲ ခေမာ"

"တွေ့ရင်သိမှာပေါ့"

"ကောင်းပြီလေ"

"ဒါဆို နောက်တစ်နာရီမှာ အဲဒီမှာဆုံကြမယ်"

◆◆◆





ခေမာသည် ငွေရှစ်သိန်းကို သေချာကျနစွာထုပ်ပိုးပြီး ခဏ ထိုင်စဉ်းစားနေသေးသည်။ ပေးလို့ကောင်းပါ့မလား။

ဘာပဲဖြစ်ဖြစ် သူက အထိနာထားတာ။ တော်ကြာ ခေမာ့ကိုပါ မိုးချိုလိုထင်သွားရင် ခေမာကတော့ ယောကျ်ားတစ်ယောက် အထင် သေးစိုးရိမ်တာကို မခံနိုင်ပါ။

ဘယ်သူ့ကိုမှလည်း အနိုင်မလိုချင်။ ထို့အတူ အရှုံးလည်း မပေးချင်ပါ။

"တို့ကို သစ္စာမဲ့ပြီး သူ မင်းနဲ့တွဲတာကို တို့ ထိုင်စောင့် မကြည့်နိုင်ဘူး"

"သူချစ်တာ ဘယ်သူလဲလို့ ပြောပြရဦးမလား"

"သူတို့ကို သနားတာ…သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



မိုးချိုရဲ့ အက်ကွဲကွဲအသံတွေကလည်း စဉ်းစားစရာ။

ခေမာသည် မိုးချိုရဲ့လက်နက်ကို ဘေးကကြည့်ရင်း ကြောက်ရွံ့သည်။ လူတစ်ယောက်ကို ဒလိမ့်ခေါက်ကွေးကျဆုံးအောင်လုပ်တဲ့နေရာမှာတော့ မိုးချိုလောက် ပြောင်မြောက်တဲ့ မိန်းမမရှိတော့။

ခေမာ ဆိုင်ထဲကိုဝင်သွားချိန်မှာ ကိုမင်းခ ရောက်နေပြီ။ မျက်နှာမှာ ညှိုးနွမ်းရိပ်ရှိသော်လည်း သန့်စင်နေသည်။

ပြီးတော့ ခေမာ့ကို ပြုံးပြကာ နေရာမှထသည်။

"ရတယ်...စောင့်နေရတာ ကြာပြီလား"

"ခဏပါ"

ခေမာက ကျွန်တော့်ရှေ့ကို ကြွပ်ကြွပ်အိတ်တစ်ထုပ် တိုးပေးသည်။

"ဒါ ဘာတွေလဲ ခေမာ"

"လက်ဆောင်လေ...ပြီးခဲ့တဲ့အပတ်က ဧည့်သည်တစ်ယောက်နဲ့ မှာလိုက်တာ"

"ဘာပစ္စည်းလဲ"

"အိမ်ရောက်မှဖွင့်ကြည့်"

"သြော်...အားနာစရာ၊ ဒါနဲ့ ခေမာသွားဖို့ကိစ္စတွေ အဆင်ပြေရဲ့လား"

"ပြေတယ်...ကိုမင်းခ၊ အလုပ်သစ်ထပ်မလျှောက်ဘူးလား"





"လျှောက်မယ်...အဆက်အသွယ်တော့ရပြီးပြီ"

"ဟုတ်လား"

"ကျွန်တော်နဲ့ခင်တဲ့မိတ်ဆွေတစ်ယောက်က သူ့ကိုယ်ပိုင်ကားတွေ ငှားတယ်လေ၊ အဲဒါ တစ်စီးယူပြီး အော်ဒါခရီးသည်တွေဆွဲမလို့"

"ခရီးတော့ထွက်နေရမှာပဲ"

"ဟုတ်ကဲ့...မောင်းမကန်တို့ဘက်ရောက်မယ်"

"ကောင်းတာပေါ့"

"ခေမာ"

"ရှင်"

"ကျွန်တော့်ကို အထင်မသေးဘူးလား"

"..........."

"မိန်းမတစ်ယောက်နားခိုကပ်စားပြီး စိတ်ဓာတ်ယုတ်ညံ့တဲ့လူလို့လေ"

"အို...မဟုတ်တာ"

"ဟုတ်တယ်...အပြင်ကကြည့်ရင် ကျွန်တော့်ကို Calm Down လို့ မြင်ကြမှာပဲ၊ ဒါပေမဲ့ စိတ်ထဲမှာ D ဝင်သွားတယ်၊ ပတ်ဝန်းကျင်မှာ ခေါင်းတောင်မဖော်ရဲဘူး၊ သူကို မထင်ထားခဲ့ဘူး ခေမာ၊ သူ အဲဒီလောက်ထိ ရက်စက်လိမ့်မယ်မထင်ထားဘူး၊ အခု သိပ်ရှက်ဖို့ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း…သူက နားလည်ရခက်တယ်"

"မခက်ပါဘူး၊ သူက ကောက်ကျစ်တာ၊ ယုတ်မာတာ… ကျွန်တော့်ကို တခြားအချိန်မှာ သူ အလဲထိုးလို့ရတယ်၊ ဒါပေမဲ့ ဖေကြီး…ဒီလိုဖြစ်မှဆိုတော့"

"ကျွန်မ နားလည်ပါတယ်"

"ကျေးဇူးတင်တယ် ခေမာ…အခု ကျွန်တော့်ကို အမေက တောင် မယုံဘူး"

"တစ်နေ့ အဆင်ပြေသွားမှာပါ"

"ကျွန်တော် ခင်ဗျားကို ကျေးဇူးတင်တယ်"

"ကျွန်မ အကူအညီလိုရင် ကိုမင်းခနားမှာ ရှိနေပါ"

"အမြဲတမ်းမဟုတ်ဘူးလေ ခေမာ"

"သိပ်မကြာခင်မှာ ခင်ဗျား ကျွန်တော့်ကို ခွဲသွားတော့မှာ"

သူ့စကားကြောင့် ခေမာ ငိုချင်လာသည်။

သူဟာ ခေမာ့ကို အမြဲတွေဝေစေတတ်ခဲ့တဲ့သူပဲ။

ပြီးတော့ သူက ခေမာ့ကို အရင်ဖွင့်ပြောခဲ့တာ။

ခေမာ တိုက်တွန်းချက်ကြောင့်မဟုတ်ရင် သူ မိုးချိုကို ချစ်မှာ မဟုတ်။ အဲဒီဆို ဒီလိုကြုံရမှာမဟုတ်။

"ခေမာ…မသွားလို့မဖြစ်ဘူးလားဟင်"

"ကျွန်မ…"

"ကျွန်တော် ခေမာ့ကို မြတ်နိုးတယ်၊ လေးစားတယ်၊ ခေမာ





သာ ကျွန်တော့်အနားမှာရှိရင် အားလုံးအဆင်ပြေသွားမှာပါ"

"………"

"စိတ်ဆိုးသွားလား ခေမာ"

"………"

"ကျွန်တော် အခုတော့ မတွေဝေတော့ပါဘူး"

"ကျွန်မ ပြန်တော့မယ်"

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်တော့ ခေမာ ခေါင်းအုံးနှင့်မျက်နှာအပ်ကာ ငိုမိသည်။

"မသွားလို့ မဖြစ်ဘူးလား" တဲ့။

ခေမာ အင်္ဂလိပ်နဲ့ ဂျာမန်စကား သင်ထားခဲ့တာ အလကား မဟုတ်။ ပြီးတော့ ခေမာက တိုးတက်ပေါက်ရောက်လိုသည်။ မိုးချို လို အရှိန်ပြင်းပြင်းနဲ့မဟုတ်ဘဲ ရေစီးလိုတရွေ့ရွေ့သွားတဲ့မိန်းမမျိုး။

အခု သူက ဖွင့်ပြောလိုက်ချေပြီ။ ခေမာသာ သူ့အနားရှိရင်··။

ခေမာ ဘာလုပ်ရမလဲ။ ခေမာ့ရဲ့ တက်ကြွပျော်ရွှင်မှုတွေကို သူနဲ့အတူ ထားခဲ့ရမှာပဲ။

◆◆◆





စက္ကူဘူးထဲမှ ငွေအထပ်လိုက်ကို မြင်သောအခါ ကျွန်တော့် လက်တွေ တုန်လာသည်။ စော်ကားခံရပြန်ပြီ။ ထို့ကြောင့် ဒေါသ ထွက်သည်။

ခေမာ့ဆီ ဖုန်းဆက်တော့ ငိုသံနဲ့ထူးတာမို့ ဒေါသပြေသွား ပြန်သည်။

"ပိုက်ဆံတွေတွေ့လို့ ဆက်တာမဟုတ်လား ကိုမင်းခ"

"ခေမာ သိနေတာပဲ"

"ကျွန်မကို လာပြန်ပေးမှာပဲမဟုတ်လား"

"အဲဒါသိရက်နဲ့..."

"ကျွန်မ မကူညီဘဲ မနေနိုင်ဘူးလေ"

"ဒါပေမဲ့ ကျွန်တော် နောက်တစ်ကြိမ် မကြုံချင်တော့ဘူး ခေမာ"

"ကျွန်မက ကိုမင်းခကို ဘယ်တော့မှ နာကျင်အောင် မလုပ် ပါဘူးရှင်"

"ကျွန်တော် ဘယ်ကိုလာပို့ပေးရမလဲ"

"ရပါတယ်...ကျွန်မပဲ လာယူလိုက်ပါ့မယ်"

◆◆◆



www.burmeseclassic.com

www.burmeseclassic.com



မိုးချိုကိုပေးရန် ပိုက်ဆံအား ဖေကြီးရဲ့ပင်စင်စာအုပ်ရောင်းပြီး ပေးရန် ဆုံးဖြတ်လိုက်သည်။ မိုးချိုရှေ့သို့ ပိုက်ဆံထုပ်တင်လိုက်စဉ် ရင်ထဲမှာ တင်းကျပ်မှု လျော့သွားသည်။

"ဒီထဲမှာ ငွေရှစ်သိန်း"

မိုးချိုသည် ငွေကိုမလိုချင်တော့ပေ။

ကိုခရဲ့ လေးစားမှုကိုသာ ပြန်လိုချင်နေသည်။

"ကိုခ"

"ကျွန်တော့်ကို အဲသလိုမခေါ်ပါနဲ့"

"ကိုယ် တောင်းပန်ပါတယ်"

"ဘာကိုတောင်းပန်တာလဲ မိုးချို…ငွေတွေအတွက်လား ကျွန်တော့်ဂုဏ်သိက္ခာအတွက်လား၊ ဒါဆိုရင်တော့ ကျွန်တော့်သိက္ခာတွေ တန်ဖိုးပြန်တက်လာတော့မှာပဲ"





"မရွဲ့ပါနဲ့…ကိုခရယ်၊ ကိုယ်…မင်း အဖေအခြေအနေ…"

"ဆက်မပြောပါနဲ့"

မိုးချို နှုတ်ခမ်းကိုလက်နဲ့ကာထားကာ ဆက်မပြောရဲတော့ပေ။

"ကျွန်တော့်အဖေနဲ့ပတ်သက်ပြီး ခင်ဗျား မသိတာကောင်းပါတယ်၊ သိရင် ခင်ဗျား သေခါနီးလူကိုတောင် ဒုက္ခပေးချင်ပေးဦးမှာ"

"ကိုခ"

"မခေါ်နဲ့…မိုးချို…ခင်ဗျားကို ပြောစရာစကားကုန်ပြီ၊ ဒါပေမဲ့ ခုပဲပြောလိုက်မယ်၊ ကျွန်တော်က ယောကျ်ားလေးနော်၊ ကျွန်တော်သာ ခင်ဗျားလို သတင်းလျှောက်လွှင့်ရင် ခင်ဗျား ဘာဖြစ်သွားမလဲ စဉ်းစားပါ၊ ကျွန်တော် မလုပ်ဘူး၊ ကျွန်တော့်မိဘက သူများအပေါ်မှာ ယုတ်မာဖို့ ဘယ်တုန်းကမှ မသင်ပေးခဲ့ဘူး၊ ဘယ်တုန်းကမှ သူများကို တံတွေးခက်ထဲ ပက်လက်မျောအောင် မကြံစည်နိုင်းခဲ့ဘူး၊ ခတည့်ရင် ငါ့အိုးပုတ်ပြန်ပေးဆိုတဲ့ စိတ်ဓာတ်က အင်မတန်ကလေးဆန်ပါတယ်…ခင်ဗျား ဖျက်ဆီးပစ်လိုက်တဲ့အထဲမှာ ကျွန်တော့်ဂုဏ်သိက္ခာကိုတော့ နှမြောဆုံးပဲဗျ။ ခင်ဗျားလို့မိန်းမနဲ့ ပတ်သက်မိတဲ့လူတိုင်းဟာ ဒီလိုခံစားရမှာပဲ၊ ကိုယ်ချင်းစာစိတ်မှ မရှိဘဲကိုး"

"မဟုတ်ဘူး၊ ကိုယ် သိပ်မှားသွားတာ၊ ကိုယ် မနေ့ကမှ



www.burmeseclassic.com

www.burmeseclassic.com



သိတယ်၊ ကိုယ်တို့အားလုံး ပြည်ဖုံးကားချလိုက်ရအောင်၊ ကိုယ့်ကို မင်း မမုန်းနိုင်ပါဘူးနော်"

"ရှိတာ..ကျွန်တော် ခင်ဗျားကိုရှိတာ"

ထိုစကားကိုပြောပြီးနောက် ကျွန်တော့်တာဝန် ကုန်သွားလေပြီ။

♦♦♦





ကျွန်တော့်ဆီ ဖုန်းအကြိမ်ကြိမ် ထပ်ဆက်၍ တောင်းပန်သည်။ သို့သော် စိတ်မဝင်စားတော့။ ကျွန်တော် စိတ်ဝင်စားတာ တစ်ယောက်။

နောက်နှစ်ရက်အကြာတွင် ခေမာ ကျွန်တော့်ဆီ ရောက်လာခဲ့သည်။

"လာနှုတ်ဆက်တာလား ခေမာ"

"ကျွန်တော့်ကို ပြုံးပြပြီး ခေါင်းညိတ်ပြသည်။

"ကျွန်မ စဉ်းစားတယ်၊ လူ့ဘဝမှာ တစ်ခါတလေ ရွေးချယ်ရခက်ခဲတာတွေ ရှိလာတဲ့အခါ ကျွန်မတို့ နံပါတ်တစ် ဦးစားပေးသင့်တာ...စိတ်ပဲ...မိုးချို ဒါကို တစ်နေ့နားလည်လိမ့်မယ်"

"ခေမာ"

"ကိုမင်းခ...ကျွန်မ မသွားတော့ဘူး"

"ဗျာ"

"ရှင့်နားမှာပဲ နေတော့မယ်"

♦♦♦



www.burmeseclassic.com

www.burmeseclassic.com



မိုးချိုကိုပဲ ဆရာ စွဲလမ်းနေသမျှ ဆရာ့အခြေအနေဟာ ကျွန်မ ကြောင့် ပိုဆိုးတော့မှာ…ကျွန်မ လက်မှတ်ထိုးထားတဲ့ ကွာရှင်းစာချုပ် ထားခဲ့တယ်"

ဇင်ဝေသည် အနှောင်အဖွဲ့မှ လွတ်ကင်းသွားသည့်အတွက် ပျော်ရွှင်နေလေသည်။

◆◆◆

ရွှေထီးမိုးတာပေ



ခြောက်လမျှကြာပြီးသည့် အတောအတွင်း မိုးချိုသည် မိဘ များ သဘောတူသော လူတစ်ယောက်အား လက်ထပ်ရန် ပြင်ဆင် ရလေသည်။ မယူချင်ဘူးဆိုလဲ မရတော့။

သတို့သမီး အလှပြင်ခန်းထဲမှာ မိုးချိုသည် အသက်မပါတဲ့ လူလို ဖြစ်နေရာမှ မိုးချို ဟူသော ခေါ်သံကြောင့် နောက်လှည့်ကြည့် မိသည်။

"ကိုကို"

ကိုကိုသည် မိုးချိုကို နှမြောတသစွာကြည့်နေရင်း…

"ဒါလာပေးတာ"

ဟု ဗူးအနီလေးကိုလှမ်းပေးသည်။ အထဲမှာ ဟသ်ာပုံထွင်း ထားသော ရွှေလက်ကောက်နှစ်ကွင်း။

"မင်း တကယ်လက်ထပ်တော့မှာပေါ့"

ရွှေထီးမိုးတာပေ

www.burmeseclassic.com